
www.burmeseclassic.com



www.burmeseclassic.com

# နီကိုရဲ

# မုန့်လုံးရေပေါ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

'မုန့်လုံးရေပေါ်ပဲ မေမေရာ... '

'အိမ်တက်နဲ့ ရောလုပ်မှာဆိုတော့ ဆွမ်းပဲကျွေးမယ်သား'

'မရဘူး မုန့်လုံးရေပေါ်ပဲ... '

'ဆွမ်းကျွေးပဲ'

'သားက မုန့်လုံးရေပေါ်ပဲ'

ဧည့်ခန်းထဲမှာ အမေနှင့် သား ဘေးချင်းကပ်ထိုင်ရင်း သင်္ကြန်တွင်း အလှူလုပ်ရေး စစ်ပွဲအသေးစားကလေးကို ဦးမြတ်ဇင် ကြည်နူးစွာ ကြည့်နေမိသည်။ အမေလုပ်သူကလည်း 'ဇွတ်' သမား၊ သူလုပ်ချင်တာကို လုပ်လိုက်ရမှ ကျေနပ်သူ။ ထိုအမေနှင့် ဗီဇတူသော တစ်ဦးတည်းသောသား ကျော်ဇင်ဆိုသည့် ငတိကလည်း သူ့အမေလိုပင် သူလုပ်ချင်တာကို အလျှော့မပေးတတ်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေတို့ ဒီအိမ်ကို ပြောင်းလာတာ လေးနှစ်တောင်ရှိနေပြီ သား၊ အမေ့ကျန်းမာရေးက မကောင်းလိုက်၊ မင်းအဖေက နယ်ကိုထွက်လိုက်ရနဲ့ မလုပ်ရတာ။ ဗုဒ္ဓဘာသာလူမျိုးဆိုတာ အိုးအိမ်ပြောင်းရင် အိမ်တက်ဆိုတာ လုပ်ကိုလုပ်ရမှာ သားရဲ့...'

'ဆွမ်းမကျွေးရဘူးလို့ မေမေ့ကို သားက ပြောနေတာမှ မဟုတ်တာ၊ သားရဲ့ မုန့်လုံးရေပေါ်ကိုပဲ ကျွေးပါလို့ ပြောနေတာ...'

သားအမိနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မကြည့်ကြတော့ဘဲ ပြောနေကြသည့် အချိန်မျိုးကို ရောက်နေပြီမို့ ဦးမြတ်ဇင်က ဝင်ပြီး ညှိနှိုင်းပေးမှ တော်တော့မည်ဟု ဦးမြတ်ဇင် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးလိုက်၏။

'ကဲ... အခုဖြစ်ကြတဲ့ ကိစ္စက မေကြီးရော၊ သားကြီးရော မှန်နေတယ်။ နှစ်ဘက်စလုံးက ကိုယ့်ကောက်ချက်နဲ့ကိုယ် မှန်နေတော့ အလျှော့ပေးလို့ မရဘူး ဖြစ်နေတာပေါ့။ ဒီတော့ ဖေဖေတို့ မှုပြီးစဉ်းစားကြရအောင်လား'

ဇနီးဖြစ်သူရော သားဖြစ်သူကပါ သူ့စကားကို စိတ်ဝင်စားမှန်းသိတော့မှ ဦးမြတ်ဇင် စကားကိုဆက်သည်။

'တစ်နှစ်တစ်ကြိမ် အိမ်မှာ ဆွမ်းကလေးကျွေးလိုက်ရမှ စိတ်ကျေနပ်တတ်တဲ့ အမေကြီးကလည်း ဆွမ်းမကျွေးရတာ လေးနှစ်လောက်ရှိပြီဆိုတော့ ဆွမ်းကျွေးကိုကျွေးရမယ်။ ဒါမှ အိမ်နီးနားချင်းတွေရော၊ ရပ်ကွက်လူကြီးတွေရောနဲ့ ရင်းနှီးမှုရမှာ။ ဒါပေမယ့် သင်္ကြန်ရက်ကြီးထဲမှာ အိမ်တက်လုပ်တော့ ဆွမ်းကျွေးလာကြတဲ့သူတွေ ရေစိုကြီးတွေနဲ့ ဖြစ်မကုန်ဘူးလား...'

ဦးမြတ်ဇင်စကားကြောင့် ဒေါ်မြသင် တစ်ချက် 'တွေ'ခနဲ ဖြစ်သွားလေသည်။

'သားကလည်း ကိုယ်တစ်သက်လုံးနေသွားရမယ့် လမ်းထဲက သိထား





တဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ပိုရင်းနှီးအောင် တစ်ခုခု စုပေါင်းလုပ်သင့်တာ အမှန်ပဲ။ အလုပ်တစ်ခုကို အတူတူလုပ်ကြတော့မှ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိကြတာသားရဲ့။ ဒီတော့ သားက ဒီနှစ်သင်္ကြန်မှာ မုန့်လုံးရေပေါ်ကျွေး၊ နှစ်ဆန်းတစ်ရက်နေ့ကျတော့ အမေကြီးက အိမ်တက်ဆွမ်းကို ကျွေး ဟုတ်ပြီလား'

'ဖေဖေ သားက မုန့်လုံးရေပေါ်ကို ဒီမှာကျွေးမှာမဟုတ်ဘူး၊ သားတို့ ရေကစားမဏ္ဍပ်မှာကျွေးမှာ။ ဒါမှ လူတွေက ရှိန်မနေဘဲ လာရဲမှာ၊ အိမ်မှာဆို တစ်ချို့က ရှိန်ပြီး လာရဲမှာမဟုတ်လို့'

'အမလေး ကျေးဇူးတင်ပါတယ်တော်၊ အိမ်မှာကျွေးရင် ဝင်လုပ်နေရဦးမယ်။ ဒါပေမယ့် ပြောစရာတစ်ခုတော့ ရှိတယ်နော်၊ နှစ်ဆန်းတစ်ရက်နေ့ ကျွေးတဲ့ ဆွမ်းကျွေးကိုတော့ ကျွန်မခြေ ကျွန်မလက်နဲ့ပဲ ပြီးရမယ်'

'ကောင်းပါပြီဗျာ... ကောင်းပါပြီ၊ အဲဒီနေ့ဟာ ဒေါ်မြသင်ရဲ့ ခြေရာလက်ရာစစ်စစ်ကို ဖြစ်စေရပါ့မယ်'

'ဒါဆို သား မုန့်လုံးရေပေါ် ကျွေးခွင့်ရပြီနော်...'

'ဒါပေါ့ သားရဲ့...'

'OK ဖေဖေ၊ သား ဟိုကောင်တွေကို သွားအသိပေးလိုက်ဦးမယ်။ သူတို့သိရင် ဝမ်းသာမှာ၊ ပြီးတော့ မဏ္ဍပ်ဆောက်ဖို့ကိစ္စကိုလည်း တိုင်ပင်ရဦးမှာ'

'သွားလေ သားရဲ့၊ မဏ္ဍပ်က ဘယ်မှာဆောက်မှာလဲ!... ဖေဖေတို့ အိမ်ရှေ့မှာလား!...'

'မဟုတ်ဘူး ဖေဖေ၊ ၁ လမ်းထိပ်မှာပဲဆောက်မှာ၊ ဒါမှ တစ်လမ်းလုံးနဲ့ဆိုင်တဲ့ မဏ္ဍပ်ကြီးဖြစ်မှာပေါ့ ဖေဖေရ...'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီဗျာ... ကောင်းပါပြီ'

ဝမ်းသာအားရထွက်သွားသော သားကိုကြည့်ရင်း ဦးမြတ်ဇင် ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့၏။

'အမေကြီးရေ... တစ်ခုခုတော့ မှားနေပြီထင်တယ်ကွ'

ဦးမြတ်ဇင်ပြောသောစကားကို ဒေါ်မြသင်က ပြန်မဖြေပါ။ သူ ဦးမြဇင်အပေါ် စိတ်ကောက်မပြေသေး... ဆိုတာကို ပြချင်၊ ထင်ရှားစေချင်၍ဖြစ်ပါသည်။

'အရင်နှစ်သကြၤန်တွေတုန်းက အိမ်မှာ... မျက်စေ့အောက်မှာပဲနေဖို့ ဘယ်လိုပြောပြောမရတဲ့ကောင်က ဒီနှစ် အိမ်ကမခွာဘဲ မုန့်လုံးရေပေါ်ကျွေးမယ်ဆိုတော့ သိပ်မရိုးဘူးလို့ ထင်တယ်ကွာ'

'ဒါတော့ လူဆိုတာ အသက်တစ်နှစ်ကြီးသွားရင် အတွေးအခေါ်ပြောင်းသွားမယ်၊ ရင့်ကျက်သွားမယ် ဒါ သဘာဝပဲမဟုတ်လား၊ ရှင့်သားလည်း ဒီလိုပဲနေမှာပေါ့'

'မဟုတ်သေးဘူးကွ၊ ငါ့သားရဲ့ မုန့်လုံးရေပေါ်က ထူးကို ထူးခြားရမယ်လို့ ငါထင်တယ်ကွာ။ ဒီ... မုန့်လုံးရေပေါ်နောက်မှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိကိုရှိရမယ်...'

တက်တက်ကြွကြွကြီးကို အားရပါးရပြောနေသော ဦးမြတ်ဇင်ကို မျက်စောင်းထိုးရင်း...

'အင်း... သားကပဲထူးတာလား၊ အဖေကပဲ ရူးတာလားတော့ မသိဘူး၊ ဒါမှမဟုတ် ၂ ခုစလုံးပဲလားတော့လည်း မသိဘူး'

'အမေကြီးကလည်းကွာ မင်းအပျိုတုန်းက မုန့်လုံးရေပေါ်မဏ္ဍပ်မှာ ငါ ရေလာလောင်းတာ မှတ်မိသေးရဲ့လား'





'ဒီအသက်အရွယ်ရောက်မှ ယိုးဒယားပတ်ပျိုး ပြန်ပျိုးမနေနဲ့၊ ဒီကဒသဂီရိ ဗိန်းဘောင်းဝင်ချင်နေတာ သိရဲ့လား'

ဒေါ်မြသင်က ဒေါသနှင့် ခြေကိုဆောင့်ရင်း အိမ်ခန်းထဲဝင်သွားတော့မှ ဦးမြတ်ဇင် ပြုံးပြုံးကြီးလုပ်ရင်း စိတ်ထဲက ဒီမုန့်လုံးရေပေါ်သည် ထူးခြားကြောင်းကို စဉ်းစားနေသည်။

ဘာပဲဖြစ်ဖြစ် ထိုထူးခြားသော မုန့်လုံးရေပေါ်သည် သူ့သားကို သူ့မျက်စေ့အောက်မှာပဲ ရှိစေသည့်အတွက် ကျေးဇူးတင်ရပါသည်။

'မုန့်လုံးရေပေါ်... ဒါ... ထူးဆန်းတယ်...'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နွေရာသီ၏ နံနက် ၁၁ နာရီ နေမင်းသည် ပူပြင်းသွေ့ခြောက်နေသော သူ့လက်သည်းများကို ဆန့်ထုတ်ချိန်ဖြစ်သည်။ ကျော်ကျော်ဇင်တို့၏ ရပ်ကွက် လမ်းမကလေးမှာ ဆယ့်တစ်နာရီ နေမင်း၏အောက်တွင် တိတ်ဆိတ်ငြိမ်သက် လျှက် ရှိလေသည်။

သာယာညှင်းပြောင်းသော လေပြေညှင်းကလေးနှစ်ခု နွေရာသီလမ်းမ အလယ်တွင် အမှတ်တမဲ့ တွေ့ကြသောအခါ လေပွေငယ်လေးတစ်ခု ဖြစ် သွားပြီး သစ်ရွက်ခြောက်ကလေးများ ပလတ်စတစ်အစကလေးများနှင့် အခြားပေါ့ပါးသော အမှိုက်ကလေးများသည် ထိုလေပွေငယ်ကလေးများထဲ တွင် ဝဲလည်လှည့်ပတ်၍ နေသည်။

ကျော်ကျော်ဇင့် ရင်ထဲမှာလည်း ထိုလေပွေငယ်ကလေးတစ်ခု ရှိနေပြီး ထိုလေပွေငယ်ကလေးထဲမှာ ဝဲလည်၍နေသော အရာကတော့ အမှိုက်တွေ သစ်ရွက်ခြောက်တွေ မဟုတ်ဘဲ သူ့နှလုံးသားသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁ လမ်းထိပ်ကိုရောက်၍ ၂ လမ်းထိပ်က ကုက္ကိုပင်ကြီးအောက်ကို လှမ်းကြည့်လိုက်တော့ အေးဆွေ၊ လင်းဇော်နှင့် အောင်ဘတို့ ရောက်နေကြပြီ ဖြစ်လေသည်။ သူသည် ရင်ထဲက လေပွေကလေးထဲမှာ ဝဲလည်နေသည့် နှလုံးသားကို ပင့်မထားပြီး ဒီကောင်တွေရှိရာသို့ လာခဲ့ရသည်။

'အောင်ပြီကွ၊ အောင်ပြီ... အောင်ပြီ'

'အေးလေ... မင်းအောင်လို့ပဲ ဘွဲ့တွေဘာတွေရပြီး နိုင်ငံခြားသွားဖို့ တောင် လုပ်ထားတဲ့ဟာ'

'ဘာလဲ... မင်းကို ဟို company က လှမ်းခန့်လိုက်ပြီလား'

ဒီကောင်တွေရဲ့ စကားသံကြောင့် လေပွေထဲ မြောလွင့်နေသော သူ့နှလုံး သားသည် ဖုတ်ခနဲ မြေပေါ်ကိုကျလေသည်။

'မင်းတို့ကလည်းကွာ... ငါပျော်လာတဲ့ အပျော်ကလေးတောင်မှ ဘယ်ကိုရောက်သွားလဲ မသိဘူး။ အေးလေ... ဒါကလည်း မင်းတို့အပြစ် မဟုတ်ပါဘူး။ ငါကိုက မေသန့်စင်နဲ့ ကိစ္စကို အားလုံးမှ ဖွင့်ပြောမထားတာ ကိုး'

'ဟောကောင် ကိုဇင် မင်း မေ့ကိုကြိုက်နေတာ ငါတို့ဘော်ဒါတွေအကုန် သိပြီးသား၊ အပိုတွေလုပ်မနေနဲ့'

အောင်ဘက အမြဲစိတ်တိုနေကြမို့ စိတ်တိုသောလေနှင့် ဝင်၍ အော် သည်။

'အေး... ငါကကြိုက်နေတာပဲ မင်းတို့က သိတာကို၊ မေ့ကို ငါက ဘယ်လိုအချိန်၊ ဘယ်လိုနေရာမျိုးမှာ ဘာကိစ္စနဲ့ စတွေ့ခဲ့ရတယ်၊ ပြီးတော့ ဘာတွေဆက်ဖြစ်တယ်၊ သူနဲ့ ငါနဲ့အကြားမှာ ဘာကတိတွေရှိတယ်ဆိုတာ တွေကို မင်းတို့ ဂဃဏနမှ မသိကြသေးတာ'





ကိုဇင့်စကားဆုံးတော့ အေးဆွေက ဆရာကြီး style ဖြင့် ခေါင်းကို သုံးလေးချက်ညိတ်ပြီးမှ...

'အေး... အဲဒါတော့ ဟုတ်တယ်၊ ဒီတော့ မင်းနဲ့ မေ့ကိစ္စကို ငါတို့ အိမ်က ခွေးမကလေး ကားတိုက်ခံရတာလောက် စိတ်မဝင်စားပေမယ့် သိချင်စိတ်နဲ့ နားထောင်ပေးမယ်။ ဒါပေမယ့် မင်းပြီးရင် နားထောင်ခအဖြစ် ငါတို့ကို လက်ဖက်ရည်တိုက်ရလိမ့်မယ် ကိုဇင်...'

'အေး... သဘောတူတယ်ကွ... ငါ ဘွဲ့ရပြီး ဘာလုပ်ရမှန်းမသိတဲ့ နေရာကနေစပြီး ပြောပြမယ်။ ဒီလိုကွ ......................................................'

■



www.burmeseclassic.com

www.burmeseclassic.com



ကိုဇင် သူ့အခန်းထဲမှာ တီဗီဂိမ်းကစားနေတုန်း အိမ်ဖော်ကောင်မလေး က ဘဘ (ကိုဇင့်အဖေ ဦးမြတ်ဇင်) က ခေါ်နိုင်းလိုက်ကြောင်း လာပြောသဖြင့် နိုင်လုနီးပါးဂိမ်းကို ခဏရပ်ထားခဲ့ပြီး ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဧည့်ခန်းကိုရောက်တော့ ဖေဖေ့ကို အိမ်နေရင်းအဝတ်အစားနှင့်ပင် ပေါ့ပေါ့ပါးပါး တွေ့ရသည်။ ဖေဖေက ပြုံးပြပြီး ခေါင်းတချက်ညိတ်ပြ၏။ ဘာသဘောဆိုတာကိုတော့ ကိုဇင်လည်း နားမလည်ပါ။

'ဘယ်နှပွဲနိုင်ခဲ့ပြီလဲ သား'

'တစ်ပွဲမှ မနိုင်သေးဘူး ဖေဖေ၊ အခုမှ နိုင်မယ်လုပ်တုန်း ဖေဖေက ခေါ်တယ်ဆိုလို့ ခဏရပ်ထားခဲ့ရတယ်'

ဖေဖေက ခုနကအပြုံးထက် ပို၍လင်းလက်တောက်ပအောင် ပြုံးလိုက်သည်။

'ဂိမ်းကစားတဲ့အခါကျတော့ သူက မင်းကို ကြိုက်တဲ့နိုင်ငံရွေးခွင့် ပေးတယ်။ ထိုက်သင့်တဲ့ငွေကြေး ပေးထားတယ်၊ ပြီးတော့ အလုပ်သမားတွေ





ပေးထားမယ်။ မင်းမှာရှိတဲ့ ငွေကြေးနဲ့ သူလာတိုက်ခိုက်ရင် ခုခံကာကွယ်လို့ ရအောင် လက်နက်တွေဘာတွေ ဝယ်ရတယ်။ ဟုတ်တယ် မဟုတ်လား'

'ဟာ... ဖေဖေက ဂိမ်းကစားတတ်တယ် ဟုတ်လား'

'ဖေဖေတို့ရုံးက စာရေးလေးတစ်ယောက်ဆီက သင်ထားတာပါ။ သိယုံပေါ့၊ နေ့တိုင်းမကစားနိုင်တော့ ကျွမ်းကျွမ်းကျင်ကျင်တော့ မရှိပါဘူး။ ဒါပေမဲ့ အဲဒီ ဂိမ်းထွင်တဲ့လူကိုတော့ ဖေဖေ ချီးကျူးတယ်'

ဖေဖေ စကားပြောပုံက အလာပသလ္လာပ ပေါ့ပေါ့ပုံစံ မဟုတ်တော့ဘဲ လေးလေးနက်နက် ရှိလာသည်ကို သူ သတိထားမိသည်။

'ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကစားမယ့်သူကို စီမံခန့်ခွဲတတ်အောင် သင်ပေးတာမို့လို့ပဲသား။ ပြီးတော့ မင်းမှာရှိတဲ့ အလုပ်သမားတွေနဲ့ အလုပ်လုပ်ရမယ်၊ ဒါမှ ငွေရမယ်၊ ငွေရတော့မှ မင်းလိုချင်တာဝယ်ပြီး သူ့ကို တိုက်ခိုက်လို့ရမယ်ဆိုတဲ့ အသိကိုပေးတယ်။ သားစကစားတော့ ရှိတဲ့ငွေတွေနဲ့ ကိုယ်လုပ်ချင်တာတွေ အကုန်လျှောက်လုပ်တော့ ရှုံးတာပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'အေး... သားအခုကစားနေတာက T.V ထဲမှာ ထည့်ထားတဲ့ program Game နဲ့ ကစားနေတာ။ သား မင်းတကယ့်လက်တွေ့ လူတွေနဲ့ Game မကစားချင်ဘူးလား!...'

'ဗျာ... လက်ရှိလူတွေနဲ့ ဂိမ်းကစားရမယ်'

'ဟုတ်တယ်သား'

'ဖေဖေပြောတာ ကျွန်တော် နားမလည်ဘူး'

ဖေဖေက ပြုံးသည်။ ဒီတစ်ခါအပြုံးကတော့ အပိုင်ပြုံးကြီး ပြုံးခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'သား... အခုဆို ဘွဲ့ရပြီးတာ ၅ လကျော်ပြီ။ လူငယ်တစ်ယောက် အနေနဲ့ဆိုရင် အလတ်ဆတ်ဆုံးအချိန်၊ ခွန်အားအကောင်းဆုံးအချိန်၊ ဉာဏ်ရည် ဉာဏ်သွေး အဖွံ့ဖြိုးဆုံးအချိန်ပဲ၊ ဒီအချိန်မျိုးမှာ သားအဖြစ်သင့်ဆုံးက အလုပ် လုပ်ဖို့ပဲ'

'ဟာ... ဖေဖေကလည်း သားနားရတာ အခုမှ ၅ လလောက်ပဲ ရှိ သေးတဲ့ဟာကို'

'အသက်ကြီးလာတော့ မင်းဘဝမှာ နားရမယ့်အချိန်တွေ အများကြီးပါ သားရယ်... အခု သား ဖေဖေ့ company မှာ အလုပ်လုပ်ရမယ်'

စကားဝိုင်းသည် တိုင်ပင်မထားကြဘဲ ရုတ်တရက်ကြီး တိတ်၍သွား၏။

စတ္တုန့်တော်တော်များများ ရုတ်တရက် တိတ်ဆိတ်သွားခြင်းကို ဖေဖေ က ရှေ့ကခုံပေါ်တွင်ရှိသော ရေနွေးထည့်ထားသည့် ဓာတ်ဘူးကို ယူဖွင့်ပြီး ရေနွေးငှဲ့ထည့်ခြင်းဖြင့် ပြန်လည်အသက်ဝင်အောင် လုပ်လိုက်သည်။

'Company ရဲ့ ရှယ်ယာအများဆုံးပိုင်တဲ့ ပိုင်ရှင်တစ်ယောက်ရဲ့ သားဆိုပြီး သားကို တန်းပြီး လက်ထောက်မန်နေဂျာရာထူးမျိုး ပေးမယ်လို့ တော့ မထင်လိုက်နဲ့နော်။ သားကို ဖေဖေ စခန့်မယ့်နေရာက External Relation လို့ခေါ်တဲ့ ပြင်ပဆက်သွယ်ရေးတာဝန်ပဲ'

'အဲဒါက ဘာလုပ်ရမှာလဲ ဖေဖေ'

'မင်းတို့ကို အုပ်ချုပ်တဲ့ ADMIN OFFICER က ခိုင်းသမျှကို မင်း လုပ်ရမှာပဲသား'

'သူက သားကို အပြင်တွေချည်းပဲ ခိုင်းနေတော့မှာပေါ့၊ ဒီလိုလား'

'ဒါပေါ့... သူလိုအပ်ရင် ခိုင်းမှာပေါ့၊ သူ့လက်အောက်မှာ သားတစ်





ယောက်တည်းမှ မဟုတ်တာ၊ တခြား ဝန်ထမ်းတွေလည်း ရှိတာပဲလေ။ အဲဒီတော့ မနက်ဖြန်ကို သား အလုပ်စဆင်းဖို့အတွက် ယူနီဖောင်းရော၊ တံဆိပ်ရော ဖေဖေယူလာပြီးပြီ၊ သား တကယ့်လူတွေနဲ့ စစ်တိုက်ရတော့မှာ နော်'

'ဟုတ်ကဲ့ပါ ဖေဖေ'

'ပြီးတော့ သားတစ်ခုသိထားဖို့က Company တစ်ခုရဲ့ အောင်မြင် မှုဟာ Company ထဲမှာ သုံးပုံပုံရင် နှစ်ပုံပဲရှိပြီး ပြင်ပမှာ တစ်ပုံရှိတယ်ဆို တာပဲသား၊ ဒီတော့ သားရဲ့ အလုပ်ဟာလည်း သေးငယ်တဲ့၊ ဂုဏ်မရှိတဲ့ အလုပ်မျိုးမဟုတ်ဘူးဆိုတာ သားသိထားဖို့လိုတယ်သား'

'ဟုတ်ကဲ့ပါ ဖေဖေ'

'ဟော့ကောင်ကိုဇင် မင်းအလုပ်ရတဲ့ကိစ္စကို ငါတို့က သိသိကြီးနဲ့ ထိုင်ပြီး နားငြီးခံပြီး လက်ဖက်ရည်သောက်ရမှာလား'

စိတ်တိုနေကျ အောင်ဘက ဒေါသသံကလေးဆွတ်၍ ဝင်ပြောသည်။

'အေးလေ... သူ့အဖေက ပိုင်ရှင်၊ သူ့သားအလုပ်ရတာ ဆန်းသလား ကွာ'

အေးဆွေက လေပျော့ကလေးဖြင့် ဝင်ထောက်ခံသည်။ လင်းဇော်က တော့ ထုံးစံအတိုင်း တစ်စုံတရာမှတ်ချက်ကိုမျှ မပေး။

'ပြောမှာပေါ့ကွ၊ ဒီအချက်ကလေးတွေကို သေသေချာချာ သိထား တော့ မင်းတို့ ငါ့ကို အကြံပေးတဲ့အခါကျတော့ ပိုပြည့်စုံတာပေါ့၊ အဲဒါ ကြောင့်ပါကွာ။ ကဲ... ဒါဆို ကျန်တာတွေချန်ပြီး မေနဲ့ကိစ္စကိုပဲပြောတော့ မယ်။ အဲဒီနေ့က ငါ ဘဏ်မှာသွားပြီး ပိုက်ဆံထုတ်ရတယ်ကွာ၊ ထုတ်ရတဲ့ ပိုက်ဆံက ပမာဏများတော့ ငါ့ကို Company က ကားတစ်စင်းပါ ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ငါ ဘဏ်ထဲရောက်တော့ တကယ့်ကို လူရှုပ်နေတဲ့ အချိန်ကြီး ကွ၊ ဒါနဲ့ ငါလည်း စာအုပ်ထပ်ပြီး ခုံမှာထိုင်စောင့်ရင်း သူတို့ချပေးထားတဲ့ စီးပွားရေးဂျာနယ်တစ်စောင်ကို ဖတ်နေတုန်း.....'

ကိုဇင် သစ်လုပ်ငန်းအကြောင်းကို စိတ်မပါတပါ ဖတ်နေရင်းက တော်တော်လေး စိတ်ဝင်စားစရာအကြောင်းအရာကလေးတွေကိုပါ တွေ့လာသဖြင့် စိတ်ဝင်တစား ဖတ်ဖြစ်သွားသည်။ သူတို့ Company က ဆောက်လုပ်ရေး Company မို့ သစ်နှင့် မကင်းသောကြောင့် သိထားလျှင် ပို ကောင်းလိမ့်မည်ဟု သူ ဆုံးဖြတ်၍ ဖတ်နေခြင်းဖြစ်သည်။

'ဦးမြတ်ဇင်... ဦးမြတ်ဇင်၊ ကြယ်မင်း Company က ဦးမြတ်ဇင်... ဦးမြတ်ဇင်... '

ကိုဇင် ထိုအသံကို ကြားပါသည်။ ကြားသော်လည်း ထိုအသံသည် သူ့နာမည်အရင်း မဟုတ်ခြင်း။ (သူ့အဖေနာမည် ဦးမြတ်ဇင်ဆိုတာကို သူ ခဏမေ့နေသည်) စာထဲတွင် စိတ်ဝင်စားနေခြင်းတို့ကြောင့် ကြားပါလျက်နှင့် မတုံ့ပြန်မိခြင်းသာ ဖြစ်ပါသည်။

'ဦးမြတ်ဇင်... ဦးမြတ်ဇင်... ကြယ်မင်း Company က ဦးမြတ်ဇင်'

'ဟေ့လူ... ဟေ့လူ... အဲဒါ ခင်ဗျားနာမည်မဟုတ်လား၊ ခင်ဗျားနောက်က ကျွန်တော်ထပ်တာလေ၊ ခင်ဗျားနာမည်ခေါ်နေပြီ'

'ဦးမြတ်ဇင်... ဦးမြတ်ဇင် ဒီတစ်ကြိမ် နောက်ဆုံးပဲနော် ဦးမြတ်...'

'ဟာ... ဦးမြတ်ဇင်ဆိုတာ ကျွန်တော်ပါ... ကျွန်တော်ပါ'

'ရှင်ဆိုရင် ဒီလောက်အော်နေတာကို မကြားရအောင် ဘာလုပ်နေလို့လဲ၊ ရှင်ထိုင်တဲ့နေရာနဲ့ ကျွန်မအော်တဲ့နေရာက ဘာမှဝေးတာလည်း မဟုတ်ဘူး'





'ဒီလိုပါ... နာမည်က ကျွန်တော့်နာမည် မဟုတ်လို့ပါ'

သူတို့နှစ်ယောက်၏ အသေးစားရန်ပွဲကလေးကို စောင့်ကြည့်နေသော ပရိတ်သတ်ထံမှ ရယ်သံတစ်ချို့ ထွက်ကျလာသည်။ ကောင်မကလေးမျက်နှာလည်း ရဲခနဲ ဖြစ်သွား၏။

'ရှင်ပြောတော့ ဦးမြတ်ဇင်ဟာ ရှင်ဆို၊ အခု မဟုတ်ဘူး ဟုတ်လား၊ ရှင်လာနောက်မနေနဲ့၊ ကျွန်မ တာဝန်နဲ့ အလုပ်လုပ်နေတာ၊ ကျွန်မ လုံခြုံရေးကို ခေါ်လိုက်တော့မယ်'

'အာ... အာ... မ... မလုပ်လိုက်ပါနဲ့ ကျွန်တော်က ဦးမြတ်ဇင်ရဲ့ငွေကို လာထုတ်ပေးရတဲ့ သူ့ကိုယ်စားလှယ်ပါ။ ကျွန်တော် စကားပြောလောသွားလို့ နောက်သလို ဖြစ်သွားတာပါ။ တောင်းပန်ပါတယ်ဗျာ'

ကောင်မလေးက သူ့ကို စူးစူးရဲရဲကြည့်ပြီးတော့မှ...

'ကိုယ်စားလှယ်လွှဲစာ၊ ပြီးတော့ ရှင့်မှတ်ပုံတင်နဲ့ ဝန်ထမ်းကဒ်'

ကောင်မလေးပြောသမျှ သူ အားလုံးထုတ်ပေးလိုက်သည်။ ဒီတော့မှ ကောင်မလေးက ထိုင်ချလိုက်ပြီး သူ့ရှေ့က Computer ကို တစ်ချောက်ချောက်နှိပ်သည်။

'ထုတ်တဲ့ငွေက သိန်းရှစ်ရာ၊ ဒီလောက်အူတဲ့လူကိုများ ဒီလောက်ငွေကြေးကို ထုတ်ခိုင်းရတယ်လို့၊ တော်တော်ပိုက်ဆံပေါတဲ့ Company ပဲ ဖြစ်ရမယ်'

ကောင်မလေးက သူတစ်ကိုယ်တည်းပြောသလို ပြောနေသည်။ ဒီတော့မှ ဒီကောင်မလေးရဲ့နာမည် ဘယ်သူပါလိမ့်ဟု သူ သိချင်စိတ်ဖြစ်လာပြီး ရင်အစပ်တွင် ထိုးထားသော NAME PLATE ကိုကြည့်တော့ Computer ကိုင်နေသော ကောင်မလေး၏ ကိုယ်ခန္ဓာ[illegible]ယိမ်းထိုးမနေသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် မငြိမ်းသဖြင့် ကြေးဝါရောင် တံဆိပ်ကလေးပေါ်က နာမည်ကို ဖတ်ရတာ တော်တော်ခက်၍နေ၏။

သူဆိုသည့် ငတိကလည်း တစ်ခုခုကို သိချင်ပြီဆိုလျှင် သိကိုသိလိုက်ရမှဆိုတော့ ရင်အစပ်က Name plate ပေါ်က နာမည်ကို ရအောင်ဖတ်နေတုန်း ကောင်မလေးက ဖျပ်ခနဲမော့အကြည့်နှင့် ဆုံလေသည်။

ကောင်မလေးမျက်နှာ ရဲခနဲဖြစ်သွားသည်။ ပြီးတော့ သူ့ရင်အစပ်ကို လက်ဖြင့် အသာဖိကပ်လိုက်သည်။ ကျော့ကျော့ဇင့်မျက်နှာကြီးလည်း လည်ပင်းမှပြုတ်ကျကာ ကမ္ဘာ့အကောင်းဆုံးဂိုးသမား ပီတာရှက်မိုက်ကယ်က တည်ပြီး အားရပါးရကန်ထည့်လိုက်သလို အဝေးသို့ လွင့်၍ထွက်သွားလေသည်။

'ကျွန်မပြီးရင် ခေါ်လိုက်ပါ့မယ်။ ကိုယ့်နေရာကိုယ် သွားစောင့်နေပါ'

သူ ဘာစကားမှ မပြောနိုင်ဘဲ ခုနကထိုင်ခဲ့သောခုံတွင်ပင် ပြန်ထိုင်၍ ခေါင်းကို ငုံ့ထားမိသည်။ ရှက်စိတ်ကြောင့် တစ်ကိုယ်လုံးလည်း ထူပူလျက်ရှိသည်။ ဘုရားစူးပြီး အန္တရာယ်ခပ်သိမ်းနဲ့ တွေ့ပါရစေဗျာ ကျွန်တော်ကြည့်တာ NAME PLATE ပေါ်က 'မေသန့်စင်' ဆိုတဲ့ နာမည်လေးကိုပါ။

သူ့နောက်မှထပ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ငွေထုတ်၍ထွက်သွားကြသည်။ သူ့အလှည့်က မရောက်သေး။ ၁၂ နာရီထိုးတော့ ထမင်းစားချိန်ဟုဆိုကာ ဘဏ်လုပ်ငန်းကို ခဏရပ်လိုက်ကြသည်။

သူ့စိတ်ထဲမှာ ဘာမှစားချင်စိတ်မရှိတော့သဖြင့် ထိုနေရာမှာပင် ခေါင်းကို မမော့တမ်း ထိုင်၍နေမိသည်။

ထမင်းစားချိန်ပြီး၍ ဘဏ်လုပ်ငန်း ပြန်စတော့လည်း သူ့အမည်ကို ခေါ်ခြင်းမရှိပါ။ ပထမတော့ သူထုတ်ရမည့်ငွေပမာဏ များလွန်းလို့ဟုထင်





သည်။ သို့သော် သိန်းနှစ်ထောင့်တစ်ရာ လာထုတ်သူပင်ရသွားပြီးသည့်အထိ သူမရသေးပါ။

သူ မေသန့်စင်ဆီသွား၍လည်း မမေးရဲပါ။

ညနေသုံးနာရီထိုးတော့ ငွေထုတ်သူ မရှိသလောက်ဖြစ်သွားပြီး တိတိကျကျပြောရမည်ဆိုလျှင် သူတစ်ယောက်တည်းသာ ကျန်ပါတော့သည်။ သို့သော် သူ့ကို မခေါ်သေးပါ။

လေးနာရီထိုးတော့မှ သူ့နာမည်ကို ခေါ်သည်။

သူလက်မှတ်ထိုးရမည့် စာရွက်၊ ပြန်ယူရမည့်စာအုပ်၊ စာရွက်တွေကို မေသန့်စင်က ခပ်မြန်မြန်ပင် ထုတ်ပေးသည်။ ပြီးတော့ ပိုက်ဆံတွေကို ကောင်တာပေါ်တင်၍ ပေးသည်။ သူ တစ်စိုးတစ်စေ့မျှ ရေတွက်ခြင်းမရှိဘဲ ဆာလာအိတ်ထဲ ကြုံးထည့်ကာ ကားဆရာကိုပေးသည်။

'ပိုက်ဆံကို ရေဦးလေ…'

'ရပါတယ် မရေတော့ပါဘူး၊ ရတယ်…'

'ဆယ်စည်း ဆယ်စည်းတော့ ရေလေ…'

'ရပါတယ်…'

■



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မင်းတို့အတွေ့က ပွဲကြမ်းကြီးပေါ့ ကိုဇင်ရ'

'အေးပေါ့ကွာ...'

'နောက်တစ်ခါ ပိုက်ဆံသွားထုတ်တော့ ညက်သွားရောမဟုတ်လား'

'ငါဆိုတဲ့ကောင်များ အဲဒီလောက်ကဲကောင်းရင် မင်းတို့နဲ့တောင်မှ ပေါင်းဖြစ်မှာမဟုတ်ဘူး။ ငါ နောက်တစ်ကြိမ်သွားထုတ်တော့ မေ့ကို အဲဒီကောင်တာမှာ မတွေ့ရတော့ဘူးကွ၊ ကျန်တဲ့ကောင်တာတွေ လျှောက်ကြည့်တော့လည်း မတွေ့ရဘူး။ ဒါနဲ့ မေ့နေရာမှာ အစားဝင်နေတဲ့ ကောင်မလေးကို စုံစမ်းတော့ သူက အလုပ်စဝင်တာ လေးရက်ပဲရှိသေးလို့ ရှေ့က မမတွေအကြောင်း ဘာမှမသိဘူးတဲ့'

'မှတ်ကရောကွာ'

ကိုဇင့်စကားကို အောင်ဘက အားရဝမ်းသာဖြင့် အော်သည်။

'ဒါဆို မင်းဇာတ်လမ်းက ပြတ်သွားပြီပေါ့ကွ၊ ပြန်တွေ့တော့...'





'အေးပေါ့ကွ... ငါ့ဇာတ်လမ်းက အလှည့်အပြောင်းကလေးတွေပါလို့ မင်းတို့ကို အစကစပြီး ပြောပြနေရတာပေါ့။ ငါအလုပ်ဝင်တဲ့အချိန်တုန်းက ငါတို့က တောင်ငူကနေပြီး ရန်ကုန်မှာ လုံးချင်းတိုက်ခန်းကလေး ငှားနေတာကွ၊ အဲဒီအချိန်မှာ ဆောက်လုပ်ရေးကိစ္စတွေက ရန်ကုန်မှာပဲ အချိုးကြီးတွေရှိနေတော့ ဖေဖေက ရန်ကုန်မှာပဲ သူ့ Company ရုံးချုပ်ကိုဖွင့်ပြီး အခြေတည်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ဒီလမ်းထဲမှာ အိမ်ဝယ်ဖြစ်သွားတာပေါ့။ အဲဒီတော့ တစ်နေ့မှာကွာ .......................................'

■



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ဇင်က သူသဘောကျသော ရပ်ကွက်ကလေးမှာ မြေကွက်တစ်ကွက်ကိုဝယ်၍ သူ့စိတ်ကြိုက် အိမ်ပုံစံကို ဆောက်ယူသည်။ ဆောက်လုပ်ရေး Company ပိုင်ရှင်ကြီး၏အိမ်မို့ သုံးရက်အတွင်းပင် ရပ်လုံးပေါ်ကာ ရှစ်ရက်အတွင်း အချောကိုင် ပြီးစီးသွားသဖြင့် ရှစ်ရက်အတွင်း သစ်လွင်ခမ်းနားထည်ဝါသော တိုက်ကြီးတစ်ခုပေါ်လာသည်ဟုဆိုလျှင် မမှားချေ။

ဇနီးဖြစ်သူ၊ သားဖြစ်သူနှင့် အိမ်ဖော်များကိုတော့ ဦးမြတ်ဇင်က ရန်ကုန်မြို့၏ အကောင်းဆုံး HOTEL တစ်ခုတွင်ထားသည်။ အိမ်ဆောက်နေရာသို့ လုံးဝခေါ်လာခြင်း မရှိ။ ဦးမြတ်ဇင်လိုချင်သည်က သူဆောက်သည့်အိမ်ကို မြင်လိုက်ရလျှင် သားရော ဇနီးပါ လုံးဝ အံ့သြသွားစေရန်အတွက် ဖြစ်သည်။

ဦးမြတ်ဇင်၏ ကြိုးစားမှုမှာ အောင်မြင်ပါသည်။ အိမ်ကိုတွေ့တော့ ဒေါ်မြသင်ရော ကျော်ကျော်ဇင်တို့ပါ တအံ့တသြတွေ ဖြစ်ကုန်ကြသည်။ အခမ်းနားအသပ်ရပ်ဆုံးသော အိမ်ကြီးတစ်အိမ်ပင် ဖြစ်လေသည်။





ကိုဇင်က ဒီရပ်ကွက်ကလေး၏ လူအစည်ကားဆုံး သွားကြလာကြသော လမ်းကို ဘေးတိုက်ထားသည့်အခန်းကို ယူလိုက်သည်။

'သား ဒီအခန်းကိုပဲယူမယ်ဆိုတာ ဖေဖေသိပါတယ်ကွ၊ ဒါကြောင့် ဒီအခန်းကို သားအကြိုက်ပုံစံအတိုင်း ပြင်ဆင်ပေးထားတာ၊ အခု ကွက်တိပဲ မဟုတ်လား'

'ဖေဖေက သား ဒီအခန်းကိုရွေးမှာ ဘယ်လိုလုပ်သိသလဲ'

ကျော်ဇင့်စကားဆုံးတော့ ဦးမြတ်ဇင်က အားရပါးရအော်ရယ်ရင်း ကိုဇင့်ပုခုံးကို ပုတ်ပြီး...

'သားကလည်း ဖေဖေလည်း ငယ်ရာကကြီးခဲ့တာ၊ လူငယ်ယောက်ျားလေးဆိုတာ လှုပ်လှုပ်ရှားရှား သွားသွားလာလာရှိတာကို မြင်ချင်ကြည့်ချင်တတ်ကြတာ သဘာဝပဲကွ။ မိန်းကလေးတစ်ယောက်ဟာ လှချင်မှလှမယ်၊ သားကလည်း သူ့ကို ကြိုက်ချင်မှကြိုက်မယ်၊ ဒါပေမယ့် သားသူ့ကိုတော့ ကြည့်မှာပဲ၊ ဒါ သဘာဝပဲမဟုတ်လား သားရဲ့'

'ဟုတ်ပါတယ် ဖေဖေ... ဖေဖေက သားကို နားလည်ပေးတာ အရမ်းဝမ်းသာတာပဲ'

'ရပါတယ်ကွာ၊ ကဲ... ငါအခုထားတဲ့ position ကို သားကြိုက်ပြီလား၊ ပြန်ပြင်ချင်သေးလား'

'ဟာ... ပြင်စရာမလိုဘူး ဖေဖေ၊ သားဒီပုံစံပဲကြိုက်တယ်'

'ကဲ... ဒါဆို ဖေဖေ အောက်ထပ်က စည်းရိုးကာထားတာတွေသွားကြည့်လိုက်ဦးမယ်'

ဖေဖေထွက်သွားတော့ သူသည် ခုတင်ပေါ်မှာ ခဏငုံ့နေလိုက်ရင်းက ဘယ်လိုဖြစ်သွားသည်မသိ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ရာနိုးလာတော့ ညနေရီသည် သူ့ပြူတင်းပေါက်နံဘေးက လမ်းကလေးပေါ်မှာ ဝင်းဝါနေပြီဖြစ်သည်။ သူ့အသိစိတ်သည် အိပ်လိုက်ရ၍လားမသိ အားပြည့်လန်းဆန်း၍နေသည်။ ကြည်နူးကျေနပ်နေသည်။ ထိုစိတ်ကလေးဖြင့် လမ်းကလေးကို ငေးလိုက်တော့ သူ့နှလုံးသားသည် သူ့ပါးစပ်ထဲမှ တစ်ထွေးကြီး ခုန်ချသွားသလို ခံစားလိုက်ရ၏။

'သူ... '

'ဟုတ်တယ်သူ... ဒါ မေသန့်စင်... မေသန့်စင်'

သူ အပေါ်ထပ်မှ အောက်ထပ်သို့ လှေကားထိပ်မှ ဖရဲသီးတစ်လုံးကို ကန်ချလိုက်သလို ဝုန်းဒိုင်းကျဲပြီး ဆင်းလာခဲ့သည်။ ဟဲ့... သား ဘာဖြစ်တာလဲ! ဘာဖြစ်လို့လဲ! ဆိုသော စကားကိုပင် သူ ပြန်မဖြေနိုင်တော့ဘဲ လမ်းမပေါ် ပြေးထွက်ခဲ့သည်။

လမ်းမပေါ်သို့ လမ်းချိုးကလေးထဲကထွက်ပြီး လူတွေကို အငမ်းမရ ကြည့်လိုက်တော့ ဖက်ဖူးရောင်ထီးကလေးနှင့် ပုံမှန်ခြေလှမ်းနှင့် လမ်းလျှောက်နေတာကို တွေ့ရတော့မှ ရင်ထဲအေးသွားပြီး ခပ်သွက်သွက် နောက်မှ လိုက်၍ မီခါနီးမှာ လှမ်းခေါ်လိုက်မိသည်။

'မမေသန့်စင်... မမေသန့်စင်'

မေသန့်စင် ခြေလှမ်းတုံ့ခနဲရပ်ပြီး သူ့ကိုလှည့်ကြည့်သည်။

'မမေသန့်စင်... မမေသန့်စင် ဟုတ်ပါတယ်နော်'

'ကျွန်မ မေသန့်စင်ဆိုတာ ဟုတ်ပါတယ်။ ရှင်က ဘယ်သူလဲ!၊ ဘာကိစ္စနဲ့ ကျွန်မနာမည်ကို သိနေရတာလဲ!'

'မမေသန့်စင်... ဘဏ်မှာလုပ်တုန်းက ကျွန်တော့်နာမည်ကို သုံးလေးခါ အော်ခေါ်တာ ကျွန်တော်က မကြားလို့. . . . '





ကိုဇင်ရှင်းပြသည့် စကားဆုံးတော့မှ မေသန့်စင်သည် ကြုတ်ထားသော မျက်ခုံးနှစ်ဘက်ကို ဖြေချသည်။

'တစ်နှစ်လောက်ကြာပြီဆိုတော့ ကျွန်မ ရေးတေးတေးပဲ မှတ်မိပါတယ်၊ အဲဒါဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ အဲဒီတုန်းက ကျွန်တော်က မမေသန့်စင်ရဲ့ နာမည်ကိုပဲ ဖတ်တာပါလို့ ရှင်းပြချင်တာပါ။ နောက်နေ့လာရှင်းပြမယ်လုပ်တော့ မတွေ့ရတော့ဘူး'

'ဟုတ်တယ်၊ ကျွန်မ တောင်ကြီးဘဏ်ကို ရှစ်လလောက် ရောက်သွားတယ်'

'မမေသန့်စင်က ဒီရပ်ကွက်ထဲကပဲနော်'

'ဟုတ်ပါတယ်၊ ရှေ့လမ်းထိပ်က ကျွန်မတို့အိမ်ပါ၊ ရှင်ကရော... '

'တစ်လမ်းထိပ်က... '

'ဩော်... ဆောက်ပြီးကာစ တိုက်သစ်ကြီးကလား၊ သူဌေးတွေပေါ့နော်'

'မမေသန့်စင်နဲ့ တစ်ရပ်ကွက်ထဲနေရတာ သိပ်ပျော်တာပဲ'

'ဘာဆိုင်လို့လဲ'

မေသန့်စင် မျက်ခုံးကို ကြုတ်ပြန်သည်။

'အာ... ဒီလိုပါ၊ ကျွန်တော်က ဒီနေ့မှ ဒီအိမ်ကို ပြောင်းလာတာလေ၊ အပေါင်းအသင်းမရှိ အဖော်မရှိဆိုပါတော့။ အဲဒါ အခု မမေသန့်စင်နဲ့ တစ်ရပ်ကွက်ထဲဆိုတော့ ဘာပဲဖြစ်ဖြစ် ဝမ်းသာတာပေါ့'

'ဒါဆို... ရပါတယ်၊ လိုအပ်တဲ့အကူအညီရှိရင် ပြောပေါ့၊ ကူညီနိုင်ရင် ကူညီပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် မေသန့်စင်က ညင်သာစွာပင် သူ့အပါးမှ ထွက်သွားသည်။

ဒုတိယအကြိမ် တွေ့သည့်နေရာကတော့ သူတို့ရပ်ကွက်ဈေးကလေးထဲမှာ ဖြစ်ပါသည်။ သူ့ကို မေမေက စပါးလင်မေ့ကျန်ခဲ့သဖြင့် ဝယ်ခိုင်းသောကြောင့် ဈေးသို့ ထွက်ခဲ့ခြင်းဖြစ်ပါသည်။ ဖေဖေက ငါးဘတ်မွှေဆိုလျှင် စပါးလင်ကလေးပါမှ ကြိုက်တတ်သောကြောင့် ဖြစ်သည်။

သူ စပါးလင်ဝယ်ပြီး ပြန်လှည့်အထွက်တွင် ဈေး၏ လူလမ်းကြောင်းထဲမှာ မေသန့်စင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

'မမေသန့်စင်'

'ဩော်...'

'ဘာလာဝယ်တာလဲဟင်!...'

'ဈေးလာတာ စားစရာလာဝယ်တာပေါ့၊ ဒီဈေးထဲလာပြီး T.V တို့ ရေခဲသေတ္တာတို့ ဝယ်ပါ့မလား! ရှင်ကရော...'

'မေမေက ဒါမေ့လာလို့ ပြန်လာဝယ်ရတာ'

ကိုဇင်က စပါးလင်စည်းကို မြှောက်ပြရင်း ပြောလိုက်သည်။

'အင်း... ဟိုတလောက တွေ့ပြီးတော့ မကျေနပ်တာတစ်ခု သွားတွေ့တယ်၊ မေးရင် အမှန်အတိုင်း ဖြေမှာလား'

'ကျွန်တော် မိဘ ၂ ပါးစလုံးက ဗုဒ္ဓဘာသာဝင်တွေပါ။ ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်ပါ'

'ရှင်နဲ့ မေသန့်စင်တို့ တွေ့ခဲ့ကြတာ တစ်နှစ်ကျော်နေပြီ၊ ဒါတောင် ရှင်က ကျွန်မနာမည်ကို မမေ့ဘဲသတိရပြီး တွေ့တာနဲ့ လှမ်းခေါ်ရတာလဲ'

'အာ... အဲဒါတော့ အခုပြောရင် စောနေလိမ့်ဦးမယ် ထင်တယ်၊





မမေသန့်စင်'

သူ့စကားကြောင့် မမေသန့်စင်မျက်နှာ 'ရဲ'ခနဲ ဖြစ်သွားသည်ကို ကိုဇင်က တွေ့လိုက်ရသဖြင့် ချက်ချင်း စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

'ကျွန်တော် မမေသန့်စင်ကို တောင်းပန်စရာတစ်ခုရှိပါတယ်၊ ကျွန်တော် အဖေနဲ့ အမေက ဘာသာရေးကိုင်းရှိုင်းပါတယ်၊ ကျွန်တော်လည်း မိဘနှစ်ပါးရဲ့ ဆုံးမမှုအောက်မှာ ကြီးပြင်းခဲ့ရတာဆိုတော့ မမေသန့်စင်ရဲ့ နာမည်ကို ခိုးဖတ်မိတာဟာ ခိုးမှုကျူးလွန်တာပဲ မဟုတ်လား'

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ ကျွန်တော်က ပိုင်ရှင်ကို အသိမပေးဘဲ ခိုးဖတ်မိတာကိုး'

'ထားပါတော့လေ၊ ခွင့်လွှတ်ပါတယ်'

'ဝမ်းသာလိုက်တာဗျာ... ကျွန်တော်က မမေသန့်စင်ရဲ့ နာမည်ကို ခိုးပဲဖတ်ရဲတာပါ။ လုတော့ မလုရဲပါဘူး'

ကိုဇင့်စကားဆုံးတော့ မေသန့်စင်က အားရပါးရရယ်လေသည်။ ပြီးတော့မှ...

'ရှင် ကျွန်မနာမည်ကို လုယူလို့လည်း မရပါဘူး၊ ကျွန်မနာမည်ကို ကျွန်မ ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ ကျွန်မသိပါတယ်။ ထိန်းလည်း ထိန်းတတ်ပါတယ်။ ကဲ... စကားကောင်းနေလို့ မဖြစ်ဘူး၊ တော်ကြာ ဈေးကွဲသွားရင်ခက်မယ်... သွားမယ်နော်'

စကားဆုံးသည်နှင့် မေသန့်စင်သည် ဣန္ဒြေရရပင် သူ့အပါးမှ လှည့်ထွက်၍သွားသည်။ သူ မေသန့်စင် လူအုပ်ကြားထဲရောက်ပြီး ပျောက်သွားသည်အထိ ငေး၍နေမိသည်။



www.burmeseclassic.com

ကိုဇင့်ရင်ထဲမှာ ဝမ်းသာနေသည်။

ထိုဝမ်းသာမှု၏နောက်မှာ အမျိုးအမည်တိတိကျကျ ပေး၍မရသော ကြောက်မက်ဖွယ်တစ်ခုကလည်း အေးစက်တိတ်ဆိတ်စွာ ရပ်နေသည်ဟု ခံစားရလေသည်။





'အဲဒီတော့ကွာ ငါနဲ့ မေသန့်စင်က ဈေးမှာ မထင်မှတ်ဘဲ ဆုံလိုက်၊ လမ်းမှာတမင်ဆုံအောင် ငါကလုပ်လိုက်နဲ့ တစ်စ တစ်စ သံယောဇဉ်ဖြစ်လာကြတယ်'

'မင်းဘက်ကလား... သူ့ဘက်ကလား'

အောင်ဘက အတည်ဖြင့် ဝင်ဟောက်ပြန်သည်။

'ငါ့ဘက်ကတော့ သေချာတယ်ကွာ၊ သူ့ဘက်ကလည်း ငါ့အပေါ် သံယောဇဉ်ရှိတဲ့ အရိပ်အယောင်တွေ ငါ့အပေါ်ပါလာတယ်ကွ။ အာလူးရွေးပေးတာတို့၊ ကြက်ဥလတ်မလတ် ရွေးပေးတာတို့၊ ရေလွှတ်တဲ့ ကြက်သားဆိုင်ကို လိုက်ပြတာမျိုးတို့ပေါ့ကွာ'

'ဒါကတော့ မိန်းကလေးတွေ ဈေးသွားရင် အချင်းချင်းစုညီချင်တဲ့ သာမန်စိတ်ပါကွာ၊ အဲဒါကို မင်း အထင်မလွဲနဲ့၊ အသားယူဖို့လည်း မကြိုးစားနဲ့'

www.burmeseclassic.com



လင်းဇော်က အေးဆေးစွာဝင်ပြောသည်ကို အေးဆွေကလည်း ထောက်ခံသည့်သဘောဖြင့် ခေါင်းကိုညိတ်သည်။ ကိုဇင် သက်ပြင်းကိုချလိုက်မိသည်။ သူငယ်ချင်းတွေပြောသည့်စကားက ဖြစ်နိုင်ပါသည်။

သူ... သူ့သူငယ်ချင်းတွေကို ဖွင့်ပြောပြမထားသည့် ကိစ္စတစ်ခုရှိသည်။ ထိုကိစ္စကို ပြောရမှာ ရှက်လည်း ရှက်ဖို့ကောင်းသည်။ ထိုကိစ္စကြောင့် မေသန့်စင်သည် သူ့ကို သံယောဇဉ်မရှိတာ သေချာသည်ဟုလည်း သူငယ်ချင်းများက ယုံကြည်သွားမှာကိုလည်း စိုးရိမ်သည်။ နောက်တစ်ချက်က အဲဒီဖြစ်ရပ်သည် မေသန့်စင်၏ ယုံကြည်မှုအစစ်ဆိုလျှင် တော်တော်ကြောက်ဖို့ကောင်းပါသည်။

အဲဒီနေ့က သူတို့မိသားစုသုံးယောက် ပဲခူးဘက်သို့သွားရန် ကိစ္စရှိသဖြင့် ကားဖြင့် အိမ်မှထွက်ခဲ့သည်။ သူတို့ကားကလေး ကားလမ်းမပေါ်သို့တက်ရန်အတွက် လူအစည်ကားဆုံး ဂုတ်လမ်း (မြေညီလမ်း) ကလေးမှ ဘီးလှိမ့်ယုံ လှိမ့်၍မောင်းလာခဲ့ရသည်။ ကားအရှိန်က လူ လမ်းသွားသလောက်သာရှိ၏။

'ဟိတ်... မြတ်ဇင် ဘယ်သွားမလို့လဲ'

သူတို့မိသားစုရော ကားဆရာပါ တအံ့တသြဖြင့် ကြည့်လိုက်တော့ ကားနံဘေးတွင်ယှဉ်လျှောက်နေသော မေသန့်စင်ကို တွေ့ရလေသည်။ ကိုဇင် ဘာပြောရမှန်း မသိတော့လောက်အောင်ကို ထူပူ၍သွားသည်။

'မနေ့က တို့ဝယ်ပေးလိုက်တဲ့ ဆိတ်သားက ကောင်းတယ်မဟုတ်လား၊ မြတ်ဇင် မှတ်ထားကွ ဆိတ်သားဆိုရင် ပေါင်သားကို ယူရတယ်မြတ်ဇင်ရဲ့၊ သူက အရွတ်လည်းနည်းတယ်၊ အသားလည်း အလွယ်တကူနဲ့ နူးတယ်၊ ဟုတ်တယ် မဟုတ်လား'





'ဟုတ်... ဟုတ်ပါတယ်'

'မြတ်ဇင် မင်းကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေတာလဲ'

'ဟင့်အင်း... ဘာမှမဖြစ်ပါဘူး မေသန့်စင်၊ မဖြစ်ဘူး'

'အင်း... လမ်းကလည်း လူအရှုပ်ဆုံးအချိန်ဖြစ်နေတော့ ကားတောင် လူတစ်ယောက်လျှောက်သလောက် မောင်းနေရတာ စိတ်ပျက်ဖို့အရမ်းကောင်းတာပဲ။ ဟော... လမ်းထိပ်တောင်ရောက်နေပြီ၊ သွားဦးမယ်နော် မြတ်ဇင်၊ ပြီးတော့မှ ဆုံကြတာပေါ့'

မေသန့်စင်က သူ့ (၄) လမ်းထဲသို့ အေးအေးဆေးဆေးပင် ချိုးဝင်သွားသည်။ ကိုဇင်ကတော့ တစ်ကိုယ်လုံး ချွေးတွေရွှဲနေသည်။ ကားလမ်းမပေါ်ရောက်သွားတော့ ညက်ညောစွာမြည်နေသောကားစက်သံမှ တစ်ပါး ကားလေးပေါ်တွင် စကားသံတိတ်ဆိတ်၍ နေသည်။ ထိုတိတ်ဆိတ်မှုကို စတင်ဖြိုခွဲရမည့်တာဝန်မှာ ကိုဇင့်တာဝန်သာ ဖြစ်ပါသည်။

'အခုဖြစ်သွားတဲ့ကိစ္စအတွက် ကျွန်တော့်ကို ရှင်းခွင့်ပေးပါလား ဖေဖေ'

ဖေဖေက ညင်သာစွာပင် ခေါင်းကိုညိတ်၍ပြတော့မှ ကိုဇင်က မေသန့်စင်နှင့် စတွေ့သည့်အဖြစ်မှစ၍ ဒီနေ့အထိ အဖြစ်အပျက်အားလုံးကို ပြောပြလိုက်သည်။ ပြောမပြဘဲ ချန်ထားတာဆို၍ တစ်ချက်သာ ရှိပါသည်။ ထိုတစ်ချက်မှာ သူ မေသန့်စင်ကို ချစ်ခြင်းပင်ဖြစ်သည်။

'ဒါဆိုရင် တိုက်ဆိုင်တာနေမှာပါသား၊ ဒီနာမည်ကိုပဲ သူအော်ရတာဆိုတော့ သူ့စိတ်ထဲမှာ သားကို ဖေဖေ့နာမည်နဲ့ပဲ သူမှတ်မိနေတာနေမှာပေါ့'

'ဟုတ်တယ်ဖေဖေ သားလည်း အဲဒီလိုပဲထင်တာပဲ'

အမှန်တော့ မေသန့်စင် တမင်လုပ်သွားမှန်း သူသိပါသည်။ ဘာကြောင့်လုပ်သွားသည်ဆိုတာကိုသာ မသိခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'မေမေကတော့ အဲဒီလိုမထင်ဘူး။ ဒီမိန်းကလေးရဲ့ မျက်နှာမှာ သူ ဒီလိုပြောလိုက်ရတဲ့အတွက် ကျေနပ်နေတဲ့ပုံစံမျိုးကို မေမေ တွေ့ရတယ်။ မိန်းမချင်းဆိုတော့ ပိုသိတယ်'

'မေကြီးကလည်းကွာ၊ ဘုရားဖူးထွက်ခါနီးမှာ ဒီလိုစိတ်အနှောင့်အယှက် ဖြစ်မယ့်ကိစ္စတွေ မတွေးစမ်းပါနဲ့။ ကဲ... သားကလည်း အဲဒီကလေးမလေးကို နောက်တစ်ခါဆုံတဲ့အခါကျရင် ရှင်းပြလိုက် ဟုတ်ပြီလား'

ဒီလိုနှင့်ပင် ပဲခူးကိုရောက်တော့ ဘုရားတွေဘာတွေဖူး၊ အိမ်ကပါလာသည့်အခင်းကိုခင်းပြီး ချိုင့်ဖွင့်၊ စားစရာတွေကို မြိန်ရေရှက်ရေစားကြခြင်းဖြင့် မေသန့်စင်ကိစ္စကို အားလုံးက မေ့သွားကြသော်လည်း မမေ့သူတစ်ဦးကတော့ ကိုဇင်သာဖြစ်သည်။ မမေ့လည်း မမေ့ထိုက်ချင်စရာပါ။ သူ့နာမည် ကျော်ကျော်ဇင် ဆိုတာကို မေသန့်စင် သိသည်ဆိုတာကို ကိုဇင်က တိတိကျကျ သိထားသောကြောင့် ဖြစ်၏။

အားလုံးပျော်ရွှင်နေချိန်မျိုးမှာ သူတစ်ဦးတည်း ငေါင်နေပြန်လျှင်လည်း မေသန့်စင်၏ကိစ္စသည် အရေးတကြီး ပြန်ဖြစ်သွားမှာစိုးသည့်အတွက် ကိုဇင် ပျော်ချင်ယောင်ဆောင်ရလေသည်။ အယောင်ဆောင်သမားတို့မည်သည် စစ်စစ်မှန်မှန် ပျော်ရွှင်သူတို့နှင့် တူအောင် လိုက်လုပ်ရင်း (over) တွေဖြစ်တတ်စမြဲဖို့ ဘာမှုမသိသူတစ်ဦးကသာ မြင်လျှင် ထိုပျော်ပွဲစားတွင် အပျော်ရွှင်ဆုံးလူမှာ ကျော်ကျော်ဇင်ဟု တထစ်ချကောက်ချက်ချမှာ သေချာလှပါသည်။





## အခန်း (၃)

သာယာသည့် နွေဦးနံနက်ခင်း နေရောင်ဖြာကျနေသဖြင့် ညင်ညင်သာသာကလေး လင်းနေသော ဧည့်ခန်းရှိ ကျွန်းသားကုလားထိုင်ဆက်တီများကို မေသန့်စင်က ကြက်မွေးနှင့်ဖုန်သုတ်ရင်း ကုလားထိုင်နောက်မှီ အစွပ်ကလေးများကို ဖြုတ်၍ အဖြူပေါ်တွင် ပိတောက်ရောင် ပွင့်ဖတ်ကလေးတွေပါသည့် နောက်မှီအစွပ်ကလေးများကို စွပ်ပေးရင်း ရင်ထဲတွင် ကြည်နူးကျေနပ်နေမိသည်။

ကုလားထိုင် ဆက်တီတွေပြီးတော့ နံရံပေါ်က ဓာတ်ပုံတွေကို ဆက်ပြီး ဖုန်သုတ်သွားရင်းက ဖခင်၏ ဓာတ်ပုံသို့ရောက်သောအခါ မေသန့်စင်သည် ဓာတ်ပုံထဲတွင် ပြုံးနေသော ဖေဖေမျက်နှာကို ကြက်မွေးဖြင့် ညင်သာစွာ သုတ်ပေးလျက်ရှိသည်။

မေသန့်စင် ဖုန်သုတ်ပေးနေပုံက ဓာတ်ပုံကိုသုတ်ပေးနေသည်နှင့် မတူဘဲ ပကတိလူသားတစ်ယောက်၏ မျက်နှာကို ထိတွေ့ကိုင်တွယ်နေသလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို အခန်းဝမှ မေသန့်စင်၏ မိခင် ဒေါ်ထားထားက ငေးကြည့်ရင်း ရင်ထဲက ပြောနေမိသည်။

'ကိုလှိုင်ဝင်းရယ်၊ ရှင်သာ သက်ရှိထင်ရှားရှိနေရင် ရှင့်သမီးကလေး သူသိပ်ဖြစ်ချင်တဲ့ ဆရာဝန်မကြီးဖြစ်မှာ။ အခုတော့ ဘုန်းဘုန်းလဲသွားတဲ့ အိမ်ရဲ့စီးပွားရေးကိုငဲ့ပြီး ဆရာဝန်အမှတ်နဲ့ပဲ ဘဏ်စာရေးအလုပ်ကို လုပ်ရရှာတယ် ကိုလှိုင်ဝင်းရယ်၊ ရှင့်ကို မြင်စေချင်တယ်'

'သြော်… မေမေ'

နောက်သို့လှည့်ကြည့်လိုက်သော မေက ဒေါ်ထားထားကိုမြင်သွားပြီး မျက်ရည်ကို မိခင်မမြင်အောင် သုတ်လိုက်သည်။ ဒေါ်ထားထားကလည်း သမီးဖြစ်သူမမြင်အောင် မျက်ရည်ကို သုတ်လိုက်သည်။ ထိုသို့ မျက်ရည်ခိုး သုတ်သောအချိန်မှာ တစ်ချိန်တည်း တစ်စက္ကန့်မျှ မပို၊ တစ်စက္ကန့်မျှ မလို သဖြင့် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းပြန်ဆိုင်ချိန်တွင် အပြုံးကိုယ်စီနှင့် ရှိနေပြီဖြစ်သည်။

'သမီးရယ် ဂျူတီလေးဘာလေးနားတဲ့နေ့မျိုးမှာ အေးအေးဆေးဆေး နားလိုက်ပါလား၊ မနေ့က Night duty ဝင်ထားရတာမဟုတ်လား၊ သွား အိပ်တော့ သမီး'

'အိပ်လို့တော့ မရသေးဘူး မေမေရဲ့၊ ဟိုကောင် အေးအေးသွယ်နဲ့ ချိန်းထားတယ်၊ သမီးမှာထားတာပါလာရင် ဒီကောင်နဲ့ အဖော်လိုက်ပေးရ ဦးမှာ'

'ကိုလှိုင်ဝင်းရယ် ရှင့်ကို မြင်စေချင်တယ်၊ ရှင်သာ ဒီအရက်နဲ့ ဆက် မမိုက်ခဲ့ရင် ရှင့်သမီး ဆရာဝန်ဖြစ်မှာ။ အခုတော့ သာမန်ဘဏ်စာရေးမလေး ပဲ ဖြစ်နေရရှာတယ်'





'တော်ပြီ မေမေ၊ မေမေ ဒီအတွက် ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့၊ အခု သမီးလုပ်နေရတဲ့အလုပ်ကို သမီး ကျေနပ်ပါတယ်၊ ရောက်တဲ့နေရာ မှာ အမြင့်ဆုံးနေရာကိုရောက်အောင် သမီး ကြိုးစားသွားမှာပါ။ ဖေဖေမရှိ တော့ပေမယ့် လောကကြီးမှာ တစ်ခုပေးပြီးမှ တစ်ခုပြန်ယူဖို့၊ ကိုယ်က ယူထားပြီးရင်လည်း ရဲရဲရင့်ရင့် ပြန်ပေးဖို့ဆိုတဲ့စိတ်ဓာတ် သမီးမှာ အပြည့် ရှိပါတယ်'

'ကဲ… ဟုတ်ပါပြီ သမီးရယ်… အခုတော့ ခဏကလေးသွားနား လိုက်ဦးနော်'

ဒေါ်ထားက သမီးလက်ထဲမှ ကြက်မွေးကို ယူလိုက်သည်။ ဒီတော့ မေလည်း သက်ပြင်းချပြီး အခန်းထဲမှထွက်ကာ အိမ်ရှေ့ပန်းခြံကလေးထဲရှိ ခုံတန်းကလေးမှ လမ်းမကိုငေး၍ မျှော်နေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



'ရပြီ... ရပြီ၊ ဒီလောက်ဆိုရင် မင်းခုနကအော်လာတဲ့ အောင်ပြီ အောင်ပြီဆိုတာ ဘာလဲဆိုတာ ငါသိပြီ'

'ဟောကောင် အောင်ဘ၊ မင်း ဆရာကြီးသိပ်မလုပ်နဲ့ကွာ'

'ဟုတ်တယ် ဇော်ကြီးပြောတာကို ငါထောက်ခံတယ်၊ ဘယ်နဲ့ အခုမှ ဓာတ်လမ်းက စ,တာကို။ ဒီကောင်က အောင်ပြီပြောတာ မင်းဘယ်နည်းနဲ့မှ မသိနိုင်ဘူး'

သူငယ်ချင်းသုံးယောက် အငြင်းအခုန်ကြောင့် ကိုဇင် စိတ်ညစ်သွားသည်။

အောင်ဘဆိုသည့် ငတိကလည်း အနေအထိုင် ရိုးသားအေးဆေးသလောက် သူ့စိတ်ထဲထင်တာဆိုလျှင်တော့ ဘယ်တော့မှ အလျှော့မပေးတတ်သူတစ်ယောက် ဖြစ်သည်။

'အဲဒါပြောတာပေါ့ကွ၊ မင်းတို့က စာမတတ် ပေမတတ်နဲ့ ဘာစာပေကိုမှလည်း မလိုက်စားတော့ ဘယ်ဆင်ခြင်သိနဲ့ သိပါ့မလဲ၊ ဒီလိုကွာ...'





စကားကိုတန်းလန်းထားရင်း အောင်ဘက ဆရာကြီးအထာနှင့် တစ်ချက်စဉ်းစားသလို လုပ်နေသည်ကို အေးဆွေနှင့် လင်းဇော်တို့ အမြင်ကပ်ကြပြီဖြစ်၏။

'ဟောကောင်... အောင်ဘ၊ မင်းဆရာကြီးအထာတွေ လာပြမနေနဲ့၊ မင်းရမ်းဖြီးလို့မှန်သွားလည်း မင်းကို ငါတို့က လုံးဝ အထင်မကြီးဘူး'

'ငါကလည်း အထင်ကြီးခံချင်လို့ မဟုတ်ပါဘူး၊ မင်းတို့ နားလည်လွယ်မယ့် ဘယ်လိုနေရာမျိုးကနေ ရှင်းပြရမလဲလို့ စဉ်းစားနေတာပါ'

'အောင်မာ လူပါးဝလိုက်တာ၊ တော်ပြီဟောကောင် ပြောမနေနဲ့တော့'

'ဒီလိုကွာ၊ ဒီကောင်က နောက်နေ့မှာ မေ့ကို ရအောင်လိုက်ရှာပြီး အဲဒီ ကိစ္စကိုရှင်းမယ်၊ မေကလည်း ဒီကောင့်နာမည်ကို မြတ်ဇင်လို့ပဲထင်ပြီး ပြောမိတာပါလို့ စိတ်မကောင်းခြင်းကြီးစွာနဲ့ ပြောမယ်၊ သူငယ်ချင်းတွေကလည်း ကိုဇင်လို့ပဲ ခေါ်ကြတာဆိုတော့ အဲဒီစိတ်နဲ့ ခေါ်မိကြောင်း ရှင်းပြမယ်၊ မေက ရှင်းပြလေ ဒီကောင်က ပေါက်ကွဲလေဖြစ်ပြီး ဖိုဓာတ်နဲ့ မဓာတ်နှစ်ခုဟာ ပြင်းထန်တဲ့ ဆွဲငင်အားတွေနဲ့ ပေါက်ကွဲပြီး ဒီကောင် မေ့ကို ချစ်တယ်ဆိုတဲ့စကားအထိ ပြောဖြစ်သွားလိမ့်မယ်၊ မေကလည်း ပေါက်ကွဲမှုရဲ့ ဆွဲငင်ဒဏ်ကိုမခံနိုင်ဘဲ ချစ်ပါတယ်ဆိုတဲ့အဖြေကို ပေးလိုက်လိမ့်မယ်။ ဒါကို ဒီကောင်က 'အောင်ပြီ အောင်ပြီ'လို့ ပျော်ပြီး ငါတို့ဆီကို ပြေးလာတာဖြစ်လိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား'

'တစ်ခုမှ မဟုတ်ဘူး'

'အင်း... မင်း မေ့ဆီကိုသွားပြီး အဲဒီကိစ္စကို ရှင်းတယ်ဆိုတာကတော့ ဟုတ်ကိုဟုတ်ရမယ်ကွာ'

'ငါက သွားမရှာဘူး၊ မေကိုယ်တိုင်က ငါ့ကိုလာရှာတာ'



www.burmeseclassic.com

www.burmeseclassic.com



'အာ... မင်းဟာက ဟုတ်ရဲ့လားကွာ၊ သူကလည်းလုပ်သေးတယ်၊ ပြီးတော့ မရှောင်တဲ့အပြင် မင်းကိုတောင် လိုက်ရှာရတယ်လို့'

'အဲဒါကြောင့်ပြောတာပေါ့ မေဟာ တခြားမိန်းကလေးတွေနဲ့ မတူဘူးလို့... ဖြစ်ပုံက ဒီလိုကွ...'

ထိုနေ့က ကိုဇင် Computer Game ကစားရာ ၃ ပွဲစလုံး ရှုံးသဖြင့် လေးပွဲမြောက်အတွက် သူ့စစ်တပ်ကို တည်ဆောက်နေချိန်တွင် ပခုံးကို လှမ်းအပုတ်ခံရသဖြင့် လှည့်ကြည့်လိုက်တော့ လုံးဝထင်မထားသည့် မေ့ကို တွေ့ရလေသည်။

'ဟာ!!... မေ၊ မေ ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ!...'

'ကိုဇင် ဒီမှာရှိတယ်လို့ သူငယ်ချင်းတစ်ယောက်က ညွှန်လိုက်လို့ မေလိုက်လာတာပါ။ အဲဒါ ကိုဇင်က ဘာအံ့သြနေတာလဲ'

ကိုဇင် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ မေ့မျက်နှာကိုကြည့်တော့ ပကတိ ကြည်လင်နေသည်ကိုလည်း တွေ့ရ၏။

'ကဲ... လာပါ J' Donut မှာ ကိတ်နဲ့ ကော်ဖီအေးသောက်ရင်း စကားပြောကြရအောင်ပါ'

ဆိုင်ရောက်တော့ ကိုဇင် အအေးကိုသာသောက်ပါသည်။ မေ့ကို ဘယ်နေရာကနေစပြီး ဘယ်လိုပြောရမှန်း မသိတော့လောက်အောင်ပင် စိတ်တွေရှုပ်ထွေးနေသည်။ မေက စားစရာတွေကို သူကိုယ်တိုင်ပင်ယူပြီး ကိုဇင့်ရှေ့သို့ ချပေးပါသည်။

'ကိုဇင်တို့ ဘုရားလျှောက်ဖူးကြတဲ့နေ့က မေပြောခဲ့တဲ့ စကားတွေကို ကိုဇင် တော်တော်စိတ်ဆိုးတယ် မဟုတ်လား'

'ကျွန်တော် စိတ်မဆိုးပါဘူး၊ မေ့ကို နားမလည်နိုင်တဲ့ ခံစားမှုမျိုးပဲ





ရှိတာပါ။ ပြီးတော့ အံ့သြတယ်လေ...'

သူ့စကားဆုံးတော့ မေက သူ့ကို ကြည်လင်ဝင်းပစွာ ပြုံး၍ကြည့်လေသည်။

'ဒီလိုဆိုရင် ကိုဇင်မညာဘဲ ရင်ထဲမှာရှိတဲ့စကားကို တကယ်ပြောတာပဲ၊ ကိုဇင့်ကို မေ ပိုခင်သွားပြီ'

'ကျွန်တော် မလိမ်တတ်ဘူး မေ၊ လူကြီးလူကောင်းဆန်ချင်လို့တော့ မဟုတ်ပါဘူး၊ လိမ်မိရင် လိမ်ရတဲ့အချိန်မှာရော လိမ်ပြီးသွားတဲ့အချိန်မှာပါ အရှမ်းပင်ပန်းတဲ့ဒဏ်ကို မခံနိုင်လို့ပါ'

'ကိုဇင့် မိဘတွေကရော၊ အထူးသဖြင့် ကိုဇင့် ဖေဖေကပေါ့'

'ဖေဖေကတော့ သာမန်နာမည်မှားတယ်လို့ပဲ ပြောပါတယ်'

'ဒါဆို မေမေကရော...'

'မေမေကတော့ မေ့မျက်လုံးနဲ့ အကြည့်က တမင်နာမည်မှားပြီး ရိုးရိုးမဟုတ်ဘူးလို့ပြောတယ်၊ နောက်ဆုံးကျတော့ ဖေဖေ့ဘက်ကပဲ အနိုင်ရသွားတာပါပဲ'

'ဒါဆို... ကိုဇင့် အမေက တော်တာပေါ့။ ကိုဇင့် မေမေပြောတာ မှန်တယ်။ အဲဒီကိစ္စကို မေ တမင်ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ။ ဒါကို ကိုဇင်လည်း သိပါတယ်'

ကိုဇင် ဘာမှမပြောနိုင်ပဲ၊ တအံ့တသြငေးကြည့်နေယုံသာ တတ်နိုင်တော့သည်။

'ကိုဇင် နောက်နေ့တွေမှာ ကိုဇင် ဒေါသတကြီးနဲ့ မေ့ကို လိုက်ရှာမှာပဲဆိုပြီး မေ နေမြဲတိုင်းနေရာတွေမှာနေပြီး သွားမြဲတိုင်း အချိန်တိုင်း သွားခဲ့ပါတယ်။ ဒါပေမဲ့ ကိုဇင် မေ့ဆီကို ရောက်မလာခဲ့ဘူး။ ကိုဇင် ခုနက ပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားဟာ သွေးထွက်အောင် မှန်ပါတယ်။ လိမ်တဲ့သူဟာ ပိုပင်ပန်းတယ်ဆိုတာလေ၊ ကိုဇင် အရမ်းကိုနာကျည်းသွားပြီး မေ့ကို မိတ်ဆွေတစ်ယောက်အဖြစ်ကနေ ရပ်စဲလိုက်ပြီလား! ဒါမှမဟုတ် ကိုဇင်မိဘတွေက မေနဲ့လုံးဝမတွေ့ရတော့ဘူးလို့များ စည်းကန့်လိုက်လို့ မေ့ကို လာမရှာတာလား! ပြီးတော့ 'လား!' မျိုးစုံနဲ့ မေတစ်ယောက်တည်း မခံစားနိုင်တော့လို့ ကိုဇင်ကို လိုက်ရှာပြီးမေးတာ၊ ကိုဇင် ဘာဖြစ်လို့ မေ့ကို လာမတွေ့တာလဲ'

'မေ့ကိုတွေ့ရင် ဘာပြောရမှန်းမသိလို့။ ပြီးတော့ အားလည်းအားနာနေမိလို့'

'ဘုရား... ဘုရား ကိုဇင်ရယ်၊ ကိုဇင်ကများ အားနာရသေးတယ်ရယ်လို့'

'ဟုတ်တယ်လေ... ဒီကိစ္စကို မေ တမင်လုပ်တာကို ကျွန်တော်က သိနေတော့ အားနာတာပေါ့'

'မေ... ဘာဖြစ်လို့ တမင်လုပ်တယ်ထင်သလဲ သိလား'

'ကျွန်တော် မစဉ်းစားတတ်ဘူးလို့ ပြောပြီးပြီပဲ'

'ဘဏ်မှာ ငွေထုတ်တုန်းက လူတွေဝိုင်းရယ်အောင်၊ မေ ဒုက္ခရောက်အောင် ကိုဇင် လုပ်ခဲ့ဖူးတယ် မဟုတ်လား'

'ဩော်... မေက အဲဒီကိစ္စအတွက် လက်စားချေတဲ့သဘောလား'

ကိုဇင့် စကားကြောင့် ဒီတစ်ခါ မေ တုန်တုန်လှုပ်လှုပ် ဖြစ်၍သွားသည်။

'ဟာ... အဲဒီလို လက်စားချေတာတော့ မဟုတ်ဘူး။ မေကလေ မေ့ဆီက တစ်ခုခုယူသွားရင် အဲဒီလူဆီကလည်း တစ်ခုခုပြန်ရမှ ကျေနပ်တယ်။ မေက တစ်ခုခုလိုချင်ရင်လည်း တစ်ခုခုပေးပြီးမှ ယူတယ်'

'ကျွန်တော် နားမလည်ဘူး မေ'





'ဒီလိုလေ၊ မေ့မှာ မိန်းမစီး ဗီးဆင့်စက်ဘီးကလေးတစ်စင်း ရှိတယ်။ အဲဒီစက်ဘီးကို လိုချင်တယ်ဆိုတော့ ဖေဖေက ပထမအစမ်းမှာ ပထမရရင် ဝယ်ပေးမယ်ဆိုလို့ ပထမရအောင် ကြိုးစားခဲ့ရတယ်၊ မေ့ဆီမှာရှိတဲ့ ဖောင်တိန်တွေ၊ ကက်ဆက်၊ တီဗွီနဲ့ အောက်စက် အဲဒါတွေအားလုံးက မေ တစ်ခုခုကြိုးစားပြီးမှ ရခဲ့တဲ့ အောင်ဆုတွေပဲ'

'ဩော်... မေ့အယူအဆက တစ်မျိုးပဲနော်'

'မှားတယ် မှန်တယ်ဆိုတာတော့ မေ မပြောချင်ပါဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်က မေ့ဆီက တစ်ခုခုလိုချင်တယ်ဆိုရင် မေ့ကို သူက ဘယ်လိုလုပ်ရပ်မျိုးနဲ့ ပျော်ရွှင်စေမှာလဲဆိုတာကို ကြည့်ပြီးမှ သူတောင်းတာကို မေက ကြည်ကြည်ဖြူဖြူပေးချင်တာ၊ အဲဒါ ဆုံးသွားတဲ့ မေ့ရဲ့ ဖေဖေ့ စိတ်ဓာတ်ကို အမွေရလိုက်တာပဲ'

ကိုဇင် ရန်ခုန်သံတွေ မြန်၍လာသည်။

အခုချိန် ဖွင့်ပြောလိုက်ရင် အကောင်းဆုံးအခြေအနေဟု သူသိနေသည်။ မေသည် သူ့ကို လမ်းခင်းပေးနေတာ မဟုတ်သော်လည်း သူသာ မေပြောသွားသည့်စကားကို ပါးပါးနပ်နပ် အသုံးချနိုင်လျှင် သေသပ်ပိရိပြီး ရိုးသားသော မေတ္တာတောင်းခံပွဲကလေးတစ်ခု ဖြစ်သွားနိုင်သည်ဟု စဉ်းစားပြီး ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်၏။

'မေဆိုလိုတာက တစ်ယောက်ယောက်ကို လုပ်ရပ်တစ်ခုခုလုပ်တာကို မေက အသိမှတ်ပြုပြီးမှ သူတောင်းတာကို ပေးမယ်ဆိုတဲ့ သဘောလား'

'ဟုတ်တယ်လေ...'

'ဒါဆို. . .'

ကမ္ဘာလောကကြီးမှာရှိသော အသံတွေအားလုံးထဲက ကိုဇင့်ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



သံကြီးတစ်ခုသာ ကြားနေရသလို ခံစားရသည်။ ပြီးတော့ ကိုဇင့် ခန္ဓာကိုယ်သည် ထိုနှလုံးခုန်သံ၏ အရှိန်ကြောင့် လေထဲမှာ လွင့်နေသလိုလည်း ခံစားရ၏။

'ကျွန်တော်... မေ့ကို ချစ်တယ်...'

မေ့မျက်နှာတစ်ပြင်လုံး ရဲခနဲ တစ်ချက်ဖြစ်သွားသည်။

သို့သော်... မေ့မျက်နှာပေါ်မှာ အံ့ဩတာ၊ ဒေါသဖြစ်တာတွေ မရှိပါ။ မေ ကိုဇင့်ကို ပြန်ကြည့်နေသည့်အကြည့်က စာမေးပွဲမှာ ကောင်းကောင်း ဖြေထားနိုင်သည့် ကျောင်းသားတစ်ယောက်က အောင်စာရင်းစာရွက်ကို ကြည့်သည့် အကြည့်မျိုးနှင့် ခပ်ဆင်ဆင်တူသည်။

'ကျွန်တော် အရိုးသားဆုံးပြောတာပါ။ ဒီတော့ မေ အသိအမှတ်ပြုအောင် ကျွန်တော် ဘာလုပ်ရမလဲ မေ...'

မေသည် ပြုံး၍ ခေါင်းကို ငုံ့ချထားပြီး ထိုပြုံးနေသော နှုတ်ခမ်းများနှင့်ပင် ခေါင်းကို ခါရမ်း၍နေလေသည်။

မေသည် မျက်လွှာကို ချထားသည်။ နှုတ်ခမ်းတွေက ပြုံးနေသည်။ ခေါင်းကို ငုံ့ချထားသည်။ ထိုငုံ့ချထားသော ခေါင်းကို တံတောင်ဆစ်ထောက်ပြီး နားထင်နှစ်ဘက်သို့ လက်နှင့် အသာဖေးမထားသည်။ ပြီးတော့ ထိုခေါင်းက ရမ်းနေသည်။

'မေ... ကျွန်တော့်ကို စိတ်ဆိုးသွားပြီလား'

'မဆိုးပါဘူး၊ ဒါ ကိုဇင်ဘက်က တောင်းဆိုခွင့်ရှိတဲ့အရာကို တောင်းဆိုတာပဲ၊ ဒါပေမယ့် မေ ဘာကို အသိမှတ်ပြုစေချင်တယ်ဆိုတော့ အခု စဉ်းစားလို့ မရသေးဘူး'

'ဟာ... ရပါတယ်မေ... စဉ်းစားပါ။ ကျွန်တော်ကတော့ မေ အသိ





အမှတ်ပြုဖို့ မီးကုန်ယမ်းကုန်ကြိုးစားရမှာပဲ၊ ဒါဆိုရင် မေက ကျွန်တော် ဖွင့်ပြောတဲ့ ချစ်တယ်ဆိုတဲ့ စကားကို အသိမှတ်ပြုတယ်ပေါ့နော်'

'အရမ်းလည်း ဝမ်းသာမနေနဲ့ဦး ကိုယ့်ဆရာ၊ လျှောက်လွှာက မည်သူမဆို တင်လို့ရတာပဲ၊ ပေါက်မဲကတော့ တစ်ခုတည်းနော်'

'လျှောက်လွှာကို ပယ်မချတာကိုပဲ ဝမ်းသာလှပါပြီ မေရယ်...'

'ကောင်းပြီလေ... နောက်တစ်ပါတ် ဒီဆိုင်ကလေးမှာပဲ ပြန်တွေ့ကြတာပေါ့။ အဲဒီကျတော့မှ ကိုဇင့်ကို အသိမှတ်ပြုစေချင်တာလေးအကြောင်း ပြောပြမယ်လေ'

'အရမ်းပျော်သွားပြီ မေရယ်...'

သူနှင့် မေသန့်စင်တို့ ရင်ခုန်စွာ မျက်ဝန်းချင်း ဆုံကြပြီး ပြိုင်တူရယ်မောလိုက်ကြလေသည်။

'ဟား... မင်းဟာက တကယ့်အထူးအဆန်းကြီးပါလား!...'

'သူက မင်းကို ဘာလုပ်ခိုင်းလဲ ကိုဇင်...'

'သူလုပ်ခိုင်းတာကို ငါတို့ကရော ဘေးက ပါဝင်ကူညီခွင့်ရှိလား၊ ပြောစမ်းပါကွာ သိချင်ပြီကွ'

သူ့ကို အားတတ်သရော ဝိုင်းမေးကြသော သူငယ်ချင်းတွေကြောင့် ကိုဇင် တော်တော်လေး အားတက်သွားသည်။

'မင်းတို့ ဝင်ကူညီခွင့်ရှိပါတယ်၊ ဒါပေမယ့် မင်းတို့ ဝင်ကူညီလို့မရဘူးကွ'

'ဘာဖြို့လို့လဲ'

'ဘာတဲ့လဲကွ'

'သကြၤန်သုံးရက်မှာ ငါကိုယ်တိုင်လုံးထားတဲ့ မုန့်လုံးရေပေါ်ကို သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



အရောက် ငါ့အကျီမှာ သကြိန်ရေ လုံးဝမစိုဘဲနဲ့ လာပေးနိုင်ရင် သူ အသိအမှတ်ပြုပြီး အဖြေပေးမယ်တဲ့'

'ဟာ... အဲဒီလိုလုပ်နိုင်ရင် မင်းကို ချစ်တယ်လို့ အဖြေပေးပြီးသား မဟုတ်ဘူးလား'

'မဟုတ်ဘူး... အဲဒီတော့မှ အဲဒီ ချစ်တယ်၊ မုန်းတယ်ဆိုတဲ့ နှစ်ခုထဲက အဖြေကို ရွေးပေးမှာ'

'မင်းခုနက အောင်ပြီ အောင်ပြီလို့ အော်တာက... '

'ငါက အိမ်မှာ ၃ ရက်စလုံး မုန့်လုံးရေပေါ်ကျွေးဖို့ ပူဆာရတာပေါ့ ကွာ၊ အဲဒီတော့ မားသားကြီးက လက်မခံဘူး။ နောက်ဆုံးကျမှ အပြင်မှာ လျှောက်လည်လို့ စိတ်တထင့်ထင့်နဲ့ နေရတာထက်စာရင် အိမ်မှာ ကိုယ် မျက်စေ့အောက်မှာရှိနေတာက ပိုကောင်းတယ်လို့ ဖားသားကြီးက ဆုံးဖြတ် လိုက်လို့ အောင်ပြီလို့ ငါအော်လာတာပေါ့ကွ'

သူငယ်ချင်းတွေအားလုံးလည်း ဓာတ်ရည်လည်သွားကြပြီ။ နွေနေပူ ကလည်း ကတ္တရာလမ်းမပေါ်မှာ တံလျှပ်အသေးလေးတွေကို ဖန်တီးပေးနေ သည်။ နွေလေရူးကလေးထဲမှာ ပူလောင်သော်လည်း နှလုံးသားဖြင့်သာ ခံစား၍ရသော သကြိန်ရနံ့က ပါလာသည်။

ကဲ...

'မုန့်လုံးရေပေါ်' .. တဲ့။





အခန်း (၄)

မေသန့်စင်ငေးနေသော ခြံစည်းရိုးအလယ်တံခါးပေါက်၏ ညာဘက်မှ အထုပ်တစ်ထုပ်ကို ကိုင်၍ဝင်လာသော နွေးနွေးသွယ်ကို မြင်လိုက်ရတော့ မှ မေ၏ စိုးရိမ်နေသော စိတ်အမောကြီး ဘယ်ကိုရောက်သွားမှန်းမသိတော့ဘဲ လူတစ်ကိုယ်လုံး ပေါ့ပါး၍သွားသည်။

'နွေးရယ် စောင့်လိုက်ရတာ ရင်ကိုမောနေတာပဲ'

'အမလေး ကား ၃ ဆင့်စီးပြီး ရောက်အောင်လာရတဲ့သူက မမောရဘဲ အိမ်ရှေ့ပန်းခြံကလေးထဲမှာ သက်သက်သာသာ ထိုင်ပြီးစောင့်နေရတဲ့သူက များ မောရတယ်လို့၊ ကိုယ်ချင်းလည်း စာကြည့်စမ်းပါဦး မသွားရယ်'

'နွေးက လာနေတာ သေချာတော့ ဘာမှ စိတ်ပူစရာမရှိဘူးပေါ့၊ စောင့်ရတဲ့လူက မင်းလာ မလာဆိုတာကို စိတ်ကူးအမျိုးမျိုးတွေးရင်း စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ရင်မောတာပေါ့၊ ဖြစ်နိုင်ရင် မေက ကား ၃ ဆင့်ပဲ ပြေးစီးလိုက်ချင်တယ်'

မေက မျက်စောင်းကလေးထိုးပြီးပြောတော့ တစ်ယောက်နှင့် တစ်ယောက်ကြည့်ပြီး အားရပါးရ ရယ်လိုက်ကြသည်။

'မေမှာတာ ပါလာရဲ့လား...'

မေက နွေးလက်ကလေးနှစ်ဘက်နှင့် ရင်ဘတ်တွင် ကပ်ထားသော စက္ကူဘူးကို အလှစာရွက်ကလေးနှင့် ကပ်၍ ဖဲပြားချည်ထားသော ဘူးကလေးကို ကြည့်ပြီး ပြောခြင်းဖြစ်သည်။

'အမလေး ပါ,ပါတယ် မဘုရားရဲ့၊ ပါတော်မူပါတယ် ရှေ့'

မေက နွေးလှမ်းပေးသော စက္ကူဘူးကလေးမှ အလှစာရွက်ကလေးကို ခပ်သွက်သွက်ဖြည်ပြီးကြည့်လိုက်တော့ ပန်းအိုးကလေးထဲတွင် တစ်ထွာခန့်ရှိသော စံပယ်ပင်ကလေးကို တွေ့လိုက်ရသည်။ မြေပန်းအိုးကလေးထဲတွင်ရှိသော စံပယ်ပင်ကလေးမှာ အရွက်စိမ်းစိမ်းကလေးတွေလည်း ပါသည်။ စံပယ်ပန်းကလေးတစ်ပွင့်လည်း ပါသည်။ နောက်ချေး အနည်းငယ်ရောထားသော ရေသင့်ယုံလောင်းထားသည့် မြေစိုစိုကလေးလည်းပါသည်။

'ကဲ... ကြည့်တော်မူမနေနဲ့ မဘုရား၊ အပွင့်ရော၊ အရွက်ရော၊ အမြစ်ရော အစုံပါတယ်၊ ငါတို့က ကတိတည်တယ်'

'အမလေး မေတို့ကလည်း တည်ပါတယ်နော်၊ ဒီမှာတွေ့တယ်မဟုတ်လား အဝတ်အစားလဲပြီးသား Ready ပဲ'

'မေ...'

'ပြော...'

မေက ပန်းအိုးလေးကို အမြတ်တနိုးကြည့်နေရင်း ခွင့်ပြုသည်။





'မေ စိတ်တော့မဆိုးနဲ့နော်၊ မေ ဒီစပယ်ပန်းပင်ကလေးကို လိုချင်တယ်ဆိုရင်လည်း ငါက ပေးပါတယ်ဟာ၊ ဒါ တကယ့်ရင်ထဲက လာတဲ့စကားဆိုတာ နင်ယုံပါဟာ...'

'အင်း...'

'မေက တစ်ခုခုရမှ တစ်ခုခုပြန်လုပ်ပေးတတ်တဲ့ အကျင့်ကို ဖျောက်လိုက်ပါဟာ၊ ငါတို့ မြန်မာဗုဒ္ဓဘာသာမှာ အလှူဆိုတာရှိတယ်လေဟာ။ အလှူဆိုတာ ကိုယ်ကပဲ ပေးရတာလေ၊ ဘာတစ်ခုမှ ပြန်မယူရဘူးလေ'

'ကုသိုလ်တော့ ပြန်လိုချင်တာပဲ မဟုတ်လား'

'နင်ပြောသလိုမဟုတ်ဘူး မေရာ၊ အဲဒါကို ငါ စိတ်ထဲကသိနေတယ်၊ ဒါပေမယ့် နင်ပြောသလိုတော့ မဟုတ်ဘူး၊ ကဲပါ ဒီအကြောင်းတွေ ပြောမနေနဲ့တော့ သွားကြရအောင်...'

'သွားမယ်လေ... ခဏလေးနော်၊ မေမေ့ကို ပြောရင်းနဲ့ ဒီပန်းအိုးလေးကို တို့ပြန်လာမှ နေရာရွေးမယ်လို့ မှာထားခဲ့ရဦးမှာ'

စကားဆုံးသည်နှင့် မေသည် ရွှေငါးကလေးတစ်ကောင်လို နွေးအနားမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

နွေးက နိုင်ငံခြားတွင် အလုပ်သွားလုပ်နေသော သူ့ချစ်သူ၏ ကျန်းမာရေးအတွက် ကန်တော်ကြီးတွင် ငါးသက်စေ့လွှတ်ရမည်ဆိုသဖြင့် မေ့ကိုခေါ်ရာ မေက နွေးတို့ပန်းခြံကလေးထဲက စံပယ်ပန်းအိုးကလေးတစ်အိုးရလျှင်လိုက်မည်ဟု ပြောသဖြင့် နွေးက ပေးရခြင်းဖြစ်သည်။ တော်တော်ကြာသည်အထိ မေထွက်မလာပါ။ မိနစ် ၂၀ လောက်ကြာမှ ထွက်လာသည်။

'မေရာ ကြာလိုက်တာကွာ...'

'စောင့်ရတဲ့လူရဲ့ ရင်ပူတဲ့ခံစားချက်ကို ဒီလိုခံစားတယ်ဆိုတာ မင်းသိ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီမဟုတ်လား နွေး’

‘ဟင်း... မေ... မေ မင်းကိုတော့ နွေး ဘာမှကို မပြောချင်တော့ပါဘူးကွာ’

နွေး စိတ်မကောင်းတကယ်ဖြစ်မှန်း သိတော့မှ မေက နွေးပခုံးလေးကို လက်သီးနှင့် ဖွဖွလေးထိုးရင်း...

‘အလကားစတာပါကွာ၊ ကိုယ်တို့ ဘုရားသွားမှာဆိုတော့ မေမေက မေ့ကို ယတြာတစ်ခုပေးနေလို့ ကြာနေတာပါ’

‘ယတြာ... ဘယ်သူ့အတွက်လဲ’

‘အံ့သြဖို့ကောင်းတယ်ဆရာ၊ ယတြာက ကိုယ့်အတွက်တဲ့၊ ရှေ့နှစ်ထဲမှာ မေ အိမ်ထောင်ကျကိန်းရှိသတဲ့၊ မကျစေချင်ရင် မေ့မွေးနံ့ဒေါင့်မှာရှိတဲ့ ဘုရားကို ရေသက်စေ့လောင်း၊ ထီးဖြူနီနဲ့ တံခွန်ကုက္ကားလည်း ထိုးရမယ်တဲ့’

‘ခက်ခက်ခဲခဲ တစ်ခုမှမပါ,ပါဘူး မေရဲ့’

‘နွေးက အဲဒီယတြာကို မေလုပ်မယ်ထင်လို့လား’

‘ဟင်... မလုပ်ဘူးလား’

မေ့ မျက်နှာသည် ပုံမှန် ပျော်ရွှင်စွာပြောနေရာမှ ရုတ်တရက် တည်၍ သွားသည်။

‘မေ့ဘဝမှာ ဒီဟာလိုချင်လို့ ဟိုဟာပေးရတာရယ်၊ ဟိုဟာလိုချင်လို့ ဒီဟာပေးရတာရယ် ဆိုတဲ့ ကိစ္စကို လုံးဝမလုပ်တာ မြတ်စွာဘုရားပဲရှိတယ်၊ မေ ဘုရားကို ရေ၊ ဆွမ်း၊ မီး ကပ်တယ်၊ ဒါပေမယ့် မေ ဘယ်တော့မှ ဘုရားဆီက ဆုမတောင်းဖူးဘူး၊ ပန်းလေးကပ် ဆီမီးကလေးပူဇော်ပြီးတော့ ဘုရားဆီက ဆုတွေအများကြီးရအောင် တောင်းတာကို မေ မလုပ်ချင်ဘူး၊ ဘုရားကို အားနာလို့’





‘ကဲ... တော်ပါတော့ မိရွှေမေရေ၊ ဆက်ပြောရင် ကျုပ်ကို မိုးကြိုးလည်း ပစ်ချင်ပစ်လိမ့်မယ်၊ ငါးကန်ထဲကိုလည်း ဇောက်ထိုးကျချင်ကျလိမ့်မယ် တော်ပါတော့’

နွေး့စကားကြောင့် မေက အားရပါးရရယ်သည်။ နွေးလည်း လိုက်ရယ်၏။ ပြီးတော့မှ နွေးက စကားဆက်သည်။

‘ဒါနဲ့ နေပါဦး ဟိုငတိဟာ ငတိ အဲ ကျော်ဇင်။ သူက မင်းကို ချစ်တယ်လို့ပြောပြီး အချစ်တောင်းထားတော့ မင်းက သူ့ဆီက ဘာပြန်တောင်းထားလဲ’

‘သင်္ကြန် ၃ ရက်မှာ မုန့်လုံးရေပေါ်လာပေးဖို့ တောင်းထားတယ်’

‘ဟယ်... ကြည့်စမ်း ခွေးမလေး။ သင်္ကြန်မှာ အပေါဆုံးက မုန့်လုံးရေပေါ်ပဲ၊ အဲဒါပေးရင် အဖြေပေးမယ်ဆိုတော့ မေက သူ့ကို ကြိုက်ပါတယ် ချစ်ပါတယ်ရှင်လို့ ပြောတာနဲ့ အတူတူပဲ မဟုတ်လား’

‘နွေးက သေသေချာချာ မမေးတာကိုးကွ၊ တစ် အဲဒီမုန့်လုံးရေပေါ်ဟာ သူကိုယ်တိုင်လုံးတာ ဖြစ်ရမယ်’

‘မရွှေစာ... သူကိုယ်တိုင် လုံး မလုံး ဘယ်လိုလုပ် ရှင်ကသိမှာလဲ’

‘ယောကျ်ားလေးတွေက မုန့်လုံးရေပေါ် မလုံးတတ်ဘူးကွ၊ သူတို့လုံးတဲ့ မုန့်လုံးရေပေါ်ဟာ လုံးလုံးဝိုင်းဝိုင်းကလေးတွေ မဖြစ်ဘူး၊ ကြီးလိုက် သေးလိုက်နဲ့ အလုံးလည်း မမှန်ဘူးလေ’

‘ကဲ... ဒါဆို ၂ ကရော’

‘အဲဒီမုန့်လုံးရေပေါ်ကို သူကိုယ်တိုင် သင်္ကြန်ရေတစ်စက်မှ မစိုဘဲနဲ့ မေ့ဆီကို အရောက်လာပေးရမယ်၊ အဲဒီ ၂ ချက်နဲ့ပြည့်စုံရင် မေ သူ့ကို စဉ်းစားမယ်’



www.burmeseclassic.com

www.burmeseclassic.com



'အင်း... မေ... မေ မင်းအချစ်က မုန့်လုံးရေပေါ်လို ထည့်လိုက်ရင် စွပ်ခနဲ မြုပ်သွားပြီး ခဏနေရင် ဘွားခနဲ ပြန်ပေါ်လာမယ့် အချစ်ပါကွာ၊ နွေးသိပါတယ်'

နွေး၏စကားဆုံးတော့ မေက တသိမ့်သိမ့် ရယ်လေသည်။

■





ဒီနေ့အဖို့ မေသန့်စင်အတွက် ကံကောင်းသည်ဟု ပြော၍ရသော နေ့တစ်နေ့ဖြစ်သည်ဟု ပြော၍ရပါသည်။ ကားပေါ်တက်ပြီး ၁၅ မိနစ်လောက် အကြာတွင် သူရပ်နေသော ခုံမှ ဦးလေးကြီးတစ်ယောက် ဆင်းသွားသဖြင့် သူ နေရာအလွယ်တကူ ရခဲ့သည်။ အရင်နေ့တွေတုန်းကဆိုလျှင် သူဆင်းရသည့် မှတ်တိုင်အထိ မတ်တတ်ပင် ရပ်လိုက်ခဲ့ရတာများသည်။

နောက်ထပ် ၁၀ မိနစ်လောက်ကြာတော့ ပြတင်းပေါက်က အဒေါ်ကြီးက ဆင်းပြန်သဖြင့် ပြတင်းပေါက်နေရာကို သူရရှိသွားပြန်သည်။ ထပ်ကံကောင်းသည်က သူ့ပြတင်းပေါက်ဘက်အခြမ်းက နေရိပ်သောဘက်ဖြစ်နေပြန်သည်။

သူတို့လို ရရစားစားဘဝမှာတော့ ဒေပူးကားကြီး၏ ပြတင်းပေါက်မှာ နေရာရခြင်းသည်ပင်လျှင် ကြီးမားလှစွာသော ချမ်းသာသုခတစ်မျိုးပင် ဖြစ်သည်မို့ မေသည် ပြတင်းပေါက်မှ လမ်းဘေးက လူတွေ၊ ကားတွေ၊ store



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွေ၊ လမ်းဘေးဆိုင်တွေကို ငေးရင်း ကြီးလှစွာသောဇိမ်ကို ခံစားရင်း ဒီနေ့ သူကိုင်တွယ်ရသော ခြောက်လစာ ငွေလွှဲစာရင်းကို စာရင်းစစ်ဝင်မည့်အကြောင်းက ခေါင်းထဲသို့ ရောက်လာသည်။ သူသည် သူ့စာရင်းတွေကို အကြိမ်ကြိမ်စစ်ဆေးခဲ့ပြီးပါပြီ၊ ကိုယ်က ရိုးဖြောင့်ရုံနှင့်မရ၊ ကိုယ့်အောက်လက်ငယ်သားဆိုတာက ရှိသေးသည်မဟုတ်လား။

ထိုသို့ တွေးနေချိန်မှာပင် 'အုန်းဒိုင်း'ဆိုသော အသံကြီး တစ်ချက်မြည်သွားပြီး မေတို့စီးလာသောကားသည် လမ်းဘေးသို့ စိုက်ဆင်းသွားသည်။ လူတွေအော်သံဟစ်သံတွေနှင့် ပွက်လောရိုက်၍သွားသည်။ နောက်ဆုံး ကြားလိုက်ရသည့်အသံက 'ကားဘီးပေါက်သွားပြီ'' ဖြစ်သည်။

ခလယ်ကန်းမှာ ရပ်နေသူတွေကတော့ ကားပေါ်က ဆင်းသွားကြသည်။

နေရာရထားသူတွေကတော့ ကားများ ရုတ်တရက်ပြန်ကောင်းလာလျှင် သူတို့နေရာကို ပြန်မရမှာစိုးရိမ်သော သောက၊ မောဟ၊ တဏှာတို့ဖြင့် ထိုင်မြဲ ထိုင်နေကြဆဲ ဖြစ်ပါသည်။ ထိုသို့ ထိုင်နေကြသော လူများထဲတွင် မေလည်းပါသည်။

ဟုတ်တယ်လေ။ ကိုယ့်နေရာက ပြတင်းပေါက်နေရာကလေး၊ ပြီးတော့ နေကလည်းရိပ်နေသေးသည်။ မတော်လို့ လူများဦးသွားရင် ဘယ်နှဲ့လုပ်မလဲ။

'ဘီးပေါက်သွားတာပါခင်ဗျာ၊ ဂျိုင့်ထောက်ဖို့ ကားပေါ်မှာရှိတဲ့လူတွေအားလုံး ဆင်းပေးကြပါ။ ကူညီခင်ဗျာ...'

ကားဆရာ၏ စကားဆုံးတော့ နေရာရထားသူအချင်းချင်း ကြည့်လိုက်ကြသည်။ အမိပ္ပာယ်က ဆက်ထိုင်မလား၊ ဆင်းမလား ဆိုသည့်သဘောဖြစ်သည်။





'အေး... ငါတို့ ဆင်းပေးမယ်၊ ကားပြန်ကောင်းသွားရင် ငါတို့နေရာတွေကို ငါတို့ဘဲထိုင်ရရင် ဆင်းပေးမယ်'

'စိတ်ချပါခင်ဗျာ၊ ကိုယ့်နေရာလေးတွေသာ ကိုယ်မှတ်ထားကြပါ'

ကားဆရာ၏ ကတိစကားကိုရတော့ ထိုလူကြီးကိုယ်တိုင်က ကားပေါ်က ဆင်းပေးလိုက်သဖြင့် ကျန်လူများလည်း လိုက်ဆင်းကြရသည်။ ကားအောက်ကိုရောက်တော့မှ ထိုကားပေါ်မှာ စီးနင်းလိုက်ပါလာကြသူ လေးပုံလျှင် သုံးပုံမှာ ခြင်းကလေးတွေနှင့် ထမင်းဘူးကိုထည့်ပြီး ရေသန့်ပုလင်း၊ တစ်ရှူးပေပါ စသည်တို့ကိုကိုင်ထားကြသော အစိုးရဝန်ထမ်း(သို့) Company ဝန်ထမ်းတွေ ဖြစ်နေခြင်းပင် ဖြစ်သည်။

ကားပေါ်မှာ လူကုန်သွားတော့မှ ကားဆရာက သူ့ပစ္စည်းကိရိယာတွေကို ထုတ်သည်။ ဘီးကိုချွတ်ပြီး အပိုယူလာသော ဘီးနှင့် လဲ၍တပ်မည်ဖြစ်သည်။ ပေါက်သွားသည့်ဘီး၏ မူလီတစ်ချောင်းကို ကျွတ်အောင် လူတစ်ယောက်က အကြိမ်သုံးဆယ်လောက် တက်ခုန်မှ ရသည်ဆိုတော့ မေတော်တော်လေး စိတ်ညစ်၍သွားသည်။

ထိုစဉ် ထိုလိုင်းကပဲ ကားတစ်စင်းထိုးရပ်သည်။ သူတို့ကားပေါ်ကလူတွေ ထိုးရပ်သောကားပေါ်သို့ စုပြုံ၍ ပြေးသွားကြသည်။ မေလည်း ယောင်ပြီး လိုက်ပြေးပါသေးသည်။ သို့သော် ထိုရပ်ထားသောကားကလည်း လူအပြည့်နှင့်မို့ လေးငါးခြောက်ယောက်သာ တက်၍ရပါသည်။ မေ စိတ်တော်တော်မောသွားသည်။

နောက်တစ်စင်းထိုးရပ်ပြန်သည်။ မေ ပြေးသည်။ ထုံးစံအတိုင်း ကျန်ရစ်ခဲ့သည်။ မေ နာရီကို ငုံ့ကြည့်တော့ ကိုးနာရီထိုးဖို့ မိမိအစိတ်လိုသေးသော်လည်း စာရင်းစစ်များမလာမီ သူကြိုရောက်နေသင့်သောအချိန် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကားဘီးတပ်တာ ဘယ်လောက်ကြာဦးမလဲဟင်'

'နောက်တစ်နာရီလောက်ဆို ပြီးပါပြီ'

'ဩော်...'

မေက ကားပဲ ငှားပြီးလစ်တော့မည်ဟု ဆုံးဖြတ်၍ ကားငှားသော်လည်း ကားတွေက လူပါတာများသည်။ အေးလေ သူတို့လည်း လူမရဘဲ ဘယ်လျှောက်မောင်းနေနိုင်မှာတုန်း။

နာရီကြည့်တော့ မိနစ် ၂၀ သာ လိုတော့သည်။

ထိုအချိန်တွင် ကကတစ်စင်းလာနေသည်ကိုတွေ့ရသဖြင့် မေ ကမန်းကတမ်း လက်တားတော့ ကားက ညင်သာစွာ ထိုးရပ်သည်။ ကားသမားက ဘီးဖြုတ်နေသော ကားကြီးကို တစ်ချက်ကြည့်သည်။ ပြီးတော့ မေကိုင်ထားသည့် လိမ္မော်ရောင် ပလတ်စတစ်ခြင်းလေးကို တစ်ချက်ကြည့်သည်။ ပြီးတော့ ပြုံး၏။

'ဘားလမ်းကို သွားမလို့ပါ'

'ဩော်... ဘားလမ်း... ဟုတ်ပြီ... ဟုတ်ပြီ'

'ဘယ်လောက်ပေးရမလဲရှင်'

'ဘားလမ်းကိုဆိုတော့...'

ကားဆရာက မေ့ကို တစ်ချက်ကြည့်ပြန်သည်။

'လေးထောင်တော့ ပေးဗျာ'

'ရှင် လေးထောင်၊ ဒီမှာ ကျွန်မတို့သွားကောလိပ်ကငှားတာတောင်မှ သုံးထောင့်ငါးရာဆိုတာ အလွန်ဆုံးပဲ၊ အခု ဒီ စက်ဆန်းကနေ ငှားတာ လေးထောင်ဆိုတော့ ရှင့်ဈေးက မလွန်လွန်းဘူးလား'

ကားဆရာက ပြုံးသည်။





'ဒါကတော့အစ်မရယ် ကာလ၊ ဒေသဆိုတာ ရှိတာကိုး၊ အစ်မ ဘယ်လောက်ပေးမလဲ'

'ငါးရာ'

ကားသမားမျက်နှာ တင်းခနဲဖြစ်သွားပြီး မေ့ကို မော့ကြည့်တော့ သူ့မျက်နှာထက် ငါးဆလောက် တင်းမာနေသော မေ့မျက်နှာကို တွေ့လိုက်ရတော့ တောက်တစ်ချက်ခေါက်ပြီး ကားကို ဝေါခနဲ မောင်းထွက်သွားသည်။

မေ Company သို့ရောက်ချိန် နောက်ကျသဖြင့် ဒီအလုပ်မှ ထွက်ချင်ထွက်ရပါစေ မတရားသောစိတ်ထားနှင့် သူတစ်ပါး၏ အားနည်းချက်ကို အခွင့်ကောင်းယူသူ၏ကားကိုတော့ မေ တစ်သက်လုံး အရှုံးပေးမည်မဟုတ်ပါ။

ထိုစဉ် ကားတစ်စင်းထိုးရပ်ပြန်သည်။ မေလည်း ထိုကားထဲသို့ ခန္ဓာကိုယ်ကိုရောက်အောင် ကြိုးစားသော်လည်း အချည်းအနှီးသာဖြစ်ပြီး တပ်ပြန်ဆုတ်ခဲ့ရ၏။ နာရီကိုကြည့်တော့ ဆယ့်ခုနစ်မိနစ်လောက်သာ လိုတော့၏။ ဒီတစ်ခါ ကကကားလာလျှင်တော့ ဈေးအတန်ငယ်ညှိ၍ စီးရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ယခုအနေအထားတွင် အချိန်သည် ငွေထက်ပို၍ အရေးကြီးသွားပြီ ဖြစ်သည်။

ထိုစဉ် မေ့အနီးသို့ ကားတစ်စင်းထိုးရပ်သည်။

သို့သော် မောင်းသူက ကိုဇင် ဖြစ်နေသည်။

'မေ... ရုံးသွားမလို့မဟုတ်လား၊ ကားပျက်တာလား၊ လာရင် မေ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

မေ တစ်ချက်စဉ်းစားသည်။

အခုအချိန်မှာ မေ အကူအညီလိုနေတာကတော့ အမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေ့ကို အကူအညီပေးမည့်သူက မေ့ကို ချစ်ပါတယ်ဟု တရားဝင်ပြောထားသူတစ်ယောက် ဖြစ်နေသည်။

သင့်တော်ပါ့မလားဆိုသော အတွေးသည် မေ့ ဏှခြေနှင့် ရင်ခုန်သံနှစ်ခုအကြားတွင် ဟိုခုန်ဒီခုန် လုပ်လျက်ရှိသည်။

မေ အောက်နှုတ်ခမ်းကလေးကို တစ်ချက် ဖိကိုက်လိုက်သည်။ ပြီးတော့ မေ နောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ဖွင့်လို့ မရပါ။

'ဟာ... မမေသန့်စင် sorry ဗျာ။ ကျွန်တော် Lock တွေချထားမိတာမေ့နေလို့၊ ဖွင့်လို့ရပါပြီ'

ရက်ပါတယ်ဆိုနေမှ ထပ်ရက်စရာကြုံသွားရသဖြင့် မေ စိတ်တိုသွားမိတာတော့ အမှန်ပင်ဖြစ်သည်။ သို့သော် မေ ဘာမှပြန်မပြောဘဲ ကားထဲဝင်ထိုင်လိုက်သည်။

'ကျွန်တော်က မေလိုက်ဖို့ မလိုက်ဖို့ ဆုံးဖြတ်မယ့်အပေါ်မှာ အရမ်းစိတ်လှုပ်ရှားနေလို့ Lock ဖွင့်ဖို့ကို မေ့သွားတာ'

မေသည် ထိုကိစ္စကို ထပ်မပြောချင်တော့သဖြင့် ဘာမှမပြောဘဲ မိတ်ကပ်ဘူးကလေးကိုဖွင့်၍ တို့ပါတ်နည်းနည်းရိုက်သည်။

မေ့နှဖူးမှာ ချွေးစကလေးတွေ သီးနေသည် မဟုတ်လား။

'ဟာ... ဒီတစ်ခါလည်း ကျွန်တော် ညံ့ပြန်ပြီမေရေ... Air - con ဖွင့်မပေးမိဘူး၊ sorry ဗျာ sorry...'

'ရပါတယ်...'

'ဟာ... ဘာဖြစ်လို့ရရမှာလဲ၊ ဖွင့်ရမယ်... ဒါပဲကွ'

ကျော်ဇင့်ပုံက တော်တော်ပျော်နေပုံရသည်။

ကျော်ဇင်ပျော်နေပုံက သူလိုချင်သည့်အရုပ်ကို ရသွားသော ကလေးတစ်ယောက်၏ ပျော်ပုံမျိုးနှင့် တူနေသည်။





'မေမေက ကျွန်တော့်ကို ငယ်ငယ်ကလေးကတည်းက ဆုံးမထားတာလေးတစ်ခုရှိတယ်၊ အဲဒါက လူတိုင်းကို ကူညီရမယ်တဲ့၊ ကိုယ်ကူညီလိုက်လို့ အဲဒီလူ ပျော်ရွှင်သွားတယ်ဆိုရင် အဲဒီ ပျော်ရွှင်မှုဟာ သူ့အလိုလိုကိုယ့်ဆီကိုလည်း ကူးဆက်လာတတ်တယ်တဲ့'

'............'

'ပြီးတော့ မေမေက ကံငါးပါးကို အတတ်နိုင်ဆုံး လုံခြုံအောင် ထိမ်းနိုင်းတယ်၊ တကယ်လို့ မေမေ့ရှေ့မှာပဲဖြစ်ဖြစ် ကွယ်ရာမှာပဲ ဖြစ်ဖြစ် ကံငါးပါးထဲက တစ်ပါးကို ကျူးလွန်မိရင် မေမေ့ကိုဖွင့်ပြောရတယ်၊ အဲဒီတော့ မေမေက အပြစ်ပေးရော၊ မေမေပေးတဲ့အပြစ်က ရယ်ရတယ်ခင်ဗျ၊ ဒီနေ့သင်လိုက်တဲ့ စာတွေအားလုံးကို အရကျက်ပြီး ညနေ ထမင်းမစားခင်တစ်ကြိမ် ထမင်းစားပြီးရင်တစ်ကြိမ် အိပ်ရာဝင်ခါနီးရင်တစ်ကြိမ် ပြန်ဆိုပြရတာ'

'...........'

မေ့ထံမှ ဘာတုံ့ပြန်သံမှ မရသော်လည်း ကိုဇင့်ပုံစံက ပျော်နေတယ်ဆိုတာ မြင်ရုံနှင့် သိသာပါသည်။

ကိုဇင်က ကားမောင်းရင်း ကားထဲမှ နောက်ကြည့်မှန်ကို နေရာအနည်းငယ်ရွှေ့သည်။ ကားမောင်းရင်း မေ့ကိုကြည့်ရန်အတွက် ဖြစ်၏။

မေ ချက်ချင်းတော့ မလှုပ်ရှားသေး၊ ခဏကြာတော့ ခါးအစပ်နားက အင်္ကျီကို ဆွဲချသလို ဘာလိုနှင့် နေရာရွှေ့ပစ်လိုက်သည်။

ကိုဇင် စိတ်ဓာတ်နည်းနည်းကျကာ ခေါင်းကို တစ်ချ[illegible]မ်းသည်။

ကိုယ်ပိုင်ကားမို့ လိုင်းကားလို ပုဇွန်တောင်ဈေးဘက်[illegible] လျှောက်ပတ်မောင်းနေစရာမလိုသောကြောင့် ရေကျော်ထဲမှ ဖြည်းမောင်းရသဖြင့် ၁၀



www.burmeseclassic.com

www.burmeseclassic.com



မိနစ်အတွင်း မေ့ ဘဏ်နားသို့ ရောက်၍သွား၏။

'ကျွန်တော် ဘွဲ့ရပြီးကတည်းက ကျွန်တော့်အိမ်ထောင်ရေးကိစ္စကို ဖေဖေနဲ့ မေမေက ဆွေးနွေးတယ်။ ကျွန်တော်တို့မိသားစုမှာရှိတဲ့ ယုံယုံကြည်ကြည် လက်ခံထားတဲ့ မူဝါဒကတော့ တစ်ဦးနဲ့ တစ်ဦး မလိမ်ကြတာပဲ။ ကျွန်တော့်ကို အိမ်ထောင်ရေးအတွက်နဲ့ သူတို့သဘောကျထားတဲ့ မိန်းကလေးတွေကို ပြောပါတယ်'

ကားက မီးပွိုင့်မှ လွတ်လိုက်သဖြင့် စကားခဏပြတ်သွားကြသည်။

'သူတို့ပြောတဲ့ မိန်းကလေးတွေကိုလည်း ကျွန်တော် သိပါတယ်၊ ဒါပေမယ့် အဲဒီမိန်းကလေးတွေကို ကျွန်တော် ရင်မခုန်ဘူး၊ သူငယ်ချင်းနှမ ညီမဆိုတဲ့ ခံစားချက်ထက် မပိုနိုင်ခဲ့ဘူး၊ အခု မမေသန့်စင်နဲ့ တွေ့တော့မှပဲ ရင်ခုန်တာပါ'

'....................'

'ကျွန်တော် အဖေနဲ့ အမေကို ကျွန်တော် ရင်ခုန်ရတဲ့ သူတစ်ယောက်တွေ့ထားပြီးပြီလို့တော့ ပြောထားပါတယ်၊ ဒါပေမဲ့ အဲဒီလူဟာ မမေသန့်စင်ပါလို့တော့ မပြောထားသေးဘူး၊ အဲဒါ တကယ်ပါ'

'....................'

'အမှန်ဆိုရင်တော့ ကျွန်တော် မမေသန့်စင်ကို မပြောသင့်သေးဘူးဆိုတာ သိပါတယ်'

'....................'

'ဒီတစ်ခါတော့ ဦးနှောက်ဆင်ခြင်သိကို နှလုံးသားက အလဲထိုးသွားတာကို ကျွန်တော် ခံလိုက်ရတာ၊ မမေသန့်စင်က ကျွန်တော့်ကို အထင်သေးမသွားတဲ့အတွက် အရမ်းကျေးဇူးတင်တာပဲ'





'အဲဒီ ရှေ့နားကလေးဆိုရင် ရပြီ...'

'ဒီမှာ ဖြူနီကြားကြီး၊ ရှေ့နားမှာ ရပ်ပေးမယ်နော်'

မေ တံခါးဖွင့်ပြီး ဆင်းလိုက်သည်။ ပြီးတော့ ကျော်ဇင်ရှိရာ ပြတင်းပေါက်နားသို့ ရောက်လာပြီး ကိုဇင့်ကို ပြုံးပြရင်းက...

'ကျွန်မ ရုံးကို အချိန်မှီရောက်ပါတယ်၊ ကိုကျော်ဇင့်ဆီက အကူအညီယူမိတဲ့အတွက် ပြန်ပေးတဲ့အနေနဲ့ ကိုကျော်ဇင်ပြောသမျှစကားတွေကို မငြီးမညူ နားထောင်ပေးခဲ့ပါတယ်၊ ကျွန်မဘက်က တတ်နိုင်သမျှ ပြန်ပေးတဲ့သဘောပါ။ အဲဒီစကားတွေကို ယုံလို့ ကျွန်မက တိတ်နေတာ မဟုတ်ပါဘူး။ ဒါ ပြန်ပေးတာပါ'

'မမေသန့်စင် အဲဒီလိုတော့ မပြောပါနဲ့ဗျာ'

'ပြီးတော့ ကိုဇင်၊ ကံငါးပါးထဲက တစ်ပါးကျိုးမှာစိုးလို့ ပိုင်ရှင်မကြည်ဖြူပဲ မျက်နှာကို ကြည့်လို့မရအောင် နေရာရွှေ့ပေးခဲ့တာပါ။ တစ်မျိုးတော့ မထင်ပါနဲ့...'

'မဟုတ်သေးဘူး မမေသန့်စင်၊ မမေသန့်စင် ထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူး၊ အဲဒီကိစ္စကို ကျွန်တော် မနက်ဖြန်လာရှင်းမယ် ဒါပဲ'

ကားကို ကျော်ဇင် ဝေါခနဲ မောင်းထွက်သွားတာကိုကြည့်ရင်း မေ တစ်ချက်တော့ ငိုင်သွားသည်။

'ငါပြောလိုက်တာ ရင့်သီးသလိုများ ဖြစ်သွားပြီလား' ဟုလည်း တွေးမိသွားသည်။ 'ကျေးဇူးတင်ပါတယ်' လို့ ပြောရုံနဲ့ပင်လျှင် ပြီးခဲ့သည့်ကိစ္စကို ဘာဖြစ်လို့ သူပြဿနာဖြစ်အောင် ဒီစကားတွေ ပြောခဲ့မှန်း သူ့ကိုယ်သူလည်း အံ့သြလျက်ရှိသည်။

ပြဿနာတစ်ခုကို ခေါင်းထဲမှာ ကြာကြာမထားတတ်သော မေသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို အိမ်ကျမှ သေသေချာချာ တွေးတောမည်ဟု ဆုံးဖြတ်၍ ဘဏ်ထဲသို့ ဝင်ခဲ့သည်။

●





## အခန်း (၅)

မေသည် ၄ လမ်းထဲကနေ ကားလမ်းမပေါ်သို့ တက်လိုက်သည်နှင့် သူ့ကားကို တွေ့လိုက်ရလေသည်။ အဲဒီတော့မှ မနေ့က စကားကို မကျေနပ်ဘဲ ရှင်းပြမည်ဟု ပြောထားသော သူ့စကားကို သတိပြန်ရသည်။

ပထမ သူ့ကားကိုရှောင်ပြီး ကားမှတ်တိုင်မှာ သွားရပ်နေဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် သူရဲဘောကြောင်သလို ဖြစ်သွားနိုင်သည်ဟု တွေးမိပြန်သည်။

သူလုပ်ခဲ့သည့် ကိစ္စသည် သူ့အတွက် မှန်သည်ဟု ယုံကြည်သဖြင့် ကိုဇင့်ကို ရှောင်နေစရာမလိုဟု ဆုံးဖြတ်လိုက်ပြီး နောက်ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်သည်။

မေ့အပြုအမူကြောင့် ကျော်ဇင် တော်တော်ကလေးကို မြင်ပြီး စိတ်နှင့်ကိုယ် လွင့်ထွက်သွားမတတ် ဝမ်းသာ၍သွား၏။ ခြေမကိုင်မိ လက်မကိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး စတီယာရင်ကြီးကိုသာ ဆုပ်ကိုင်ထားမိလေသည်။

‘မောင်းလေ…’

‘ဟုတ်… ဟုတ်ကဲ့… ဟုတ်ကဲ့ခင်ဗျ’

ကားကလေးက ငြိမ့်ခနဲ ထွက်သွားသည်။ ပါတ်ဝန်းကျင်က အထူးအဆန်း လှမ်းကြည့်ကြသော မျက်ဝန်းတွေကို မေ ဂရုမစိုက်ပါ။ ရပ်ကွက်ကလေးထဲက အတင်းပြောချန်ပီယံတွေထဲမှာတော့ အခုသတင်းသည် Top Ten စာရင်းထဲဝင်မှာ သေချာ၏။

‘ကျွန်… ကျွန်တော်က မေ့ကို တော်တော်ခက်ခက်ခဲခဲ ခေါ်ယူရမယ်လို့ ထင်တာ’

မေ မျက်နှာပျက်သွားခြင်းမရှိပါ။ ယဉ်ယဉ်ကလေးပင်ပြုံး၍ နေလိုက်ပါသေးသည်။ ကျော်ဇင့်အတွေးသည် ရပ်ကွက်ထဲက အတင်းပြောတတ်သည့် မိန်းမတွေရဲ့ အတွေးလောက်ပဲ ရှိသည်ဆိုလျှင်တော့ ကားရပ်နိုင်းကာ ထိုနေရာမှ ဆင်းပြီး ရုံးကို တခြားနည်းနှင့်သွားရန် ဆုံးဖြတ်လိုက်၏။ သို့သော် စုံစမ်းရဦးမည်။

‘အံ့သြသွားတယ်ပေါ့ ဟုတ်လား’

‘ဟုတ်တယ် မမေသန့်စင်… အံ့သြသွားတာ’

‘ဘာဖြစ်လို့လဲ… ’

‘ဒီလိုပါဗျာ၊ အင်မတန် ဣန္ဒြေသိက္ခာကြီးမားတဲ့ မမေသန့်စင်လို မိန်းကလေးမျိုးက ရဲရဲရင့်ရင့်ပဲ ကျွန်တော့်ကားပေါ်ကို တက်လာတာရယ်၊ ကျွန်တော့်အပေါ်မှာ ယုံကြည်မှုထားတာရယ်၊ ပြီးတော့ ပတ်ဝန်းကျင်က မျက်လုံးတွေကို ဂရုမစိုက်တာရယ် ကျွန်တော်မှားတာပါဗျာ၊ အမှန်ဆို ကားကို သစ်စက်ရှေ့လောက်မှာ ရပ်ထားသင့်တာ၊ အဲဒီမှာသွားရပ်ဖို့ စဉ်းစားပါသေး





တယ်၊ ဒါပေမဲ့ မမေသန့်စင်က ကျွန်တော့်ကားကို မတွေ့ရင် ဘတ်(စ်)ကားပေါ် တက်သွားမှာစိုးလို့ ပြီးတော့လေ…’

‘တော်ပြီနော်… မပြောနဲ့တော့’

မေက သူလိုချင်သောအဖြေကို ရသွားပြီဖြစ်သည့်အတွက် ကိုဇင့်ကို လှမ်းတားသည်။ ဆက်ပြောလျှင် ရည်းစားစကားဘက်ကို ရောက်သွားနိုင်သည်ဆိုတာကိုလည်း သတိထားမိသွားသောကြောင့်လည်း ဖြစ်ပါသည်။

‘ကဲ… မနေ့ကကိစ္စမှာ ဘာကိုမကျေနပ်တာလဲ ပြော…’

ကျော်ဇင် အသံခဏတိတ်သွားသည်။

ထိုသို့ ကျော်ဇင် တိတ်ဆိတ်နေခြင်းမှာ သူ့ကိုယ်သူ စကားပြောနေတာ မပြီးသေးသောကြောင့် ဖြစ်၏။ ငါ့မှာ ပြောစရာစကားလည်း ဘာမှမရှိဘူး၊ မေကတော့ ဘယ်စကားကိုမဆို ရင်ဆိုင်ရဲတယ်ဆိုတဲ့ မာန်အပြည့်နဲ့ဆိုတော့ အမှန်အတိုင်းပဲဝန်ခံလိုက်တာ ကောင်းပါတယ်။ အဲဒီလိုဝန်ခံလိုက်ရင် မေက ငါ့ကို စိတ်များဆိုးသွားမှာလား၊ စသော အတွေးတွေနှင့် လုံးလည်လိုက်ပြီး Air - Con အပြည့်ပေးထားသော ကားထဲမှာ ကျော်ဇင် ဒုက္ခရောက်၍ နေသည်။

နောက်ဆုံး ကျော်ဇင် သက်ပြင်းကို ချလိုက်သည်။

‘ကျွန်တော် အမှန်အတိုင်းပဲ ပြောတော့မယ် မမေသန့်စင်၊ ကျွန်တော့် စကားထဲမှာ အပြစ်ပေးထိုက်တဲ့အချက် ပါမယ်ဆိုရင်တော့ ခွင့်လွှတ်ပေးပါ’

‘ကောင်းပြီလေ ပြောပါ’

‘အဲဒီနေ့က မမေသန့်စင် ပြောတာတွေကို ကျွန်တော် လုံးဝ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ “ကျွန်တော့်စကားတွေကို ယုံလို့ ငြိမ်ပြီး နားထောင်နေတာ မဟုတ်ဘူး” ဆိုတဲ့ စကားအတွက် ဝမ်းနည်းမိရုံတင်ပါ။ စိတ်ဆိုးတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခံစားချက်နားကို ရောက်တောင်မှ မရောက်ခဲ့ပါဘူး'

'ဒါဆို ရှင်းမယ်လို့ ဘာဖြစ်လို့ ပြောခဲ့တာလဲ'

'အဲဒါ ကျွန်တော့် ရိုးသားမှုပါ။ မမေသန့်စင်ကို ကားနဲ့လိုက်ပို့ပေးချင်လို့ လိမ်လိုက်မိတာပါ'

'ဩော်... ဒီလိုဆို အဲဒီနေ့က ရှင် ကံတစ်ပါးကျိုးသွားတာပေါ့'

'စေတနာက ရှေ့ကလာတာပါဗျာ၊ အဲဒီအတွက် ကျွန်တော် ကံတစ်ပါးကျိုးမယ်ဆိုရင်လည်း ကျိုးပါစေတော့'

မေသန့်စင်သည် ယဉ်ကျေးသိမ်မွေ့စွာ ရယ်မောလေသည်။ ပြီးမှ...

'ရှင်က... ကိုယ့်ဘက်ကျသိပ်သိတတ်တာနော်၊ ဒါပေမဲ့ အခု ရှင်ပြောတာတွေအားလုံးကို မေ ကျေနပ်ပါတယ်'

ကားထဲမှာ စကားသံတိတ်၍သွားသည်။ ကားလေးသည် နူးညံ့ညင်သာစွာ ပြေးနေသည်။ ကားရပ်ကားထွက်အားလုံး ကိုဇင်က ကျွမ်းကျင်စွာ မောင်းတတ်သဖြင့် မေ့စိတ်ထဲက ကျေနပ်၍နေသည်။

နောက်ဆုံးတော့ ကားထဲက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သူမှာ ကိုဇင်သာ ဖြစ်သည်။

'မမေသန့်စင် ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလား'

'ဘာများပါလိမ့်'

'ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး၊ မမေသန့်စင်'

'ဒါဆို ပြောလေ...'

'ကျွန်တော်က... ကျွန်တော်က မမေသန့်စင်ကို နေ့တိုင်း ကားနဲ့ အလုပ်ကို လိုက်ပို့ပါရစေလို့ပြောရင် မမေသန့်စင်က "အင်း" လို့ တစ်ခွန်းထဲ ပြောပေးရုံပဲ၊ ကူညီမလားဟင်'





မေသည် ဒီတစ်ခါတော့ အားရပါးရကြီးကို ရယ်ချလိုက်သည်။

'အင်း... ဒီလိုစကားတတ်တဲ့သူမျိုးက ရည်းစားချစ်သူ မထားခဲ့ဖူးပါဘူးဆိုတာကို ယုံရမှာလား'

'ဟာ... မထားခဲ့ဖူးတာ တကယ်ပါ မမေသန့်စင်၊ မယုံရင် မမေသန့်စင်ကိုယ်တိုင် စုံစမ်းနိုင်ပါတယ်၊ ကျွန်တော် မမေသန့်စင်ကလွဲပြီး ဘယ်သူကိုမှ...'

'တော်ပြီ... တော်ပြီ... ခုနကပြောတဲ့ အကူအညီကို ပေးမယ်၊ ပြော'

မေက ရောက်လာတော့မည့်စကားကို တမင်ဖြတ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ကားထဲမှာ တိတ်ဆိတ်ခြင်းက ပြန်လည်ရောက်ရှိလာပြန်သည်။ ကျော်ဇင်က ကားမောင်းနေရာမှ ခန္ဓာကိုယ်ကို အသင့်ဖြစ်အောင် အနည်းငယ် ပြင်ဆင်သည်။ ကိုဇင့်ပုံစံက ဒိုင်လူကြီး၏ 'ဒိုင်း' ခနဲပစ်လိုက်မည့် သေနတ်သံကို စောင့်နေသော တာတိုအပြေးသမားတစ်ယောက်လို ဖြစ်၍နေသည်။ ကျော်ဇင့် ရင်အစပ်မှာ အလုံးကြီးတစ်ခု တစ်ဆို့နေသလိုလည်း ခံစားရ၏။ ကျော်ဇင် သက်ပြင်းကို အားရပါးရချပစ်လိုက်သည်။

'ကျွန်တော်... မမေသန့်စင်ကို နေ့တိုင်း ဒီကားနဲ့ အလုပ်ကို ပို့ခွင့်ကြိုခွင့်ရပါရစေ...'

'ဟင့်အင်း...'

'ဗျာ...!! မမေသန့်စင်...!!'

'ဟင့်အင်းလို့ မပြောဘူးလို့ ပြောမလို့ပါ'

'ဟာ... မမေသန့်စင်ကလည်းဗျာ လူကို ထူပူပြီးတော့ သွားတာပဲ ဝမ်းသာလိုက်တာဗျာ... ဝမ်းသာလိုက်တာ'

'သိပ်လည်း ဝမ်းသာမနေနဲ့ဦး ကိုယ့်ဆရာ၊ အခု ကိုယ့်ဆရာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရသွားပြီမဟုတ်လား၊ အဲဒီတော့ တို့အကျင့်အတိုင်းပဲ တစ်ခုပြန်ယူရလိမ့်မယ်... ဆရာ'

'ဘာ... ဘာယူမှာလဲဟင်'

'ထွေထွေထူးထူး မဟုတ်ပါဘူး၊ တို့နဲ့အတူ လမ်းလည်းသင့်တဲ့ သူငယ်ချင်းတစ်ယောက်ကိုပါ စီးခွင့်ပေးဖို့ပါ'

'ဟာ... ရပါတယ်၊ ရတယ်၊ အခု ဝင်ခေါ်လိုက်မလား'

'မခေါ်တော့ဘူး၊ မေတောင်မှ အခုမှသိရတာဆိုတော့ သူလည်း သူ့အစီအစဉ်နဲ့သူ သွားရောပေါ့။ အပြန်ကျမှပဲ ရတော့မှာ၊ လမ်းကြောကတည့်ပါတယ်။ သူက ပန်းရိုက်လမ်းမှာနေတာလေ၊ ရုံးအတက်ကိုတော့ မေနဲ့အတူ မှတ်တိုင်ကပဲစောင့်ပြီး အပြန်ကျတော့ မေပြီးရင် သူ့ကိုပို့ပေါ့'

'အာ... ရတာပေါ့ တစ်လမ်းတည်းပဲ'

ပျော်ပျော်ရွှင်ရွှင် အားရဝမ်းသာတဲ့ ကိုဇင့်ကိုကြည့်ပြီး သူ့အပျော်ကမေ့ဆီကိုပင် ကူးဆက်လာသလို မေခံစားရ၏။ နွေးတို့တော့ နေရင်းထိုင်ရင်း ကံကောင်းတာပဲဟုလည်း တွေးမိသည်။ နွေးက နောက်ပိုင်းတောင့်တင်းသည်။ ထို့ကြောင့် မဟာပုရိသအချို့ကို ကားပေါ်တွင် နည်းမျိုးစုံနှင့် ရှောင်တိမ်းရတတ်သည့်အကြောင်းတွေကို ပြောပြသည့်အခါမျိုးတွင် မေ့မှာ ရယ်လည်းရယ်ရ ဒေါသလည်းထွက်ရဖြစ်လေ့ရှိသည်။ အခုတော့ နွေးတို့ ဒီဒုက္ခက Auto လွတ်မြောက်ပြီ ဖြစ်သည်။

မေပြောသည့် ပန်းရိုက်လမ်းဆိုတာက သူတို့ရပ်ကွက်နှင့်ဆိုလျှင် တစ်ရပ်ကွက်သာ ခြားသည့်အတွက် ရင်းနှီးသွားလျှင် မေ့အကြောင်းကို စုံစမ်း၍ရသည်။ ပြီးတော့ သူပြောချင်ပြီး မေ့ကို တိုက်ရိုက်ပြောလို့မဖြစ်သောစကားများကို ထိုကောင်မလေးကို ပြောပြလို့ရမည်။





'အောင်သွယ်' ရသည်ဟုပင် သဘောထားသည်။ သူရမည့် အောင်သွယ်သည် ပါးရည်နပ်ရည်ရှိပြီး သူ့ကို ကူညီဖို့သာလိုပါသည်။ အပြန်ကျလျှင် မေ့ကိုချပေးပြီး နွေးကို လိုက်အပို့တွင် မေ့အကြောင်းကို မေးနိုင်သည်မဟုတ်လား။

အောင်သွယ်ပရိုဘဲ ချစ်သူရှာသူသည် သမုဒ္ဒရာထဲမှာ ပျဉ်ချပ်ကလေးနှင့် မျောနေသူ၏ မျှော်လင့်ချက်မျိုးသာ ရနိုင်မည်ဖြစ်သည်။ အခုတော့သူ မေ့ကိုလည်း နေ့စဉ် ပို့ခွင့်ရပြီ၊ အောင်သွယ်တစ်ယောက်လည်း ရခဲ့ပြီ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပန်းအဖူးလေးတွေအားလုံး အခုအချိန်မှာ တစ်ပြိုင်တည်း ပွင့်လိုက်ကြသည်ဟုပင် ထင်မိသည်။

မေ့အလုပ်တိုက်ရှေ့ကို ကားထိုးရပ်လိုက်တော့ မျက်လုံးတွေအများကြီးရောက်လာသည်။ မေက ဂရုလည်းမစိုက်၊ မာန်လည်းတင်း၍မထား ပုံမှန်မျက်နှာပေးနှင့်ပင် သူ့ကို 'ကျေးဇူး' ဟုပြောပြီး Company ထဲသို့ ဝင်၍သွား သည်။

'ကြည့်စမ်း... ခွေးမကလေး ဘာတွေလုပ်လာပြန်ပြီလဲ'

ရုံးထဲရောက်သည်နှင့် နွေးက လှမ်းဖက်၍ စပ်ဖြဲဖြဲနှင့် အမှုကိုစစ်သည်။

'ကျော်ကျော်ဇင်ဆိုတာ သူပဲ... '

'ဟယ်... ကြည့်စမ်း... ကြည့်စမ်း... ခွေးမလေး ဘာတွေဖြစ်လာလဲ၊ အခုပြောပြ၊ မရဘူး ပြောကိုပြရမယ်'

'အေးပါကွာ... လက်မှတ်သွားထိုးလိုက်ဦးမယ်၊ အခန်းထဲကျမှ နွေးက အမှုစစ်လုပ်၊ မေက တရားခံလုပ်မယ် ဟုတ်ပြီလား'

■



www.burmeseclassic.com

www.burmeseclassic.com



'ဇေင်... သကြိန်ကျဖို့က ၂ ရက်ပဲလိုတော့တာနော်၊ အဲဒီနှစ်ရက်အတွင်းမှာ ဒီမဏ္ဍပ်မပြီးရင် တရားသူကြီးမလိုပဲ ငါတို့က မင်းကို စီရင်ချက်ချရလိမ့်မယ်'

'အေးပါကွာ... ငါသိပါတယ်၊ လုပ်စရာက ဘာများရော ထွေထွေထူးထူး ရှိနေလို့လဲ၊ စပီကာနဲ့ အမ်ပလီဖိုင်ယာတွေအတွက်က ဘိုဘိုဇန့်ကို ငါပြောထားပြီးပြီ၊ တော်ကီမင်းတို့အိမ်က အုန်းလက် ၁၅ လက် ရအောင် တောင်းပြီးပြီ အေးဆွေ...'

'ဟော့ကောင်... မဏ္ဍပ်တိုင်က လေးဘက်ကွ လေးဘက်'

'သိပ်မအော်နဲ့ အောင်ဘ၊ ဆရာတော်ဆီက ၁၂ လက် တောင်းထားပြီးသား သွားခုတ်ရုံပဲ၊ ဒယ်အိုးလဲငှားထားတယ်'

'အဲဒီ ဆယ့်နှစ်လက်ထဲက ငါးလက်ကို ဖယ်ပြီး ကျန်တဲ့ ၇ လက်ကို အမိုးမိုးဖို့ အပေါ်တင်မှာမဟုတ်လား'





'ဒါပေါ့ လင်းဇော်ရ... သူငယ်ချင်းတွေထဲမှာ ငါ့ကို နားလည်မှုအပေးနိုင်ဆုံးလူဟာ မင်းပဲကွာ...'

ကိုဇင်က လင်းဇော်ကို နိုင်ငံခြားကားထဲက မင်းသားအချင်းချင်း ဖက်ပုံမျိုးနှင့် ဖက်လိုက်သည်။ ကျန်တဲ့ သူငယ်ချင်းနှစ်ယောက်က ကိုဇင့်ကို သောက်မြင်တွေ ကပ်သွားကြ၏။

'ဒီမှာ ဇေင်... မင်းက ဧည့်သည်တစ်ယောက် ရောက်လာတာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ခေါ်သွား၊ ဟိုကောင်မလေးကို ကားနဲ့ ကြိုခွင့်ရတာကိုကြွား၊ သကြိန်ရက်မှာ မင်းကို ရေမပက်ရအောင် ဖား၊ ဒါပဲလုပ်နေတာမဟုတ်လား'

'နောက်ဆုံးအချက်ကတော့ မှားတယ် အောင်ဘ၊ ငါ့ဇာတ်လမ်းကို ပြောပြပြီးကတည်းက သူတို့က ငါ့ကို ရေမပက်ကြတော့လောက်အောင် ကရုဏာဖြစ်သွားပြီးသား၊ အဲ... လမ်းထဲက ကလေးတွေ ရေမပက်အောင် ဘယ်လိုအကြံပေးမလဲလို့ပဲ ငါ သူတို့ကို မေးတာ...'

'အခု မင်းအကြံရပြီလား...'

ကိုဇင့်မျက်နှာ ချက်ချင်းကြီးကို ညှိုးကျသွားသည်။

'မရသေးဘူးလင်းဇော်... သူတို့ပေးတဲ့အကြံတွေက တစ်ခုမှမစွံဘူး'

'အေး... ငါ့ဆီမှာ မင်းအတွက် အကောင်းဆုံးအကြံတစ်ခု ရှိတယ်၊ ဘယ်သူမှ မစဉ်းစားမိတဲ့အကြံပေါ့ကွာ၊ ဒီတော့...'

'ဒီတော့မနေနဲ့ သူငယ်ချင်းရာ ဘာအကြံလည်းဆိုတာသာ ပြောစမ်းပါ၊ ပြောစမ်းပါ'

'မင်း ခုနက ဟိုဟာလုပ်မယ် ဒီဟာလုပ်မယ်နဲ့ ငါ့ကို ပြောထားတာတွေက အပြောပဲရှိသေးတာ၊ လက်တွေ့က တိုင်[illegible]တိုင်ထောင်တာပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ အဲဒီတော့ မင်းပါးစပ်နဲ့ ရွှီးထားတာတွေကိုသာ လက်တွေ့လုပ်ပြလိုက်၊ ပြီးတာနဲ့ ငါ မင်းကို အကြံကောင်းကြီးကိုပေးမယ်'

'မင်းအကြံက အဆင်မပြေတဲ့အကြံမျိုးကြီးဆိုရင် ဘယ်နဲ့လုပ်မလဲ'

'ငါ့အကြံကို ငါ အသေချာစဉ်းစားပြီးပါပြီကွာ၊ မင်းသာ မင်းကတိကို ပီပြင်အောင်လုပ်... ဒီနေ့အစီအစဉ် တော်တော်များများပြီးထားမှ တော်ရုံကျမှာ... ကဲ... ငါတို့ အလှူခံအဖွဲ့လည်း ထွက်မယ်... ဟော့'

'လောကကြီးမှာက လူလိမ်တွေချည်းပဲ ရှိတယ်၊ ခုနက ငါ့ဘက်က၊ အခုကျတော့ ဟိုဘက်ရောက်သွားပြန်ပြီ... ဝိုး... မလွယ်ပါလား မေရယ်'

ခဏကြာတော့ ဘိုဘိုဖန်ဆီက လော်စပီကာသုံးလုံး၊ အမ်ပလီဖိုင်ယာကက်ဆက်၊ ဆောင်းဘောက်(စ) လေးလုံးတို့ ဆိုက်ကားအသီးသီးဖြင့်ရောက်လာကြ၏။ ထိုပစ္စည်းများကို ကျော်ဇင်တို့ဖွဲ့စည်းထားသော မဏ္ဍပ်ဖြစ်မြောက်ရေး လူငယ်များအသင်းမှ လူငယ်ကလေးများက သယ်ဆောင်လာကြခြင်းဖြစ်၏။

လော်စပီကာတစ်လုံးနှင့် ဆောင်းဘောက်(စ)တစ်လုံးကို ကိုဇင်က မေတို့ရှိရာလမ်းဘက်သို့ လှည့်ထားလိုက်သည်။ ဘိုဘို့ကို စက်အမြန်ဆုံးဆင်ခိုင်းပြီး ရသောအခါ ကိုဇင်က tasting သုံး လေးခါအော်ပြီးမှ ပထမဦးဆုံးစကားစ,ပြောသည်။

'ဟုတ်ကဲ့... ဟုတ်ကဲ့ခင်ဗျာ... ကျွီ... ကြော်... ခလစ်... ခလစ်'

'ဘိုဘို မင်းမိုက်ကို ကြည့်လုပ်ဦးကွ'

'ကျွန်တော့်မိုက်က ကောင်းပါတယ် ကိုဇင်ရ၊ ကိုဇင်က ဘာမှမပြောရသေးပဲ ''ဟုတ်ကဲ့၊ ဟုတ်ကဲ့ခင်ဗျ'' ဆိုတော့ မိုက်လည်း ကြောင်သွားတာနေမှာပေါ့'





ဘေးနားကလူတွေ ပြုံးစစဖြစ်သွား၏။

'အက်ကိုးသံလျှော့ကွာ... ဟဲလို... ဟဲလို... တက်စတင်... တက်စတင် ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော်တို့ ၁ လမ်းထိပ်မဏ္ဍပ်ကို အကူအညီပေးဖို့ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ညီငယ်ညီမငယ်ကလေးများ လုပ်အားဒါန စရန်အတွက် ကျွန်တော်တို့ မဏ္ဍပ်သို့ ကြွလှမ်းခဲ့ကြဖို့ကို ဖိတ်ခေါ်ပါတယ်ခင်ဗျာ'

ကျော်ဇင်က ထိုစကားကိုပင် ၃ ကြိမ် ၃ ခါထပ်ပြောတော့ ထိုစကားသံကို ကျော်ဇင်တို့အိမ်ကလည်း ကြားလေသည်။

'တွေ့လား... တွေ့လား အဲဒါတော့သားရဲ့အသံတော့ သားအသံ'

'ဘယ်လိုလုပ် တွေ့ရမှာလဲကွ၊ ကြားပဲကြားရတဲ့ဟာကို... မင်းသားက မိုက်ကိုတွေ့ရင် ရှူးပြီးရဲသွားတဲ့ မိုက်ရူးရဲကောင်၊ မိဘကို အလကားနေရင်းအရှက်ခွဲနေတာ၊ ပြီးရင် ဘာတွေလျှောက်အော်ဦးမလဲ မသိဘူး'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒီနေ့အထိ ကျွန်တော်တို့ ၁ လမ်းထိပ်မဏ္ဍပ်အတွက် ကောက်ခံရရှိထားတဲ့ စာရင်းကို ဖတ်ကြားပြပါ့မယ်ခင်ဗျား၊ အဟမ်း... ဟုတ်ကဲ့ ကျွန်တော်တို့ ၁ လမ်း မဏ္ဍပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌကြီး ဦးမြတ်ဇင်၊ ဦးမြတ်ဇင်ပါနော်... အဲဒီ ဦးမြတ်ဇင်နဲ့ ဇနီးကြီး ဒေါ်မြသင်တို့က တစ်သိန်းခင်ဗျ၊ ဟုတ်ကဲ့... ဟုတ်ကဲ့ ကက နှစ်စင်းပိုင်တဲ့ ကိုသောင်းမြိုင်က တစ်သောင်းခွဲခင်ဗျ'

'ဟော့အမေကြီး တစ်သိန်းက မင်းလှူလိုက်တာလား'

'ကြံကြီးစီရာတော် တစ်သိန်းလှူဖို့နေနေသာသာ အဖွဲ့ဖွဲ့တာတောင်မသိဘူး၊ ဒါနဲ့ တော်ကရော မဏ္ဍပ်ဥက္ကဋ္ဌ ဘယ်လုပ်ဖြစ်ရ...'

'ကဲ... အခု မင်းသားက အော်သွားပြီကွ၊ တစ်သိန်းက ''တော့်သားအသံဆို'' တော့်သားအသံဆို...'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့... အခုဆို ကျွန်တော်တို့ ၁ လမ်းအလှူရှင်က ခြောက်ယောက်ပဲ ရှိပါသေးတယ်၊ ဦးမြတ်ဇင်က တစ်သိန်း ပြီးတော့...'

ကိုဇင်အော်နေသည့်အသံကိုကြားရသောအခါ မေသည် သနပ်ခါးလိမ်းနေရာမှ မှန်ထဲက သူ့ကိုယ်သူ ယဉ်ကျေးစွာ ပြုံးပြလိုက်လေသည်။

●

BURMESE CLASSIC .com





## အခန်း (၆)

အတွင်းရေးမှူး အေးဆွေ ဦးဆောင်သော ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ ပြန်ရောက်လာတော့ အဆင်သင့်ဖြစ်နေသော မဏ္ဍပ်ကိုကြည့်၍ ကျေနပ်သွားကြသည်။ အောင်ဘက...

'ကဲ... ကျော်ဇင်တို့က မလုပ်ရင်နေရော လုပ်ရင်လည်း နေရောပဲ'

'ဟုတ်ကဲ့ ရပ်ကွက်အတွင်းအလှူခံရာက ဥက္ကဋ္ဌကြီးတို့အဖွဲ့လည်း ပြန်ရောက်လာကြပြီး အလှူခံရရှိတဲ့ငွေကို ရေတွက်နေပါပြီခင်ဗျာ၊ သြော် ဟုတ်ပါပြီ ရေတွက်ပြီးပါပြီတဲ့၊ အားလုံး သုံးသောင်းနှစ်ထောင်နဲ့ ရှစ်ဆယ်ငါး ကျပ်ပါတဲ့ခင်ဗျာ ... ပါတဲ့ခင်ဗျာ'

'ဟေ့ကောင်ကျော်ဇင်... ငါ့ကို မိုက်ခရာပေးဦးကွ'

ရပ်ကွက်ဥက္ကဋ္ဌကြီးက ကျော်ဇင့်လက်မှ မိုက်ကိုကမ်းနေသဖြင့် ကျော်ဇင်လည်း မတတ်သာတော့ပဲ ကမ်းထားသော လက်ထဲသို့ မိုက်ကို ထည့်ပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဟမ်းဟမ်း... အဟမ်း... အဟမ်း'

'ငါတို့ဥက္ကဋ္ဌကြီး လည်ချောင်းမကောင်းတာ အခုမှပဲ သိရတော့တယ်ကွာ'

'ဟော့ကောင် မစနဲ့ကွ... ဟိုကလူကြီး ပြီးတော့ ဥက္ကဋ္ဌ၊ သူပြောချင်တာလေးတွေလည်း ရှိဦးမှာပေါ့၊ ပြောပါစေကွာ'

'အဟမ်း... အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံးဟာ နှစ်ဟောင်းကိုထားခဲ့ပြီး နှစ်သစ်ဖြစ်တဲ့ မင်္ဂလာနေ့ရက်ကိုရောက်ဖို့လေးရက်ပဲ လိုပါတော့တယ်။ နှစ်ဟောင်းမှာကြုံခဲ့ရတဲ့ ဝမ်းနည်းနာကျည်းမှုတွေ၊ အဆင်မပြေမှုတွေကို ထားခဲ့ဖို့ ဒီအတာရေဆိုတာ ပေါ်ပေါက်လာခဲ့ရတာပါ'

'ဒီလိုဆိုတော့လည်း မဆိုးဘူးနော်'

'သွားမစနဲ့ တစ်ညလုံးကျက်ထားတဲ့စကားတွေ မေ့ကုန်ဦးမယ်'

'အဟမ်း... ဒီတော့ကာ နှစ်ဟောင်းက အညစ်အကြေးမှန်သမျှကို ဆေးကြောပေးပြီး နှစ်သစ်ကို အားမာန်အပြည့်နဲ့ ချီတက်ကြမယ့် သင်္ကြန်ရေဟာ ကျွန်တော်တို့ကိုယ်ပေါ်ကနေ နှလုံးသားထဲအထိ ပျံ့နှံ့နိုင်ကြပါစေ။ နှစ်သစ်မှာ ချစ်စရာအသစ်တွေနဲ့ ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းရင်း ယခု ၁ လမ်းထိပ်မိသားစု ရေကစားမဏ္ဍပ်မှ သာဓုအနုမောဒနာ ခေါ်လိုက်ရပါတယ်ခင်ဗျား'

'အားလုံး... သာဓု... သာဓု... သာဓုပါခင်ဗျား'

'ဟော့ကောင် ငါတို့ဥက္ကဋ္ဌကြီးက မဆိုးဘူးနော်၊ အပြောကတော့ ပိုင်သားပဲ အလွတ်ကစ်တာနော်'

'ဟာ... မင်းကလည်း သူက အရင်တုန်းက ဘုံကထိန်တို့၊ သီတင်း





ကျွတ် တန်ဆောင်တိုင်တို့မှာ ကြေ်နေကြကွ၊ ဝါရှိတယ်'

'ဟော့ကောင် ပြော၊ မင်းအကြံကောင်းဆိုတာကြီးကို စကားလမ်းလွှဲဖို့တော့ ဘာမှမကြိုးစားနဲ့၊ ငါ့အလုပ်တွေအကုန်ပြီးတာ တွေ့ရဲ့လား'

ကျော်ဇင့်စကားဆုံးတော့မှ လင်းဇော်က စပ်ဖြီးဖြီးကလေးလုပ်ပြီး...

'ဒါ... ငါတစ်ယောက်တည်းရဲ့ အကြံပါကွာ၊ ကျန်တဲ့ကောင်တွေမှာလည်း အကြံကိုယ်စီတော့ ရှိကြတယ်၊ ငါ့အကြံမအောင်ရင် သူတို့အကြံကို မင်းဆက်ယူပေါ့၊ အခု ငါ့အကြံအတွက် ငါတို့ကို လက်ဖက်ရည်တိုက်ရမယ်'

'ဟင်... ခုနကပြောတော့ မဏ္ဍပ်ထဲကအလုပ်ကို လုပ်ရုံပဲဆို၊ ခုတော့တစ်မျိုးဖြစ်သွားပြန်ပြီလား'

'ဒါကတော့ မင်းသဘောပဲ၊သူငယ်ချင်းမသိချင်ဘူးဆိုလည်း ပြီးတာပဲ'

'မိုးကောင်းတုန်းတော့ ရှာထားဦးပေါ့ကွာ'

'ငါတို့မိုးက အမြဲတမ်းကောင်းတယ်ကွ၊ ငါတို့က မိုးလေဝသနှင့်ဇလဗေဒက ဒေါ်အိအိဇင်နဲ့ သိတယ်ကွ၊ ခင်လည်းခင်တယ်လေ'

'ကဲ... တော်ပြီကွာ... စပါယ်ဦးကို သွားကြမယ်။ ဘိုဘိုရေ သင်္ကြန်မဏ္ဍပ်မှန်းသိအောင် သင်္ကြန် Hip Hop လေးတစ်ခွေလောက်တော့ ထည့်ထားလိုက်ကွာ'

■



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ဆိုင်ထဲရောက်တော့ လင်းဇော်တို့မှာချက်တွေက ချောက်ချားစရာကောင်းလှသည်။ တစ်ယောက်က မလိုက်တစ်ခွက်နဲ့ နံပြား ၃ ခုတဲ့၊ တစ်ယောက်က နွားနို့တစ်ခွက်တည်းကို ကြက်ဥ ၃ လုံးထည့်ပေးပါတဲ့၊ နောက်တစ်ယောက်က အချိန်တော်တော်ကြာကြာ စဉ်းစားပြီးမှ အသားပေါင်းတစ်ပွဲ၊ ကြက်ဥပေါင်မုန့်ကြော် ၂ ပွဲနဲ့ နက်(စ်) ကော်ဖီ၊ ပြီးတော့ စီးကရက်တစ်ဘူးတဲ့။ ထိုသို့မှာနေချိန်တွင် အပျင်းပြေကောက်စား လိုက်တာ စမူဆာတစ်ပွဲက ကုန်သွားပြီဖြစ်သည်။

ကိုဇင့်ခမျာ... မေ့ကို ချစ်လွန်းလို့၊ လိုချင်လွန်းလို့သာ သည်းခံနေရခြင်းဖြစ်သည်။ ထပြီး နားရင်းတွေအုပ်ချင်စိတ်က လက်ဖျားသို့ရောက်နေပြီဖြစ်၏။

'ဒီဆရာကရော ဘာမှာ...'

'လက်ဖက်ရည်တစ်ခွက်...'

'ရိုးရိုးလား ရှ...'





'ဟော့ကောင် စကားမရှည်နဲ့ ရိုးရိုးပဲ၊ နောက်ထပ် ဒီဝိုင်းကို ဘာမုန့်မှ လာချမပေးနဲ့တော့ သိလား'

'အာ... ဒီဆရာတွေ မှာထားတာတွေရော ဆရာ'

'ဟာ... မှာထားတာတွေတော့ ချပေးပေါ့ကွ၊ ဘယ်လိုအူနဲ့ တွေ့နေလဲကို မသိတော့ဘူး'

ကိုဇင်ဖြစ်နေပုံကိုကြည့်ပြီး သူငယ်ချင်း ၃ ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြုံးကြလေသည်။

'ဒေါသမကြီးနဲ့ ကျော်ဇင်၊ မင်း အစီအစဉ်ကို သိသွားရင် ငါတို့ကို ဒီထက်တောင် ကျွေးချင်ဦးမယ်၊ ကဲ... မင်းနဲ့ မေသန့်စင်တို့ထားခဲ့တဲ့ ကတိကို အသေအချာပြောပြစမ်းပါဦးကွာ'

'သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက်နေ့တွေမှာ သူ့အိမ်ကို ငါကိုယ်တိုင်လုံးထားတဲ့ မုန့်လုံးရေပေါ်ကို လာပို့နိုင်ရမယ်'

'သူက မင်းကို ရေမစိုစိုအောင် လုပ်ခွင့်ရှိသလား'

'မရှိဘူး၊ ငါကြိုးစားရမှာက ရေမစိုဘဲ သူ့အိမ်ရှေ့ကိုရောက်ပြီး မုန့်လုံးရေပေါ်ကိုပေးရုံပဲ၊ ဒါပေမယ့် အချိန်ကတော့ မနက်ခင်းနဲ့ ညနေခင်း တစ်ချိန်ချိန်မှာပဲ ဖြစ်ရမယ်...'

'ဒါဆို ငါတို့တွက်ထားတာ မှန်နေပြီပေါ့ အောင်ဘရ၊ မင်းကို ဘာဖြစ်လို့ နေ့ခင်းပိုင်းမလာခိုင်းတာလဲ သိလား'

ကျော်ဇင် တစ်ချက်စဉ်းစားရင်း 'သူ မအားလို့နေမှာပေါ့' ဟု ပြန်ဖြေတော့ လင်းဇော်တို့အုပ်စုက အားရပါးရကြီးကို ရယ်လေသည်။ ပြီးတော့မှ...

'ဒီလောက်တောင်တုံးရသလား ကိုဇင်ရ၊ နေ့ခင်းအချိန် ရေပက်တဲ့သူ မရှိသလောက်ပဲကွ၊ အဲဒီအချိန်ဆိုရင် မင်းရေမစိုဘဲ လွတ်လာနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ မင်းကို ကလေးတွေစည်ကားတဲ့အချိန်၊ လူငယ်ပိုင်းတွေ ခဏနားပြီး ရေပက်တဲ့အချိန်ကိုရွေးပြီး အစီအစဉ်နဲ့လုပ်တာ၊ မင်းရဲ့ကံကို သူက စိန်ခေါ်တာမဟုတ်ဘူး၊ မင်းရဲ့ဉာဏ်ကို စိန်ခေါ်တာ' ဟု ဆိုလေသည်။ လင်းဇော်ပြောမှပင် ကိုဇင်သည် သူ့ကိစ္စမှာ အလွယ်တကူနှင့် ပြီးနိုင်မည့်ကိစ္စမဟုတ်မှန်း သိလာ၏။

'ဒါ... ဒါဆို... ငါဘာလုပ်ရမလဲကွာ... ပြောကြစမ်းပါဦး'

'ငါတို့ ဒီအကွက်ကိုမြင်လို့ အဲဒီအကွက်ကို ချေပစ်မယ့် နည်းကို တွေ့ပြီးသားပါကွ'

'ဟာ... ဟုတ်လား၊ ပြောစမ်းပါကွာ၊ ဘယ်လိုတဲ့လဲ'

'အဟမ်းဟမ်း ဒီလိုကွာ၊ ငါတို့မဏ္ဍပ်နဲ့ မေသန့်စင်တို့ အိမ်ကြားမှာ နှစ်လမ်းရယ် သုံးလမ်းရယ် ရှိတယ်၊ အဲဒီမှာ ရေထွက်ပက်မယ့် ကလေးတွေက အနည်းဆုံး ငါးအုပ်စုလောက်တော့ရှိမယ်၊ ဒီတော့ ငါတို့က လော်စပီကာနဲ့ ယခု ၂ လမ်းနှင့် ၃ လမ်းကြားရှိ ရေကစားသူ ကလေးများ၊ လူကြီးများ ကျွန်တော်တို့ ၁ လမ်းမဏ္ဍပ်ထဲမှာ ပေါင်မုန့်အုန်းနို့ဆမ်း လာရောက်စားနိုင်ပါသည်ခင်ဗျာ၊ ရေပုံး ရေခွက် ရေပြွတ်များကိုတော့ မိမိတို့နေရာမှာ ချထားခဲ့ကြပါ။ မဏ္ဍပ်ညစ်ပတ်သွားမှာစိုးလို့ပါ။ လူချည်းသက်သက် လာခဲ့ကြပါလို့ ၃ ကြိမ်အော်မယ်ကွာ၊ ဘယ်ကလေးမှ ပေါင်မုန့်အုန်းနို့ဆမ်းကို မလွန်ဆန်နိုင်ဘူး၊ ဒီတော့ ကလေးတွေဒီမှာစုံမှ ငါတို့ကကျွေးမှာ။ သူတို့အစားမဲ့နေတုန်း မင်းက မုန့်လုံးရေပေါ်ချိုင့်ကိုင်ပြီး လစ်တော့ပေါ့ကွ'

'ဟာ... ကောင်းလိုက်တဲ့အကြံကွာ... ငါမင်းကို အရင်တုန်းက စော်ကားထားတာလေးတွေရှိရင်လည်း ခွင့်လွှတ်ပါကွာ၊ စားကွာ မှာစရာရှိရင် ထပ်မှာဦး'





'ငါပြောတယ်မဟုတ်လား၊ အစီအစဉ်ကို သိသွားပြီးရင် ဒီထက် ငါတို့ကို ပိုကျွေးချင်မှာပါဆိုတာ...'

'ဟုတ်ပါတယ်ကွာ၊ ကဲ... စားကြဟေ့... ငါလည်းအခုမှ ရင်ချောင်သွားတာ၊ ကျွန်တော့်အတွက်လည်း နက်(စ)တစ်ခွက်ပေးပါ'

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး နွေးရဲ့၊ မင်း Company က မဏ္ဍပ်ကိုသွားရင် ဟိုမှာ ရေလည်းပက်ရမယ်၊ ထမင်းလည်း စားရမယ်၊ မုန့်လည်းစားရမယ်၊ သူငယ်ချင်းတွေနဲ့ ပျော်စရာကြီး။ အဲဒါကို မသွားဘဲ ဘာဖြစ်လို့ ကျုပ်အိမ်ကိုပဲ လာချင်ရတာလဲ'

'ဟိုကသင်္ကြန်ထက် နှင့်သင်္ကြန်ကို ပိုသဘောကျလို့ပေါ့ဟ'

'ဟိုက... ထောပတ်ထမင်းနော်'

'ဒီက မုန့်လုံးရေပေါ်ကို ပိုစိတ်ဝင်စားတယ်ကွာ'

သူငယ်ချင်းနှစ်ယောက် ပြိုင်တူ ရယ်မောလိုက်ကြသည်။ မေတို့ ခြံကလေးအပြင်ဘက်မှာ သင်္ကြန်အကြိုသည် မရဲတရဲနှင့် စတင်နေပြီဖြစ်သည်။ အကြိုနေ့ဆိုတော့ ခုနစ်နာရီထိုးသည့်တိုင် သင်္ကြန်သည် အပျိုဖြန်းကလေးတစ်ယောက် ပထမဦးဆုံးအကြိမ် အလှူမဏ္ဍပ်ထဲဝင်ရသလိုမျိုး မဝံ့မရဲဖြစ်နေခဲ့သည်။





'အခုအချိန်မျိုး မုန့်လုံးရေပေါ် လာပေးရင်ကော' ဟု နွေးက မေးသည်။

'သူနဲ့ကိုယ်နဲ့ သဘောတူထားတာရှိတယ်ကွ၊ အဲဒီအစီအစဉ်က မနက် ၉ နာရီမှစပြီး အကြိုးဝင်တာ ညနေဆိုရင် ငါးနာရီအထိ'

'ဩော်... ဒါဆို အခုလာပေးလို့ မရတော့ဘူးပေါ့'

'ဒါပေါ့...'

'မေ... မင်းကို နွေးတစ်ခုတော့ မေးချင်တယ်ကွာ၊ အဲဒီမေးခွန်းကိုတော့ မင်း မှန်မှန်ကန်ကန် ဖြေရလိမ့်မယ်'

'လိမ်တာညာတာကို ကိုယ် ဘယ်လောက် အထင်သေးတယ် မုန်းတယ်ဆိုတာ နွေးအသိပဲဟာ၊ မေး... မေ မှန်တဲ့အတိုင်းဖြေမယ်'

နွေးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း မျက်နှာကို တည်ပစ်လိုက်တာကို မေ တွေ့လိုက်ရတော့ နွေးမေးမည့် မေးခွန်းသည် သာမန်အပျော်သဘော မေးခွန်းမဟုတ်မှန်း မေ သဘောပေါက်သွားသည်။

'တကယ်လို့ ကျော်ဇင်က ကံကောင်းပြီး ရေမစိုဘဲနဲ့ မုန့်လာပေးခဲ့ရင် မင်း သူ့ကို အဖြေပေးပြီးသား ဖြစ်နေပြီ၊ ဒီတော့ ဒီအဖြေကို မင်းက သူ့ကို ရင်ထဲကချစ်လို့ပေးတာလား မုန့်လုံးရေပေါ်ကို မင်းပြောတဲ့အတိုင်း လာပေးနိုင်လို့ ချစ်လိုက်တာမျိုးလား'

မေ သက်ပြင်းကို ချလိုက်သည်။ ကိုဇင်နှင့် သူ့အကြောင်းကို မှာ အေးအေးဆေးဆေးတွေးတိုင်း ရှေ့ဆက်ပြီးတွေး၍မရသော နေရာမှာသည်း ထိုနေရာပင် ဖြစ်သည်။ သူသည် ကျော်ဇင့်ကို တမင်ဒုက္ခပေးချင်တာလား၊ သူ့စိတ်ထဲကပဲ တကယ်ချစ်လို့ ဒီလိုလုပ်နိုင်းတာလား၊ 'တစ်ခုလိုချင်လျှင် တစ်ခုပေးရမည်' ဆိုသည့် ငယ်စဉ်ကတည်းက ကဖွဲ့လာသော သူ့အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီလိုဖြစ်ကုန်တာလားဆိုတာ သူ့အသိစိတ်ထဲမှာ ဝေဝါး၍နေသည်။

ထို့ကြောင့် ထိုနေရာကိုရောက်လျှင် မေ ဆက်စဉ်းစား၍ မရတော့ခြင်းဖြစ်၏။ နွေး၏ အမေးကို မေ အဲဒီအတိုင်း အဖြေပေးခဲ့သည်။

နွေးက ခေါင်းကို ညိတ်ပြီး လေးလေးနက်နက်ပင် ပြန်ပြောသည်။

'မင်းအဖြစ်က မလွယ်ဘူးနော်၊ ကိုယ်က ချစ်နေပြီး သူက မုန့်လုံးရေပေါ်လာမပေးနိုင်ရင် မင်းဒုက္ခရောက်မှာ၊ မေ့လို မိန်းမမျိုးကလည်း မုန့်လုံးရေပေါ်မပေးနိုင်လည်း ရှင့်ကို ကျွန်မ ချစ်ပါတယ်လို့ သွားပြောမယ့် မိန်းမမျိုး မဟုတ်ဘူး၊ သူကလည်း ရှက်ပြီး လာမှာမဟုတ်ပါဘူး'

'ဒါပေါ့ ဘယ်လာရဲတော့မှာလဲ'

'တကယ်လို့ သူက ကြိုးစားတာရော၊ သူ ကံကောင်းတာရောနဲ့ အခြေအနေက သိပ်ကောင်းလို့ အကျိုးရေမစိုဘဲ မုန့်လာပေးရင်လည်း မင်းက လောင်းကစားသက်သက်နဲ့ ကိုယ်မချစ်တဲ့လူကို ချစ်သူလုပ်ရဦးမယ်၊ ကဲ... မင်းဘယ်လိုလုပ်မှာလဲ၊ ဒီကိစ္စမျိုးဟာ အပျော်လုပ်လို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူးဆိုတာကိုတော့ မင်းသိမှာပါ'

နွေး၏ စကားများကို မေ ပြတ်ပြတ်သားသား ပြန်မဖြေနိုင်ခဲ့ပါ။ သူ ဘာကြောင့် ဒီလောက်အရေးကြီးတဲ့ ကိစ္စမျိုးကို လွယ်လွယ်နဲ့ ဆုံးဖြတ်ပြီး ရှေ့နောက်မစဉ်းစားဘဲ ပြောခဲ့ရသနည်း။

ထိုစကားကိုပြောခဲ့တုန်းက သူ့ရင်ထဲမှာရှိသော စိတ်ခံစားမှုကို မေ မှတ်မိသရွေ့ ပြန်ပြီးစဉ်းစားကြည့်မိသည်။

ဟုတ်သည်...။

အဲဒီစကားကို မေပြောခဲ့တုန်းက ရင်တွေခုန်နေသည်။ ပြီးတော့ ထိုရင်ခုန်သံကြောင့်ပင် တစ်ခုလိုချင်လျှင် တစ်ခုပေးရမည်ဆိုသော မာနစိတ်က





တော်တော်လေးကို မေ့ရင်ထဲမှာ နိုင်မာနေခဲ့သည်။ ဒီတော့... အဖြေက ရှင်းသွားပါပြီ။

'မေ သူ့ကို အဲဒီစကားပြောတုန်းက ရင်တွေခုန်တာကို မေ မှတ်မိတယ် နွေး၊ ပြီးတော့... တစ်ခုလိုချင်လျှင် တစ်ခုပေးရမယ်ဆိုတဲ့ မေ့ ညည်ဆိုးကလည်း ရင်ထဲမှာ အကြီးမားဆုံး ဖြစ်နေတယ်၊ အဲဒါကိုတော့ မေ သေချာမှတ်မိတယ်ကွာ'

'ဒါဆို မေက သူ့ကို ချစ်တယ်ပေါ့'

'အဲဒီလိုကြီးလည်း မဟုတ်သေးဘူး၊ မေ စဉ်းစားဦးမယ်ကွာ'

'မဟုတ်သေးဘူးမေ... မင်းက ကျားအမြီးကို သွားဆွဲပြီးမှ ဒီကျားကို ဘယ်လိုချုရမလဲဆိုတာကို စဉ်းစားတဲ့လူလို ဖြစ်နေပြီ'

'ကောင်းလိုက်တဲ့ ဥပမာပါပဲ နွေးရယ်၊ အခုလို နွေး မေးပေးဖော်ရတာ မေ သိပ်ဝမ်းသာတာပဲ၊ မေ ကိုယ့်ကိုယ်ကိုယ် သေသေချာချာကြီးကို ပြန်မေးဦးမယ်၊ ကဲ... အခုတော့ သူတို့မဏ္ဍပ်မှာ ဘာတွေလုပ်နေကြလဲဆိုတာကို အိမ်အပေါ်ထပ် ပြတင်းပေါက်က သွားကြည့်ကြရအောင်ကွာ'

'မေ့မှာ မုန်ပြောင်းနှစ်လက်ကြီးများတောင် ရှိတယ်ကွ'

မေနှင့် နွေးနွေးတို့နှစ်ယောက် ပြိုင်တူရယ်ချလိုက်သည်။

မိန်းကလေးများသည် တစ်ခါတစ်ရံ ထိုကဲ့သို့ ပြိုင်တူရယ်မောကြလေ့ရှိပါသည်။ သို့သော် ထိုသို့ ပြိုင်တူရယ်ချလိုက်သော အဓိပ္ပာယ်သည် ဘာလဲဆိုတာကို ထိုပြိုင်တူရယ်ချလိုက်သော မိန်းကလေးကိုယ်တိုင်က မသိပါ။ ဘယ်ဖီလိုဆိုဖာကမှလည်း အဖြေမရှာနိုင်ပါ။ သို့သော်... မိန်းကလေးတွေ ပြိုင်တူရယ်သော အလေ့အကျင့်သည် ဒီနေ့အထိ ရှိနေခြင်းဖြစ်ပါသည်။

ထိုသို့ ပြိုင်တူရယ်ပြီး မေနှင့်နွေးသည် အိမ်အပေါ်ထပ်သို့ တက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေ့အိပ်ခန်းပြတင်းပေါက်မှ ကြည့်လျှင် ကျော်ဇင်တို့မဏ္ဍပ်ကို ရှင်းရှင်းကြီး မြင်နေရသည်။ မှန်ပြောင်းနဲ့ဆိုတော့ ပြောမနေနှင့်တော့ အသေးစိတ်ကို မြင်နေရ၏။

'တွေ့လားနွေး... ကိုဇင် သူ့ဘာသာ မုန့်လုံးရေပေါ်လုပ်နေတာ'

'အေးကွ...'

●



# အကြိုနေ့

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

ကိုဇင်သည် မုန့်နှစ်ကို လက်တစ်ကိုင်စာယူပြီး ရေနည်းနည်းစွတ်၍ နယ်လိုက်သည်။ လက်ထဲမှာ စေးလာတော့မှ နယ်ထားသည့် မုန့်နှစ်ထဲမှ မုန့်လုံးရေပေါ်တစ်လုံးစာ မုန့်နှစ်ကိုယူပြီး လက်ထဲတွင်လုံးသည်။

ပြီးတော့ လက်ဝါးထဲမှာ မုန့်နှစ်ကိုဖြန့်ပြီး အလယ်တွင် ချိုင့်ကလေးဖြစ်သွားအောင် လက်ညှိုးကလေးဖြင့် လုပ်ပြီးမှ ထန်းလျက်ခဲကိုထည့် ထိုထန်းလျက်ကို မုန့်နှစ်နှင့် ပြန်အုပ်ပိတ်ကာ လက်ဖြင့် အသေအချာလုံးသည်။

သို့သော်... မုန့်လုံးရေပေါ်သည် ရှည်လမြောကြီး ဖြစ်သွား၏။

မှန်ပြောင်းဖြင့် ကြည့်နေကြသော မေနှင့်နွေး တခွီးခွီးနှင့် ရယ်ကြသည်။

ကိုဇင်သည် ရှည်လမြောကြီးဖြစ်သွားသော မုန့်လုံးရေပေါ်ကို ကိုင်ပြီး ကြည့်ရင်း စိတ်ဓာတ်ကျသွားသည်။ အို... ဒီတစ်ခါမရ နောက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟု အားကိုတင်း၍ ထိုရှည်လမြောမုန့်နှစ်ကို ပြန်စုပြီး ဒုတိယအကြိမ် လုံးပြန်သည်။

ဒီတစ်ခါတော့ အပေါ်လုံးသည့်လက်ကို ခပ်ဖွဖွနှင့် မုန့်နှစ်ထည့်ထားသောလက်ကို တိုင်ပင်ညီအောင် အသာလိုက်ဖေ့ရမ်းလိုက်ပြီး ရပြီထင်တော့မှ လက်ကို အသာဖယ်ကြည့်သည်။ ခုနကလိုတော့ ရှည်လမြောကြီးတော့ ဖြစ်မသွား၊ သို့သော် မုန့်က ကျိုက်ထီးရိုးဘုရားသို့ တက်သည့်အခါ လမ်းဘေးဝဲယာတွင် တွေ့ရတတ်သော ကျောက်တုံးကြီးများလို ပုံမကျပန်းမကျ ရှိလှပေသည်။

သို့သော် ကျော်ဇင် ကျေနပ်မိသည်။

ပထမဦးဆုံးလုံးသော မုန့်လုံးရေပေါ်သည် ဒီလောက်ဆိုလျှင် နောက်အတွေ့အကြုံရသွားလျှင် ဒီထက်ပို အဆင်ပြေသွားမည်ဟု ယူဆပြီး ထိုမုန့်လုံးရေပေါ်ကို ရှေ့ကဆူနေသော ရေနွေးအိုးထဲသို့ ထည့်လိုက်သည်။

မေနှင့် နွေးတို့ တခွီးခွီးရယ်ကြပြန်၏။

ကျော်ဇင်က နောက်ထပ် မုန့်တစ်လုံးကို ယူပြီး နယ်ပြန်သည်။ ပြီးထန်လျက်ခဲထည့်လုံး ရှည်လမြောကြီးဖြစ်၊ ပြန်လုံး ပုံမကျ၊ ရေနွေးအိုးထည့်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ်...

'ဦးဇင် ဘာတွေလုပ်နေတာလဲ'

ကျော်ဇင့်အနားတွင် ငုတ်တုတ်ထိုင်ပြီး လာမေးသူက လင်းဇော်၏ ညီမလေး လင်းလင်းမော်ဖြစ်သည်။

'မုန့်လုံးရေပေါ်...'

'လင်းငယ် လုံးပေးမယ်လေ ဦးဇင် မုန့်လုံးရေပေါ်က ပုံမှမကျတာ'

'အာ... နေပေ့စေ... နေပေ့စေ မလုပ်နဲ့ ငါ့ဘာသာလုပ်ပါ့မယ်၊ ရတယ်'





'ဦးဇင်ကလည်း ဦးဇင်မှ မလုံးတတ်တဲ့ဟာကို'

'နောက်တော့ ပုံစံကျသွားမှာပေါ့ဟ'

'မုန့်လုံးရေပေါ်ပုံစံကိုလည်း ကြည့်ဦး၊ လမ်းဘေးက ကျောက်စရစ်ခဲကမှ ညီဦးမယ်၊ ပေးစမ်းပါ ဦးဇင်ရာ လင်းငယ် လုံးပေးပါ့မယ်...'

လင်းငယ်က သတ္တုဇုန်းကလေးထဲက မုန့်နှစ်ကိုယူသည်။ ကျော်ဇင် အတင်းလိုက်တားရ၏။

'မလုပ်နဲ့... မလုပ်နဲ့... ပုံစံမကျရင် နေပေ့စေ၊ ဒီမုန့်လုံးရေပေါ်က ငါကိုယ်တိုင်လုံးမှကို ရမှာ...'

'ဘာဖြစ်လို့လဲဟင်...'

'ယတြာချေခိုင်းထားလို့...'

'သြော်... လင်းငယ်ထိလို့ မရဘူးပေါ့'

'ဟုတ်တယ်... မထိရဘူး၊ ကိုင်လို့လည်းမရဘူး၊ လုံးပေးလို့လည်း မရဘူး'

'ပြပေးလို့တော့ ရမယ်မဟုတ်လား'

လင်းငယ် စကားကြောင့် ကျော်ဇင် တစ်ချက်စဉ်းစားသည်။ သူနှင့်မေ ထားခဲ့ကြသောစည်းကမ်းထဲမှာ ဒီတစ်ချက်တော့ ပါမည်မထင်၊ ကိုယ့်ဘာသာလုံးထားတာဟုသာ ပါ၏။ လုံးပြခွင့်တော့ ရှိလိမ့်မည်ထင်သည်။

'အေး... လုံးပြရင်တော့ ရမယ်ဟ'

'ဒါဆိုရင်ပြီးရော... ဒီမှာကြည့်'

လင်းငယ်က ရှေ့ရှိ မုန့်နှစ်ပန်းထဲက မုန့်နှစ်ကို ယူ၍ နယ်ပုံနယ်နည်းကို ပြသည်။ ပြီးတော့ ထန်းလျက်ခဲထည့်ပုံ ဖြန့်ပုံတို့ကို ပြသည်။ လင်းငယ်၏ မုန့်လုံးရေပေါ်ကလေးက လုံးညက်နေသလောက် ကျော်ဇင့် မုန့်လုံးရေပေါ်



www.burmeseclassic.com

www.burmeseclassic.com



က မည်သည့်ပုံသဏ္ဍာန်ဟု အတိအကျပြော၍မရအောင်ကို ဖြစ်နေသည်။

ကိုဇင်နှင့် လင်းငယ်သည် မုန့်လုံးရေပေါ်တွေကိုကြည့်ကာ အားရပါးရ ရယ်လိုက်ကြသည်။

မေသည် မုန်ပြောင်းမှ မျက်နှာကိုခွာလိုက်ပြီး ဒေါသစိတ်ဖြင့် ပြောသည်။

'မုန့်လုံးရေပေါ်လုံးတာမှ မဟုတ်ပဲ၊ အလကားနေရင်း ဟီလာတိုက်နေကြတာပဲ... ဟုတ်တယ်'

နွေးကလည်း သူကြည့်နေသော မုန်ပြောင်းကို ကမန်းကတမ်းခွာပြီး မေ့ကို လှမ်းကြည့်၍ တစ်စုံတစ်ခုကို ရရှိသိရှိသွားသလို ဝမ်းသာသွားသည်။

'မိပြီ မေ... မင်းကိုမိပြီ... မင်း... ဒေါသဖြစ်သွားတယ်မဟုတ်လား'

'ဘာကို ဒေါသဖြစ်ရမလဲ၊ မဖြစ်ပါဘူး'

'ပြန်မထိန်းနဲ့တော့ ဒေါ်ရွှေမေ၊ ကိုဇင် အဲဒီကောင်မလေးနဲ့ တဟီးဟီး တဟားဟား ဖြစ်တာကို မင်း စိတ်ဆိုးသွားတယ်၊ ဒေါသထွက်သွားတယ်၊ သဝန်တိုသွားတယ် မဟုတ်လား'

မေက နွေးကို ပြန်ရှင်းပြဖို့ နှုတ်ခမ်းတွေကို ဖွင့်လိုက်သည်။ သို့သော် အသိဉာဏ်က ဘာစကားလုံးကိုမှ နှုတ်ဖျားသို့ချ၍မပေးသဖြင့် မေ ဘာမှ မပြောနိုင်ခဲ့ပါ။

'မင်း... ကိုဇင့်ကို ချစ်နေပြီ မေ'

■





'ဟော့ကောင် မင်း Ready ပဲလား'

'ပြီးတော့ ပြီးသွားပြီ၊ ဒါပေမဲ့ မုန့်လုံးရေပေါ်တွေက သိပ်တော့ ပုံစံမကျဘူးကွာ...'

'မလိုပါဘူးကွာ Hip Hop မုန့်လုံးရေပေါ်လို့သာ သဘောထားလိုက်ပေါ့...'

သူတို့မဏ္ဍပ်ထဲက ဟစ်ဟော့သကြ်န်သီချင်းသံကြောင့်လား၊ သင်္ကြန်ရနံ့သင်းနေသော သင်္ကြန်ရနံ့ကြောင့်လား၊ တန်ခူးလ၏ မြူးကြွစေချင်သော ခံစားမှုကြောင့်လားတော့မသိ၊ ကိုဇင်တို့ (၁) လမ်းထိပ်က သင်္ကြန်မဏ္ဍပ်ရှေ့ မေတ္တာလမ်းမကြီးပေါ်တွင် အကြိုနေ့ဟုသောအသိဖြင့် မရဲတရဲပက်နေကြသော ကလေးများက သူတို့ရေပက်ခြင်းအပေါ် ဘာမှ တုံ့ပြန်ပြောဆိုခြင်းမရှိကြောင်း သိရသည့်အခါ အားရပါးရကြီးကို တွယ်ကြတော့သည်။

'မင်းဖြတ်သန်းရမယ့် သတ်ကွင်းကတော့ လက်နက်ကြီးတွေ ဒလစပ်ပဲ ကိုဇင်'



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်ကားတွေကိုသာ သဲကြီးမဲကြီး ကြည့်လေ့ရှိသော အေးဆွေက ပြောသည်။

'ဘာမှ မစိုးရိမ်နဲ့ဟ့ေကောင်၊ ငါ ဒီကောင်တွေကို အစာနဲ့ မျှားထားတုန်းမှာ မင်း ရအောင်ဖောက်ထွက်၊ ဖောက်ထွက်ရင် ညာဘက်ဝင်းကနေ ဖောက်ထွက်။ အဲဒီဘက်က ကလေးလည်းနည်းတယ်၊ နောက်ခံအင်အား သိပ်မတောင့်ဘူးကွ'

ဘောလုံးသမား အောင်ဘက တစ်မျိုးဆိုပြန်သည်။ လင်းဇော် တစ်ဦးတည်းသာ ဘာမျှဝင်မပြောဘဲ နဖူးကြောကြီးများတွန့်အောင် မျက်မှောင်ကျုံ့၍ စဉ်းစားလျက်ရှိသည်။

'ကဲ… မင်း Ready ဆိုရင် ငါတို့ တိုက်စစ်စမယ်'

'ခဏနေဦး အေးဆွေ ဒီအချိန်က နည်းနည်းစောသေးတယ်၊ ဈေးသွားဈေးပြန်တွေ မလာသေးဘူး၊ ပြီးတော့ ဒီကောင်တွေ ရေကစားရတာကို အရသာတွေ့လို့ အကောင်းဆုံးဖြစ်နေတယ်၊ ကစားနဲ့အစား ကစားကိုပဲ မက်နေတဲ့အချိန်ကြီးကွ'

'ကောင်းလိုက်တဲ့ တွေးလုံးပါလား လင်းဇော်ရာ၊ ငါ့မှာသာ နမများရှိရင်…'

'မင်းက ဒီကောင်နဲ့ ပေးစားချင်တယ်ပေါ့ ဟုတ်လား ကျော်ဇင်'

'မဟုတ်ဘူး ဒီကောင်မလိုက်နိုင်တဲ့ ပုတာအိုတို့ မချမ်းဘောတို့ဆီကို ပို့ထားချင်လို့'

သူတို့၏ အဖန်တစ်ရာဖြစ်နေသော ပြက်လုံးက မအောင်မြင်ပါ။ ဘယ်သူမှ သိပ်မရယ်ကြ။

'ကဲ… အဲဒါဆို ဘယ်အချိန် တိုက်စစ်စမှာလဲ'





'မင်း မနက်ပိုင်း ဘယ်အချိန်အထိ ရသလဲ ကျော်ဇင်'

'ဆယ့်တစ်နာရီ၊ ညနေက ၂ နာရီက ၅ နာရီအထိ'

'OK ကလေးတွေ အခြေအနေကြည့်ပြီး ဆုံးဖြတ်ကြတာပေါ့။ ဒါပေမယ့် အခုတော့ တို့ တိုက်စစ်ကို မစသေးဘူး၊ မင်းလက်ခံသလား ကျော်ဇင်'

'လက်ခံလိုက်ကျော်ဇင်၊ ဒီကောင်ပြောတဲ့အတိုင်း လိုက်လုပ်လို့ မင်း မအောင်မြင်လည်း သူ့မှာက နမတစ်ယောက်ရှိတာပဲ၊ ဒီကောင်က ဂုဏ်သိက္ခာနဲ့၊ နမဆို နမပဲစွန့်မယ့်ကောင်ကွ'

အေးဆွေစကား ဆုံးသည်နှင့် လင်းဇော်က ထင်းချောင်းတစ်ချောင်း ဆွဲ၍ လိုက်သည်။

၁ လမ်းမဏ္ဍပ်မှာ ဟစ်ဟော့ သင်္ကြန်သီချင်းသံကမြူးမြူး၊ ရေပက်ခံသဘောမျိုးမဟုတ်သေးဘဲ လုပ်စရာ သွားစရာရှိလို့ ခပ်သုတ်သုတ်သွားသူတွေကို ရေလိုက်ပက်တဲ့လူတွေ၊ ကလေးတွေကလည်း တရုံးရုံးဖြင့် သင်္ကြန်သည် သူ့အသက်ခာတ်ကြီးကို ဝီဝီပြင်ပြင်သွင်းလိုက်ပြီ ဖြစ်လေသည်။

ကျော်ဇင်က သူ့မုန့်လုံးရေပေါ်ချိုင့်ကို တပြင်ပြင်နှင့် သွားချင်လှပြီဖြစ်သော်လည်း ကိုယ့်ဆရာသမားများက တားထားသေးသည်။ ၁၀ နာရီခွဲရောက်ဖို့စောင့်ရတာ ကမ္ဘာပေါင်းများစွာကို ဖြတ်သန်းရသလိုမျိုး ကိုဇင် ခံစားနေရသည်။

၁၀ နာရီကျော်ကျော်လောက်မှာ ရေကစားအား သိသိသာသာ ကျဆင်းသွားပြီး ကျော်ဇင့် ရန်သူတော်တွေ အချင်းချင်းပက်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်လေသည်။ လင်းဇော်က နာရီကို တစ်ချက်ငုံ့ကြည့်ရင်း…

'အေးဆွေ… အော်တော့၊ ကျော်ဇင် အသင့်ပြင်…'

'OK … OK'



www.burmeseclassic.com

www.burmeseclassic.com



အေးဆွေက မြူးကြွအော်ဟစ်နေသော Hip Hop သီချင်းခွေကို ရပ်ချလိုက်တော့ ရေပက်နေကြသော ပုဂ္ဂိုလ်ကြီးသေးတွေ ကျော်ဇင်တို့မဏ္ဍပ်ကို လှမ်းကြည့်လိုက်ကြသည်။

'အဟမ်း... ဟုတ်ကဲ့ပါခင်ဗျာ... ကျွန်တော်တို့ ၁ လမ်းထိပ် မိသားစုက မေတ္တာလမ်းမကြီးပေါ်ရှိ ရေကစားသူ သင်္ကြန်ချစ်သူများအားလုံးကို ပေါင်မုန့်အုန်းနို့ဆမ်း တိုက်ကျွေးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မေတ္တာလမ်းမကြီးပေါ်မှာ ရေကစားနေကြသူများအားလုံး မိမိတို့ ရေပုံး ရေခွက် ရေပြွတ်တွေကိုပါ ယူလာပြီး ကျွန်တော်များ မဏ္ဍပ်မှာ ပေါင်မုန့်အုန်းနို့ဆမ်း လာရောက် စားသောက်နိုင်ကြပါတယ် ခင်ဗျား'

'တိုင်ကီတွေကျတော့ ဘယ်လိုလုပ်မလဲ'

'ဟုတ်ကဲ့... ရေခွက်ပဲယူလာရင် ရပါပြီ၊ ရေပြွတ် ရေခွက်တွေ ပါမလာတဲ့သူကိုတော့ ပေါင်မုန့်အုန်းနို့ဆမ်း ကျွေးမှာမဟုတ်ပါဘူးခင်ဗျာ၊ ရေပြွတ် ရေခွက်တွေ တစ်ခါတည်း ယူလာခဲ့ပါခင်ဗျား'

အေးဆွေ၏ လော်စပီကာအသံဆုံးသည်နှင့် ကလေးတွေ တော်တော်များများ ကိုယ့်လက်ထဲက ရေပြွတ် ရေခွက်တွေကို ပိုက်၍ မဏ္ဍပ်အတွင်းသို့ ဝင်ရောက်လာကြလေသည်။ လူကြီးတချို့နှင့် အပျိုကလေးတွေကတော့ ဣန္ဒြေနှင့် သိက္ခာအရ အင်တင်တင်ဖြစ်နေကြသေးသည်။

သို့သော် မဏ္ဍပ်ထဲမှာ အင်နှင့်အားနှင့် စားသောက်နေကြသော ကလေးတွေနှင့် အေးဆွေ၏ လော်စပီကာမှ ဖိတ်ခေါ်သံတို့ကြောင့် မဏ္ဍပ်အတွင်း ဝင်လာကြလေတော့သည်။

'လုံးဝလူရှင်းသွားပြီ ကျော်ဇင် မင်းလစ်ပေတော့၊ မပြေးနဲ့နော် ပြေးရင် လိုက်ပက်ချင်တဲ့လူ ရှိတတ်တယ်၊ ပုံမှန်ခြေလှမ်းကိုသာ ခပ်သွက်သွက်





နဲ့သွား... လစ်တော့...'

ကျော်ဇင်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော မုန့်လုံးရေပေါ် ယွန်းချိုင့်ကလေးကို ပို၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကျော်ဇင် မဏ္ဍပ်ထဲမှ ထွက်လိုက်ပုံမှာ အာကာသထဲသို့ ဂြိုဟ်တုထဲသို့ထွက်လိုက်သော အာကာသသူရဲကောင်းလို ရင်ထဲ အေးခနဲ တစ်ချက်ဖြစ်၍ လေထဲ မျောလွင့်သွားသလို ခံစားရလေသည်။

လင်းဇော်မှာသလို ပုံမှန်ခြေလှမ်းကိုပင် ခပ်သွက်သွက်လျှောက်သည်။ ၂ လမ်းထိပ်ကို အခက်အခဲမရှိ ကျော်ဖြတ်လာနိုင်သည်။ အေးဆွေ၏ အုန်းနို့ဆမ်းဖိတ်ခေါ်သံက ဆူညံ၍နေသည်။ ၃ လမ်းထိပ်ကိုလည်း အသည်းတယားယားနှင့်ပင် ဖြတ်ကျော်လာခဲ့သည်။ ကျော်ဇင်သည် သူ့နောက်ကျောကို ပေါ့လုပ်သောအရာတစ်ခုက ပင့်တွန်းထားသလို ခံစားနေရ၏။

၃ လမ်းထိပ်ကိုကျော်ပြီးတော့ မေတို့အိမ်ကို မြင်ရပြီဖြစ်သည်။ ကျော်ဇင့်နှလုံးသားသည် အခုမှ ဖန်(လ်)ခွက်ထဲသို့ အထည့်ခံလိုက်ရသော ဘီယာမြုပ်ကလေးတွေ အပေါ်ကို တိုးတက်နေသလို ခံစားနေရသည်။

မေ့ကို လှမ်းမြင်ရပြီ၊ မေ၏ မျက်နှာမှာ ပုံမှန်ပင်ဖြစ်ပါသည်။ ကျော်ဇင်က တစ်ချက်လှမ်းပြုံးပြပြီး လက်ထဲက ယွန်းချိုင့်ကလေးကို မြှောက်၍ပြသည်။

ထိုအချိန် ကျော်ဇင့်အရှေ့မှ လျှောက်နေသော အမျိုးသမီးက သူ့လက်တွဲလာရသည့် လေး ငါးနှစ်အရွယ် ကလေးလေးကို ရုတ်တရက် ကောက်၍ချီလိုက်သည်။ အမေဖြစ်သူ၏ ပခုံးပေါ်သို့ရောက်သွားသော ကလေးက သူတို့နောက်မှလိုက်လာပြီး သူနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသော ကျော်ဇင့်မျက်နှာတည့်တည့်ကို သေနတ်ရေပြွတ်ကလေးနှင့် သုံးလေးငါးချက်



www.burmeseclassic.com

www.burmeseclassic.com



ပက်ချလိုက်သည်။

ကိုဇင် ပထမ ကြောင်၍သွားသည်။ ပြီးတော့မှ သတိရကာ ဒေါသတကြီး ထိုကလေးကို အော်လေသည်။

'ဟာ... ဟာ... မင်း ငါ့ကို ဘာဖြစ်လို့ ပက်ရတာလဲ၊ ဘာလို့ ပက်တာလဲကွ၊ မင်းကွာ... တောက်... မင်းကွာ... မင်း ပက်စရာလူ ဒီလောက်ပဲ မင်းဆီမှာ ရှားသလားကွဟင်...'

ကိုဇင့်စကားကြောင့် ကလေးကိုချီထားသော မိခင်က ကိုဇင့်ဘက်သို့ လှည့်၍ လေအေးအေးနှင့်ပင် ပြောပါသည်။

'သား... ပြောလိုက်လေသားရဲ့၊ သင်္ကြန်မို့ပက်တာပါလို့။ သားသား သေနတ်ထဲကရေက ရေမွှေးပါ ဦးရဲ့လို့နော်... ပြောလိုက်လေသားရဲ့'

ကလေးက ဘာမှ မပြောပါ၊ ရေပြွတ်နှင့်သာ သုံးလေးချက် ထပ်ပက်သည်။ ကိုဇင် ခေါင်းငိုက်စိုက်ကျသွား၏။ ပြီးတော့မှ မေ့ကိုမော့ကြည့်တော့ မေက ပြုံး၍နေသည်။

'မေက... ကိုဇင်အောင်မြင်သွားပြီလို့ ထင်ထားတာ၊ အခု မေ့ရှေ့ကြီးမှာဆိုတော့...'

ကိုဇင် ဘာမျှ ပြန်မပြောနိုင်ပါ။

'နောက်အကြိမ်တွေ ရှိပါသေးတယ် ကိုဇင်ရယ်၊ ရှင်ကြိုးစားကြည့်ဦးပေါ့၊ မုန့်လုံးရေပေါ်ပေးလေ၊ ကိုဇင် မအောင်မြင်ပေမယ့် တစ်ခုနဲ့ တစ်ခု ပုံသဏ္ဌာန်ချင်းမတူတဲ့ မုန့်လုံးရေပေါ်ကိုတော့ စားမှာပါ၊ ပေး...'

ကိုဇင် မဏ္ဍပ်ထဲပြန်ရောက်လာတော့ သူငယ်ချင်းတွေအားလုံး စိတ်မကောင်းကြ၊ ကိုဇင် ယွန်းအစ်ကလေးကို လင်းငယ်လက်ထဲသို့အပ်ပြီး မဏ္ဍပ်ထဲရှိ ကွပ်ပျစ်ပေါ်တွင် လှဲချကာ မျက်လုံးများကို မှိတ်ထားရင်းက





'ငါ့မုန့်လုံးရေပေါ်တွေ မညီတာကို သူ ဘယ်လိုလုပ်သိလဲ၊ လင်းငယ်ကလည်း တစ်ချိန်လုံး မဏ္ဍပ်ထဲမှာရှိနေတာ၊ သူတို့ ဘယ်လိုလုပ် သိသွားတာလဲ'

'မေ... မင်းလူတော့ ကွပ်ပျစ်ပေါ်မှာ ဆန့်သွားပြီ၊ မင်းလူ ကွပ်ပျစ်ပေါ်မှာဆန့်သွားရင် မောင်ဝဏ္ဏတို့၊ ရှုပတို့ ကျန်သေးတာပေါ့'

'မနောက်နဲ့ကိုယ့်ဆရာ၊ သူ တော်တော်ကို ခံစားသွားရတာ၊ ပေးစမ်း မုန့်လုံးရေပေါ်တစ်လုံး'

နွေးက ချိုင့်ထဲမှ မုန့်လုံးရေပေါ်တစ်လုံးကို ကောက်ဝါးလိုက်၏။

'ဟ... ပုံသဏ္ဌာန်သာမညီတာ မုန့်နှပ်တာကောင်းတော့ စားလို့ကောင်းသားပဲကွ'

'မေက အဲဒါကိုပြောမလို့ရှိသေးတာ'

'ကိုဇင် သနားပါတယ်ဟယ်၊ ပန်းဝင်ခါနီးမှ သူ တော်တော်စိတ်ဆိုးသွားတာ သိလား'

'သူ့မှာ ကြိုးစားဖို့အချိန် ၃ ရက်ကျန်ပါသေးတယ်၊ နွေးရဲ့'

နွေးက ခဏငြိမ်၍သွားသည်။ ပြီးတော့မှ ဝမ်းသာအားရဖြင့် ထပြောသည်။ နွေးသည် စာရူးပေရူးတစ်ယောက်လည်း ဖြစ်၏။

'နွေး ဇာတ်လမ်းတစ်ခုရပြီ မေ၊ ဇာတ်စအဖွင့်က မင်းနဲ့ ကိုဇင် အခုဖြစ်တဲ့အတိုင်းပဲထား။ မေက တစ်ကြိမ်ပဲကြိုးစားခွင့်ပေးတာ ဆိုပါတော့ကွာ၊ အဲဒီမှာ အခုအတိုင်းပဲ ကိုဇင်ရေအပက်ခံရ၊ ဒီကလေးကိုရော ကလေးကို ချီထားတဲ့ ကောင်မလေးက ကလေးက သင်္ကြန်အတွင်းပက်တာပါလောက် ပြောစရာမလိုကြောင်း ပြန်ရန်တွေ့၊ မေကလည်း ချစ်ပေမယ့် ကတိအတိုင်း ကိုဇင် အဖြေမရဘူးပေါ့၊ အဲဒီမှာ ကလေးကို ချီလာတဲ့ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကိုသိသွား၊ သူချီလာတာ သူ့သားမဟုတ်ဘဲ သူ့အစ်မရဲ့သား၊ သူက အပျို၊ ကိုဇင့်ကို သူ့တူကလေးကြောင့်ဖြစ်ရတာကို တောင်းပန်၊ နားလည်ပေး ကိုဇင်နဲ့ ရင်းနှီးသွား၊ ရင်ချင်းဖလှယ်တဲ့အဆင့်ကိုရောက်တော့မှ မေက သိ၊ ကိုဇင့်ကိုခေါ်ပြီး မုန့်လာပေးတာ ရေစိုသော်လည်း သူ ကိုဇင့်ကိုချစ်နေပြီ ဆိုတာ ပြောပြကွာ၊ အဲဒီမှာ ကိုဇင်က ဘာလုပ်ရမှန်းမသိ ဖြစ်၊ ဇာတ်ကို ဘယ်လိုသိမ်းရမလဲ မေ ဝိုင်းစဉ်းစားပေးကွာ'

'အင်း... နွေးတို့ကတော့ ဘာပဲတွေ့တွေ့ ဇာတ်လမ်းလုပ်ပစ်လိုက် တာချည်းပဲ၊ ပေးလိုက်ပေါ့ နွေးရဲ့။ ဟိုကောင်မလေး သနားပါတယ်'

'ဟင်... ဒါဆိုရင် မေက အဆွေးကြီးနဲ့ ကျန်ခဲ့မှာပေါ့'

'ဒါပေါ့ကွ'

'ဟင်... မြန်မာပရိတ်သတ်က ဇာတ်ဆိုရင် ပေါင်းရမှကြိုက်တာ'

'ဟိုဘက်မှာ ပေါင်းတယ်လေကွာ'

'ဟာ... ဟိုဘက်က မင်းသမီးမှ မဟုတ်တာ... သူက အပြိုင်လေ။ မေကသာ မင်းသမီး'

'ဘာထူးလဲနွေးရဲ့၊ မေနဲ့ညားတော့ သူက ဆွေးရဦးမှာပဲ၊ ဆွေးရမှာ ချင်း လုရင်တော့ မေ့ကိုပဲ အနိုင်ပေးကွာ။ မေက ဆွေးပဲဆွေးချင်တာ'

'အမလေး ဆွေးချင်တဲ့မိန်းမ ကြည့်စမ်း စားလိုက်တာ ပြောင်ပြီ'

နွေးက ပြောပြောဆိုဆို နောက်ဆုံးနှစ်လုံးကို ပါးစပ်ထဲ ထိုးထည့်ပစ် လိုက်လေသည်။

ကွပ်ပျစ်ပေါ်က ကိုဇင့်ကိုလည်း သူငယ်ချင်းများက အားပေးနေကြ ရသည်။ ကိုဇင်သည် ဘာမျှ မပြောချင်လောက်အောင် စိတ်ဓာတ်ကျနေ သည်။





'မင်းကလည်းကွာ နောက် ၃ ရက်တောင်မှ ကျန်သေးတာပဲ၊ စိတ် မလျှော့စမ်းပါနဲ့၊ ငါတို့လည်း ဝိုင်းစဉ်းစားပေးတာပေါ့၊ တစ်ကြိမ်မရရင် နှစ်ကြိမ်ပေါ့ကွ'

'ငါ လက်မလျှော့ပါဘူး၊ အားလုံးအဆင်ပြေခါနီးကျမှကွာ ဒီကလေး က...'

'ဒါကတော့ တမင်ဖြစ်တာမှမဟုတ်ဘဲ၊ ကံတရားရဲ့ ဆုံးဖြတ်ချက် အတိုင်းပဲ ဖြစ်ရတာ။ မင်း အဲဒါကို ခေါင်းက မေ့ထားလိုက်တော့ ဟုတ်လား၊ ငါတို့လည်း ဝိုင်းစဉ်းစားပေးမှာပေါ့ ဟုတ်ပြီလား'

'အေးပါကွာ... ငါတော့ ထူပူပြီး ဘာမှ စဉ်းစားလို့မရဘူး၊ ဘာတစ်ခုမှ လည်း အကြံဉာဏ်တွေ မထွက်ချင်တော့ဘူး။ သင်္ကြန်အတွင်းမှာ ရေမစိုဖို့ ဆိုတဲ့အလုပ်ကို အရင်က ငါ အလွယ်ကလေးထင်ခဲ့တယ်၊ မုန့်လုံးရေပေါ် လုံးတာကိုလည်း အလွယ်ကလေးလို့ ထင်ခဲ့တယ် အခုတော့...'

'ကဲ... ခဏမေ့ထားလိုက်ပါ ဆိုနေမှပဲကွာ၊ မင်း မဏ္ဍပ်စောင့်နှင့်ဦး။ ငါတို့သုံးယောက် ဘာမှမဝိတ်ရသေးလို့ မနက်စာ သွားဝိတ်လိုက်ဦးမယ်'

'သွား... သွား... သွားဝိတ်ကျ ငါကတော့ ဘာကိုမှ စားချင်စိတ် သောက်ချင်စိတ် မရှိတော့ဘူး'

ကျော်ဇင်တစ်ယောက်တည်း ကွပ်ပျစ်ပေါ်တွင် မျက်လုံးများကို စုံမှိတ် ၍ မျက်လုံးထဲတွင်ပေါ်လာသော အရောင်မျိုးစုံကို လိုက်ကြည့်နေမိသည်။

လူတစ်ယောက်၏ အချစ်နှင့် မုန့်လုံးရေပေါ်သည် ဘာဆိုင်သနည်း။

လူတစ်ယောက်၏ အချစ်နှင့် သင်္ကြန်အတွင်း ရေစို မစိုသည် ဘာဆိုင် သနည်း။

အချစ်ဆိုသည်မှာ နှလုံးသားမှလာသော ဝေဒနာတစ်ခုကို ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကဲဆုံး ခံစားမှုအဖြစ်သို့ ပြောင်းလဲပေးလိုက်သော ဝေဒနာတစ်ခုပင် ဖြစ်သည်ဟု သူထင်သည်။ အခု ထိုဝေဒနာကို သူခံနေရပြီ။ ထိုဝေဒနာအတွက် ဘာမှန်းမသိသော ကိစ္စတွေကို သူလိုက်လုပ်နေရပြီ။ ယောကျ်ားလေးတစ်ယောက်အတွက်တော့ အချစ်သည် ဒုက္ခနှင့်ဝေဒနာ နှစ်ခုကို စတင်ခံစားရသူသာ ဖြစ်လေသည်။

'ဒီမှာရှင့် ဒီမှာ... ဒီမှာ မဏ္ဍပ်စောင့်တဲ့ ဦးလေးကြီး'

အသံကြောင့် သူ လူးလဲထလိုက်တော့ မေနှင့် နွေးကို ရယ်ကျဲကျဲဖြင့် တွေ့ရသည်။

သူ့ကိုယ်သူ မယုံချင် အိပ်မက်များ မက်နေတာလား။

'ကျွန်မတို့ ၁ လမ်းမဏ္ဍပ်အတွက် အလှူငွေ ထည့်ချင်လို့ပါ'

'ခင်ဗျာ'

'အလှူငွေထည့်ချင်လို့ပါ'

'အလှူငွေ... အလှူငွေ... မမေသန့်စင်... ခင်ဗျားတို့ တကယ်ရော ဟုတ်ကြရဲ့လားဗျာ'

'ဟောတော့... ကျွန်မတို့ အလှူငွေလာထည့်တာကို ဘယ်နဲ့ ဟုတ်ရဲ့လားတွေဘာတွေ ပြောနေရတာလဲ ကိုဇင်၊ ကျွန်မတို့ လေးလမ်းမှာ မဏ္ဍပ်မရှိဘူး၊ ဒီတော့ ကလေးတွေကို ဘာမှမကျွေးနိုင်ဘူး၊ အခု ရှင်တို့မဏ္ဍပ်က ကလေးတွေကိုကျွေးတာ မနက်က သတင်းရလို့ အခု အလှူငွေလာထည့်တာ၊ ဘာလဲ မထည့်ရဘူးလား'

'အာ... ထည့်ရပါတယ် ထည့်ရပါတယ်၊ ကျွန်တော်က အိပ်မက်များ မက်နေလားလို့ပါ တောင်းပန်ပါတယ်'

'ရပါတယ် တောင်းပန်မနေပါနဲ့၊ ၁ လမ်း ရေကစားမဏ္ဍပ်အတွက်





မမေသန့်စင်နဲ့ မနွေးနွေးခိုင်တို့က အလှူငွေသုံးသောင်းဆို ရပါပြီ'

ကျော်ဇင့်ရှေ့သို့ တစ်ထောင်တန် ၃ အုပ်ရောက်လာသည်။ ကျော်ဇင် အလှူလက်ခံဖြတ်ပိုင်းကိုရှာတော့ လက်တွေ တုန်နေသည်။ အရေးထဲ ဖြတ်ပိုင်းက ဘယ်ရောက်နေမှန်းမသိ၊ ဟိုကောင်တွေကို မေးမထားလိုက်ရ...

'အရေးထဲ ဒီဖြတ်ပိုင်းစာအုပ်က ဘယ်ရောက်နေပါလိမ့်ကွာ'

'ကိုဇင်... ရှင်လက်ထဲမှာကိုင်ထားတာ ဖြတ်ပိုင်းစာအုပ်မဟုတ်လို့ ဘာစာအုပ်ဖြစ်မလဲ'

'ဟာ... ဟုတ်သားပဲ ဒုက္ခပါပဲဗျာ'

မေနှင့် နွေးတို့ တခွီးခွီးရယ်ကြသည်။ နာမည်တွေ ရေးတော့လည်း လက်တွေက တုန်ယင်နေသည်။ ဘောင်ချာဖြတ်ပြီး ပြန်ပေးတော့ မေ့မျက်နှာကို မကြည့်ရဲသဖြင့် နွေးကိုပဲ ပေးလိုက်သည်။

'လာလှူကြောင်း အော်ပေးနော်'

'ဟုတ်... ဟုတ်ကဲ့ခင်ဗျ'

မေတို့လှည့်ထွက်သွားတာကို ခဏကြောင်ငေးနေမိပြီးမှ အသံချဲ့စက်ကို ဖွင့်ရသည်။ 'ကျွီ...' ဆိုသော အသံရှည်ကြီးထွက်လာသဖြင့် မိုက်ကို လက်ဖြင့် အုပ်ထားလိုက်ရသည် ပြီးတော့မှ...

'အဟမ်း... ဟမ်း ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်တို့ ရပ်ကွက်ရဲ့ လေးလမ်းက မမေသန့်စင်နဲ့ မနွေးနွေးခိုင်တို့က အနန္တငါးပါး မြော်... မှားသွားလို့ပါခင်ဗျာ၊ ရတနာ ၃ ပါးကို ဦးထိပ်မှာထားပြီး ငွေသုံးသောင်းကျပ်တိတိကို လှူဒါန်းသွားပါတယ် ခင်ဗျာ၊ ထိုသို့ လှူဒါန်းရတဲ့အကျိုးကြောင့် မမေသန့်စင်နှင့် မနွေးနွေးခိုင်တို့ မည်သူ့ကိုဆို ထင်ရာစေစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရပြီး စိတ်ရောကိုယ်ပါ ချမ်းသာနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ် ခင်ဗျား’

ထမင်းစားနေကြသော အေးဆွေ၊ အောင်ဘနှင့် လင်းဇော်တို့ ပါးစပ်ထဲမှ ထမင်းများကို ဆက်မဝါးမိကြဘဲ ပါးစပ်ကြီးတွေ ပြံကုန်ကြလေသည်။

●



# အကျနေ့

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့လည်း ပထမတော့ မင်းလုပ်ချင်ရာတွေ လျှောက်လုပ်ပြီး မင်းအပေတုန်းကလိုပဲ အိမ်ကမသိဘဲနဲ့ ထင်ရာအော်ပြီလို့ထင်ပြီး ထမင်းစားရပ်ပြီး ပြေးဆင်းလာရတာပေါ့ကွ…'

'ငါဆို ဂုန်းခနဲ ထရပ်မိတာ တစ်ခွက်ထဲရှိတဲ့ ချဉ်ပေါင်ချဉ်ရည်ဟင်းလေး မှောက်သွားပါရောလား'

ကိုဇင် အောင်ဘကို တလေးတစား ကြည့်လိုက်သည်။ သူ့ သူငယ်ချင်းတွေ သူ့အပေါ် ဒီလောက်အထိ ထမင်းမေ့ ဟင်းမေ့ကို ကူညီကြတာကိုမြင်ရတော့ မေသန့်စင်ကို မရနိုင်ဦး သူ ကျေနပ်နေမိသည်။ အေးဆွေက…

'မင်းအခွင့်အရေးရအောင် ကလေးတွေကို ငါတို့ မုန့်ကျွေးတယ်ဆိုတာ သူသိတယ်ကွ၊ ဒါကြောင့် ကလေးတွေကို ကျွေးဖို့ဆိုပြီး တမင်ပေးသွားတာ'

'ဘာပဲဖြစ်ဖြစ်ကွာ သူကလည်း ငါတို့အပေါ် ပြန်စိတ်ဝင်စားတယ်ဆိုတာကိုပဲ ငါကတော့ ကျေနပ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... အဲဒီတော့ မနက်ဖြန် ဘာလုပ်ကြမလဲ၊ ဒီကောင် အင်္ကျီရေမစိုအောင် ဘာလုပ်ကြမလဲ'

လင်းဇော်၏ စကားဆုံးတော့ သူရော သူငယ်ချင်းတွေပါ ငြိမ်သွားကြသည်။ သူ ထိုအကြောင်းကိုတွေးလိုက်လျှင် နှလုံးသားကြီးက လေးလံသွားပြီး အသိဉာဏ်တွေက ရေလောင်းခံလိုက်ရသော ပုရွက်ဆိတ်အုံတစ်အုံလို ရှုစိတက်ကုန်ကြသည်။

'ငါတော့ ဘာမှကို စဉ်းစားလို့ မရတော့ဘူးကွာ၊ ကာယကံရှင်ဆိုတော့ စိတ်ကလောပြီး ဘာမှကို စဉ်းစားလို့မရတော့ဘူး၊ မင်းတို့က ဘေးလူဆိုတော့ ပိုမြင်မှာပါ၊ မင်းတို့ပဲ စဉ်းစားပေးကြပါကွာ'

'ငါ့မှာ အကြံတစ်ခုတော့ ရှိတယ်'

သူတို့မျက်လုံးတွေအားလုံးက အောင်ဘဆီသို့ ရောက်သွားကြသည်။

'ဒါပေမယ့် မင်းကို မေးစရာလေးတွေတော့ရှိတယ်'

'ရှိရင် မေးကွာ'

သူ စိတ်ပါဝင်စားစွာ စိတ်အားထက်သန်စွာဖြင့် ဝင်ထောက်ပေးလိုက်သည်။

'မေက မင်း အင်္ကျီလုံချည် အကောင်းပကတိနဲ့ သူ့ကို မုန့်လုံးရေပေါ်ပေးနိုင်ရင်ပြီးပြီ ဘာပါလာလာ ဘယ်သူပါလာလာ ရတယ် မဟုတ်လား'

'အေး... ရတယ်၊ ပါလာတဲ့လူစိုတာ အရေးမကြီးဘူး၊ ငါမစိုဖို့ဘဲ အရေးကြီးတာ'

'ကောင်းပြီ... ဒါဆိုရင်... မင်း မေ့ကို ရပြီလို့သာ မှတ်လိုက်ပေတော့'

'အဲဒီလိုတော့ မလုပ်နဲ့လေကွာ၊ ငါက ဘာလုပ်ထားရမလဲဆိုတာတော့ ပြောထားဦးမှပေါ့'





'အေး သိပ်လုပ်ချင်ရင်တော့ ချော့ကလက်ခရင်(မ်)ပါတဲ့ ဘီစကစ်သုံးထုတ်လောက်သာ ဝယ်ထားလိုက်ပေတော့'

'ကလေးတွေကို မုန့်ကျွေးဦးမလို့လား'

'မချေးချင်ရင် ကြာကြာမကြည့်နဲ့၊ မပြီးခင် ဗမာမသိစေနဲ့တဲ့၊ ဒီတော့ ငါပြောတာ ဝယ်ထား၊ ငါ ဘာလုပ်မယ်ဆိုတာ ခဏနေရင် မင်းတို့သိရမယ်ကွာ၊ အခု ရှစ်နာရီမဟုတ်လား ရှစ်နာရီခွဲကျရင် ငါပြန်လာခဲ့မယ်... ဒါပဲ'

အောင်ဘက အပိုင်ပြောပြီး မဏ္ဍပ်ထဲက ထွက်သွားသည်။ သူတို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်းနှင့် ကျန်ခဲ့ကြသည်။

'ဟေ့ကောင်တွေ အောင်ဘက မပိုင်ရင် ဘာမှမလုပ်ဘူးနော်၊ ဒီကောင်ပြန်လာလို့ သူစီစဉ်တာ ပိုင်တယ်ဆိုရင် မင်း မေ့ကိုပေးဖို့ စာလေးဘာလေး ရေးထားပါလား'

'အာ... မလုပ်နဲ့ မေက မုန့်လုံးရေပေါ်ပဲမှာတာ၊ ငါက စာပါထည့်ပေးလိုက်ရင် စည်းကမ်းဖောက်တယ်ဆိုပြီး သဘောထားပြောင်းသွားနိုင်တယ်ကွ'

'အင်း... မင်းတို့ကိုကြည့်ရတာ မုန့်ဆီကြော်က ဘယ်နှားမှန်းမသိသေးဘူး နှုတ်ခမ်းနှာနဲ့ တည့်ပါ့မလားက အရင်စ,တာကိုးကွ၊ အောင်ဘက ဘာလုပ်လာမယ်မှန်းလည်း မသိ၊ ကလေးတွေရဲ့ ရေဒဏ်က လွတ် မလွတ်ကလည်း မသိသေးဘဲနဲ့ ရည်းစားစာပေးရင် သစ္စာဖောက်ရာရောက်မယ်ပြောနေတာတော့ ရယ်ချင်တယ်ဟေ့'

အေးဆွေ၏ စကားက မှန်နေသဖြင့် သူနှင့် လင်းဇော်တို့ ငြိမ်သွားကြသည်။ ကိုးနာရီထိုးနေပြီ အောင်ဘ ပြန်မရောက်သေး။

သူပြောသွားတော့ စကားလုံးတွေက အပိုင်တွေချည်းဖြစ်သည်။ ခုထိ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည့် ကတိကိုပင် မတည်နိုင်သေး။ သူ စိတ်ပူစပြုနေပြီဆိုတာ တစ်နေရာတည်းတွင် ကြာကြာမနေနိုင်ခြင်း၊ နာရီကို ခဏခဏကြည့်ခြင်း၊ ခေါင်းမှဆံပင်ကို ခဏခဏထိုးဖွခြင်းတို့ဖြင့် သိနိုင်လေသည်။

'ဟာ... ဟိုမှာ အောင်ဘလာပြီ ခွေးကြီးနဲ့ကွ'

'အေး... ခွေးကြီးက နည်းတာကြီးမဟုတ်ဘူး၊ ဘာလုပ်မှာလဲ'

အောင်ဘက ရင်ကိုကော့၍ မဏ္ဍာပ်ထဲသို့ ခွေးကြီးကိုကြိုးဖြင့် ကိုင်ထားရင်း ဝင်လာသည်။ လင်းငယ်နှင့် ရေကစားနေသော လင်းငယ်နှင့် သူငယ်ချင်းကောင်မလေးတွေ ကြောက်သည်ဟုဆိုပြီး အိမ်ပေါ်တက်ပြေးကြ၏။

ခွေးကြီးက ဒိုဘာမင်နှင့် အယ်(လ်)ဖေးရှင်း စပ်ထားသည်ဟုဆိုသည်။ သွားတွေအဖွေးသားနှင့် ဖြဲထားသော ပါးစပ်ကြီးထဲမှ ထွက်နေသောလျှာကြီးကိုက အသည်းယားစရာ ကောင်းနေသည်။ Hight က ၂ ပေကျော် ကျော်လောက် ရှိမည်။

'ဒီကောင်ကြီးနာမည်က 'ဒွန်'တဲ့၊ ဒိုဘာမင်(န်)နဲ့ အယ်ဖေးရှင်းမျိုး စပ်ထားတာ၊ ဒေါသက ကြီးသလား မမေးနဲ့၊ ဒါပေမဲ့ ဒီကောင်ကြီးက ချောကလက်ဘီစကစ် သိပ်ကြိုက်တယ်၊ ချောကလက်ဘီစကစ်ကျွေးတဲ့ လူဆို ဘယ်တော့မှ မကိုက်ဘူး'

'ဒါ... ဒါကြီးကို ငါက... ဘာလုပ်ရမှာလဲ'

'အ ပါ့ကွာ... မင်း ဒီကောင့်ကို လက်တစ်ဘက်က ကြိုးကိုကိုင်၊ တစ်ဘက်က မုန့်လုံးရေပေါ်ချိုင့်ကိုကိုင်ပြီး မေသန့်စင်ဆီသွားပေါ့ကွ၊ မင်းကို ရေပက်ရဲတဲ့လူ ရှိရင် ငါ ဖက်ပါအဖြတ်ခံလိုက်မယ်'

အောင်ဘစကားကြောင့် သူ တော်တော်ဖြုသွားသည်။ Hight က





နှစ်ပေခွဲနီးပါး၊ မျက်လုံးတွေက တဖိတ်ဖိတ်တောက်ပြီး အမြဲတမ်း ပါးစပ်ကြီးဖြဲထားသော ခွေးကြီးကိုတော့ သူကြောက်တာ အမှန်ပင်ဖြစ်သည်။

'မင်းတို့ ငါ့ကိုပဲကြည့်၊ ငါ ဒီကသွားတော့ ငါ့ကို ဝိုင်းပက်လိုက်ကြတာ၊ ကြွက်စုတ်ကို ဖြစ်လို့။ ဒီကောင်ကြီးကိုခေါ်ပြီး အိမ်ပြန် အဝတ်အစားလဲပြီး ဒီကောင်ကြီးနဲ့အတူ ပြန်လာတော့ ဒီမှာကြည့်စမ်း ငါ့အင်္ကျီ ရေတစ်စက်စိုသလား'

ဟုတ်ပါသည် အောင်ဘ၏ အင်္ကျီရော ဘောင်းဘီမှာပါ ရေတစ်စက်မှ စွန်းထင်းခြင်းမရှိပါ။ သူ နားလည်လိုက်ပြီ။ အောင်ဘအိမ်နှင့် ဒီမဏ္ဍာပ်သည် သူတို့မဏ္ဍာပ်နှင့် မေ့ အိမ်ထက် ၃ ဆလောက် ပိုဝေးသည်။ ဒါတောင်မှ အောင်ဘ ရေမဆိုလျှင်... ဒါပေမဲ့ သူ ဒီကောင်ကြီးကိုတော့ မကိုင်ရဲပါ။

'ငါ့ကို ဒီကောင်ကြီးက ပြန်ကိုက်ရင် ဘယ်နဲ့လုပ်မတုံး'

'ဒီကောင်ကြီးမှာ အားနည်းချက်ရှိတယ်ကွ၊ အဲဒါက ချောကလက်ဘီစကစ် ကြိုက်တာပဲ၊ သူ့အမေနဲ့ နို့မခွဲခင်ကတည်းက သူ့ကိုခေါ်လာတော့ ဘာကျွေးကျွေးမစားဘူးတဲ့၊ နို့တိုက်လည်း မသောက်ဘူးတဲ့၊ အစာမဝင်လို့ လဲနေရာက ချောကလက်ဘီစကစ်တစ်ခု သူ့နားပြုတ်ကျတော့ ထစားရင်းနဲ့ အသက်ပြန်ရှင်တာမို့ ဒီကောင်ကြီးက ချောကလက်ဘီစကစ်ကျွေးတဲ့ သူဆိုရင် ဘော်ဒါပဲ။ ကိုက်ဖို့နေနေသာသာ အနားကတောင် မခွာတော့ဘူးတဲ့၊ ငါလည်း သူ့ကို ချောကလက်ဘီစကစ်ကျွေးပြီးတော့မှ ခင်ရတာ'

'ခင်တာပေါ့ကွ၊ ငါ့ကိုဆို တစ်ခါတည်းကျွေး တစ်ခါတည်း တန်းခင်တာပဲ'

'ဟုတ်ပါ့မလား အောင်ဘရာ၊ ဒီကောင်ကြီးကကိုက်တာ ခံရရင်တော့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ဟာက ဘာလဲကွ၊ အချစ်အတွက်ဆို ဘာပဲလုပ်ရလုပ်ရဆိုပြီး ဒီခွေးကျတော့ ကိုင်ရမှာ ကြောက်နေသလား၊ ကဲ... ငါ့ကို မင်းတို့ဝယ်ထားတဲ့ ချောကလက်ဘီစကစ် ပေးစမ်းကွာ'

လင်းဇော်က သူ့ညီမလင်းယဉ်ကို အိမ်တွင်သိမ်းထားသည့် ဘီစကစ်ထုတ်ကို ယူခိုင်းသည်။ ဘီစကစ်ထုတ် လင်းဇော်လက်ထဲသို့ ရောက်သည်နှင့် ဒွန်ကြီးမှာ လျှာကြီး ပိုရှည်ထွက်လာပြီး အမြီးတနှံ့နှံ့ဖြင့် ဖြစ်လာလေသည်။

'တွေ့လား ချောကလက်အနံ့ရတာနဲ့တင် အဲဒီလိုဖြစ်နေတာ၊ ကိုဇင် ချောကလက်ဘီစကစ်ကို ဖောက်လိုက်'

သူ အောင်ဘ ပြောသည့်အတိုင်း လိုက်လုပ်နေရသည်။

'အေး... အဲဒီ ဘီစကစ်တစ်ခုကိုယူပြီး မင်းပါးစပ်ထဲမှာ ခဏငုံထားလိုက် မင်း တံတွေးအနံ့ပါသွားအောင်လို့ကွာ'

သူ အောင်ဘပြောသည့်အတိုင်း ဘီစကစ်တစ်ချက်ကို ငုံထားလိုက်သည်။ အောင်ဘက နာရီကိုကြည့်ပြီး စက္ကန့် လေးဆယ်လောက် ရှိသောအခါ...

'ဘီစကစ်ကို မင်းလက်ထဲထွေးထုတ်လိုက်...'

သူ့ပါးစပ်မှ ဘီစကစ် လက်ထဲသို့ရောက်သည်နှင့် 'ဒွန်'ကြီးမှာ လှုပ်ငြိမ် မရတော့ဘဲ အတင်းရုန်းကန်နေသဖြင့် အောင်ဘက မနည်းချုပ်ထားရသည်။

'မင်းလက်ကို သူ့ပါးစပ်အနား တိုးပေးလိုက်တော့...'

'ဟ... ငါ့ကို ကိုက်ရင် ဘယ်နဲ့လုပ်မလဲကွ'

'မကိုက်စေရပါဘူးကွာ မင်းလက်ကိုသာ ရဲရဲကြီး တိုးပေးလိုက်စမ်းပါ၊ မကိုက်စေရဘူး'





သူ မျက်စိကိုမှိတ်လိုက်သည်။ မေ့မျက်နှာကလေးကို အာရုံပြုပြီး လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။ သူ့လက်သည် တစ်ချက်နှစ်ချက် လှုပ်၍သွား၏။ ပြီးတော့ ပျော့အိပူနွေးသော အရာကြီးက သူ့လက်ကို လိုက်လံရစ်ပတ်နေသည်။ သူ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ 'ဒွန်' ကြီးက သူ့လက်ဖဝါးကို လျှက်နေခြင်းဖြစ်၏။

'နောက်တစ်ခုကို လက်ဝါးပေါ်တင်ပေးပြီး နောက်တစ်ခုကို ပါးစပ်ထဲမှာ ငုံထား...'

ဒုတိယ ဘီစကစ်တစ်ချပ်ကို သူ့လက်ပေါ်မှာပင် ဒွန်ကြီးက စားပစ်လိုက်ပြီး သူ့ပါးစပ်ထဲကတစ်ခုကို ထုတ်ကျွေးရင်း တတိယတစ်ချပ်ကို ပါးစပ်ထဲ ငုံ၍ထားရသည်။

ထိုသို့ ငါးကြိမ်လုပ်ပြီးသောအခါ အောင်ဘဆီက တော်ပြီဆိုသော အသံကို ကြားရ၏။

'ဒွန်' ကြီးက မတ်တတ်ရပ်ပြီး သူ့မျက်နှာကို လျှက်ပြန်သည်။

'ဟော့ကောင်... မင်းကောင်ကြီးကို ပြန်ဆွဲကွာ...'

'ငါ ဘာဆွဲစရာလိုတော့လို့လဲ၊ ပထမတစ်ချပ်ကျွေးကတည်းက ငါ ကြိုးကို လွှတ်ပေးထားတာ'

'ဟာ... ဟုတ်ရဲ့လား'

'ဒွန်'ကြီးက သူ့ကို မတ်တတ်ရပ်ကာ မျက်နှာကို လျှက်ပြန်သည်။ ပျော့အိနွေးထွေးသော သူ့လျှာကြီးနှင့် အလျှက်ခံရသည်ကို မည်သူ အသည်း မယားဘဲ ရှိခဲ့နည်း။

'မင်းနဲ့ ဒွန်ကြီး ဘော်ဒါဖြစ်သွားပြီကွ၊ ကဲ... မမိုက်ဘူးလား'

'ဒါဆို ငါက ဘာဆက်လုပ်ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှဆက်မလုပ်နဲ့ မေ့ကိုပေးမယ့် မုန့်လုံးရေပေါ်ကို တစ်ဘက်က ကိုင်၊ 'ဒွန်ကြီး' ကို တစ်ဘက်ကကိုင်ပြီး သွားပေတော့၊ မင်းကောင်တွေ မင်းကို ရေပက်ဖို့နေနေသာသာ အနားကပ်မှာတောင် မဟုတ်ဘူး'

'OK...'

သူအင်္ကျီလဲတော့ အောင်ဘက သူ့အင်္ကျီအဟောင်းကို ဒွန်ကြီး၏ နှုတ်သီးသို့ တို့နမ်းခိုင်းရင်း ထိုအင်္ကျီပေါ်မှာပင် ချောကလက်ဘီစကစ်ကို တင်ကျွေးသည်။ သူသည် အင်္ကျီအဖြူရောင် လက်တိုနှင့် Sky Blue ဂျင်းပင်ကိုဝတ်ပြီး ဒွန်ကြီးနားသို့ တိုးကပ်လိုက်သည်။ ဒွန်ကြီးသည် သူ့ဆီ ပြေးလာပြီး ခြေထောက်ကအစ မျက်နှာအဆုံး တစ်ကိုယ်လုံး နမ်းရှုံ့ပြီးမှ သူလျှာကြီးကိုထုတ်၍ ဒုတ်တုတ်ထိုင်နေသည်။

သူ ချက်ချင်းနားလည်လိုက်သည်မှာ ဒွန်ကြီးသည် ကြောက်စရာကောင်းသော ကိုယ်လုံးကိုယ်ထည်ကြီး ရှိပါလျက်နှင့် အထိမ်းအသိမ်းမတတ်သဖြင့် ခွေးပေါကြီးတစ်ကောင် ဖြစ်နေသည်ဆိုတာကိုပင် ဖြစ်သည်။

ဓာတ်မသိတုန်းကတော့ သူသည်ပင် အသည်းရော၊ ကျောက်ကပ်ရော၊ ကလီစာရော၊ အူသိမ်အူမ မကျန် ကြောက်ခဲ့သည်မဟုတ်လား။

'ကျော်ဇင် မင်းအင်္ကျီထဲကို ဘီစကစ် သုံးလေးခု ထည့်သွား'

'OK...'

မုန့်လုံးရေပေါ်ချိုင့်တစ်ဘက်နှင့် မဏ္ဍပ်ရှေ့သို့ ထွက်ရပ်လိုက်တော့ လူတွေ တော်တော်ဖြုံသွားကြ၏။ 'ဒွန်' ကို ဝိုင်းငေးကြသည်။ တချို့က ကြောက်လန့်ပြီး လမ်းဘေးသို့ပင် ဆင်းပြေးကြသည်။ အရောင်ကလည်း အုတ်နီခဲရောင်ရင့်ရင့်၊ လျှာကြီးကလည်း တစ်ထွာလောက် ဘေးသို့စောင်းထွက်နေပြီး လမ်းကို တစ်လှမ်းချင်း ဣန္ဒြေကြီးနှင့် လျှောက်တတ်သော ဒွန်ကြီး





ကို မည်သူက ခွေးပေါကြီးဟု ထင်မည်နည်း။ သူပင် တွေ့ကာစတုန်းက ကြောက်လန့်ခဲ့ရသည် မဟုတ်လား။

ဤသို့နှင့် ၂ လမ်းထိပ်သို့ အလှည့်တကူ ဖြတ်ကျော်လာခဲ့သည့်တိုင် သူ့ကိုယ် ရေတစ်စက်မျှမစို။ သူ့အနားသို့ ကပ်မည့်သူမရှိ။ သခင်ဖြစ်သော သူ့ကို ရေပက်လျှင် ဒီကောင်ကြီးက လိုက်ကိုက်မှာပဲဟု ထင်နေကြသည်။

၃ လမ်းထိပ်ကိုရောက်တော့ သူ့အိတ်ထဲတွင်ပါလာသော ချောကလက် ဘီစကစ်တစ်ခုကို သူ့ပါးစပ်ထဲ ထည့်ငုံကာ ထားလိုက်ပြီး ရေပက်သည့် လူအများဆုံးဖြစ်သော ၃ လမ်းထိပ်တွင် ပါးစပ်ထဲမှ ဘီစကစ်ကိုထုတ်ပြီး ဒွန်ကြီးကိုကျွေးရာ ဒွန်ကြီးက အငမ်းမရပင် စားသောက်ပြီး သူ့ခန္ဓာကိုယ် ပေါ်သို့ မတ်တတ်ရပ်တက်၍ မျက်နှာကို လျှာဖြင့် လျက်ရ၊ ကြည့်နေသူ အပေါင်းက သခင့်အပေါ် အလွန်ချစ်ခင် ရိုကျိုးသော ခွေးကြီးတစ်ကောင် ပါလားဟု မှတ်ချက်ပြုကြလေသည်။ သူကလည်း...

'ရေနဲ့တော့ သွားမပက်လိုက်နဲ့နော်၊ ဒီကောင်ကြီးက ရေဆို သိပ်မုန်း တာ လိုက်ကိုက်ရင် ကျွန်တော်က ထိန်းနိုင်မှာ မဟုတ်ဘူး'

'အမလေး မပက်ရဲပါဘူးတော်၊ တော့်ဟာကြီး အမြန်သာ ခေါ်သွား တော်မူပါ'

'ကောင်းပါပြီဗျား... ကောင်းပါပြီ'

သူ ၃ လမ်းထိပ်က ရေသူရဲတွေကိုလည်း အောင်မြင်စွာ ဖြတ်ကျော်လာ နိုင်ခဲ့သည်။ သူ့ရင်သည် တဒိန်းဒိန်း တုန်ယင်လျက်ရှိ၏။ သူ့ မုန့်လုံးရေပေါ် ချိုင့်ကြီး မေ့ထံသို့ရောက်တော့မည်။ မေ ရှက်နေမလား၊ ဒီကောင်ကြီးကို ကြောက်နေမှာလား၊ ဒီလိုတွေးမိတော့မှ တော်ကြာ မေ ဒီကောင် ကြီးကို ကြောက်ပြီး မုန့်လုံးရေပေါ် လာမယူရင် 'ဒုက္ခ' ဟု တွေးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူ ဘာလုပ်ရမလဲ။

'ဟယ်... ဒေါ်ရွှေမေရေ ရှင်တော့ ဒုက္ခရောက်ပြီ၊ ၂ လမ်းရော ၃ လမ်းရော ရှင့်ငတိကြီးကို ရေမပက်ဘူးတော့'

'ဘာဖြစ်လို့လဲ'

'သိချင်ရင် ကိုယ့်ဘာသာကြည့်တော်မူ'

မေ ခုတင်ပေါ်လှဲနေရာမှ သူ့မှန်ပြောင်းကို ယူပြီးကြည့်လိုက်သည်။

'ဟင်... ဟယ်... နွေးရယ် ဒီကောင်ကြီးနဲ့ဆို သူ့ကို ဘယ်သူက ရေပက်တော့မှာလည်း... လုပ်ပါဦး... ငါ... ဘာလုပ်ရမလဲဟင်'

'နှင့်စည်းကမ်းထဲမှာ ပြင်ပအကူအညီမယူရတို့ ဘာတို့ရော ပါလား'

'ဟင့်အင်း မပါဘူးဟ၊ သူ့အင်္ကျီရေမစိုရင် ပြီးရောပဲ၊ ကဲ... ပက်လိုက်ကြစမ်းပါ။ ခွေးကိုမပက်ရဲရင်တောင် ခွေးရှင်ကို ပက်လိုက်ကြစမ်းပါ'

မေက မှန်ပြောင်းကိုမဖြုတ်ဘဲ အသည်းတယားယားဖြင့် အော်နေသည်။

'ခွေးရှင်ကိုပက်ပက် ဟုတ်ပြီ... ဟာ'

ရေပက်ဖို့ အုကြောင်ကြောင်နှင့် ရောက်လာသော ကောင်မလေး နောက်သို့ ခွေးကြီးဒွန်က အတင်းလိုက်သည်။ သူ့ပုံစံ သူ့အားကြီးနှင့်ဆိုတော့ ကောင်မလေး ရေခွက်လွှတ်ချ၍ ပြေးလေသည်။ အမှန်တော့ 'ဒွန်ကြီး' က မျက်နှာကိုလျှက်၍ ချောကလက်ဘီစကစ်တောင်းရန်ဆိုတာကို သူမှလွဲ၍ မည်သူမျှ မသိပါ။ သို့နှင့် သူ ခွေးကြီးဝင်သွားသော နေရာတိုင်းမှ လူများ နံဘေးသို့ ရှဲ၍ရှဲ၍ သွားကြ၏။ သူ အောင်မြင်ပါပြီ။

သူ မေတို့အိမ်ရှေ့ရောက်တော့ ဒွန်ကြီးကို မေ မကြောက်ရအောင် မေတို့အိမ်ရှေ့ စကြာပန်းရုံထဲမှ အပင်တစ်ပင်၏ ကိုင်းငုတ်တိုကလေးတွင် သံကြိုးကို ချိတ်ထားလိုက်တော့ ဒွန်ကြီးက ငုတ်တုတ်ထိုင်ရင်း လမ်းမ





ဘက်သို့ ငေးနေသည်။ မေက ဆင်းမလာသေး။ သူသည် လက်ထဲက အချိုးကျစရှိပြီဖြစ်သော မုန့်လုံးရေပေါ်ချိုင့်ကို မြှောက်ပင့်ကြည့်ရင်း ပီတိ တွေဝေ၍နေ၏။ မေက ဆင်းမလာသေးသဖြင့် နောက်ထပ် ဘဲလ်တစ်ချက် ထပ်နှိပ်ရသေးသည်။ ဒါလည်း မေတို့ ခြံကလေးထဲက တုတ်တုတ်မျှမလှုပ် တတိယ၊ စတုတ္ထ။

'ကဲ... မေ မင်း အခုမှတော့ ဘာမှ ရှက်မနေနဲ့တော့၊ သွားယူလိုက်။ သင်္ကြန်ပြီးသွားမှ တွေ့ပြီး ရှင်းပြမယ်လို့ပဲပြောခဲ့၊ ဒါဆို တို့အချိန် ၃ ရက် ရမယ်။ အဲဒီ သုံးရက်အတွင်းမှာ တို့တစ်ခုခုကြံတာပေါ့ ဟုတ်လား။ ဒီကတိကို မင်းဖျက်ရင် မင်းလူနွေ့တွေ သိက္ခာတွေ အလကားဖြစ်သွား လိမ့်မယ်'

'တော်ပြီနွေး ထပ်မပြောနဲ့တော့၊ မေသွားယူမယ်'

မေတို့ နှစ်ထပ်တိုက်ကလေး၏ ကျွန်းတံခါးကြီး ဟသွားခြင်းသည် သူ့နှလုံးသားကို ဆွဲဖွင့်ပစ်လိုက်သလိုပင် သူ ခံစားရသည်။ သူက ပြုံးပြီး မုန့်လုံးရေပေါ်ချိုင့်ကို မြှောက်ပြလိုက်သည်။ မေသည် တည်တည်ငြိမ် ငြိမ်ပင် သူ့ထံသို့ လှမ်း၍ လာနေသည်။ သူ ပျော်နေပြီဖြစ်၏။

သို့သော်...

ဟိုကောင်ကြီးကို စိတ်မချ၍ လှမ်းကြည့်တော့ ချည်ထားခဲ့သည့်နေရာ မှာ မရှိတော့၊ ဟိုဟိုဒီဒီကြည့်တော့ ငတိက ခွေးမလေးတစ်ကောင်နောက်ကို သံကြိုးဒရွတ်တိုက်ဖြင့် လျှောက်လိုက်နေသည်။ ရပ်ကွက်ထဲမှ ခွေးအိုးများ က မာန်ဖီသည်၊ သူကလည်း မာန်ပြန်ဖီသည်။

မဖြစ်၊ ခွေးကသာ ခွေးပေါကြီးဖြစ်နေတာ ဈေးကမသေး။ ဒီတော့ သူလှမ်းခေါ်ရသည်။ 'ဒွန်... ဒွန်... ကမ်းဟီးယား၊ ကိုယ်တော်က သောက်



www.burmeseclassic.com

www.burmeseclassic.com



ဂရုပင်မစိုက်။ ခွေးမကလေးသွားရာနောက်သို့ပဲ လိုက်နေသည်။ ကြည့်နေရင်းပင် ရပ်ကွက်ထဲက ခွေးသုံးလေးကောင်က ဒွန်ကြီးကို ဝိုင်းဖဲ့ကြသည်။

ဒွန်ကြီးကလည်း ဘယ်ခေမလဲ ပြန်ကစ်သည်။

ခွေးလေးကောင် လုံးထွေးကုန်တော့ သူလည်း နေလို့မရတော့၊ မုန့်လုံးရေပေါ်ချိုင့်ကိုချကာ လုံးထွေးနေသော ခွေးအုပ်ထဲပြေးဝင်ပြီး ဒွန်ကြီး၏ သံကြိုးကို လိုက်ကောက်သည်။ သို့သော် ဒွန်ကြီးက သုံးကောင်လေးကောင် ဖိုက်နေရသည့်အတွက် ခေါင်းကို ဘယ်ပြန်ညာပြန် လှည့်ကိုက်နေသဖြင့် သံကြိုးက ကောက်၍မရနိုင်။ ထိုသို့ သုံးကောင်တစ်ကောင်ကိုက်ရင်း ဒွန်ကြီးက တစ်ကောင်၏လည်မြိုကို ခဲထားသည်။ ဟိုဘက်ကတစ်ကောင်က ဒွန့်ပေါင်ကို ခဲ၍ထားသည်။ တစ်ကောင်ကတော့ ဝင်ဆွဲလိုက်ပြန်ပြေးလိုက် လုပ်နေ၏။

ရပ်ကွက်ထဲက လူတွေကလည်း ထွက်လာပြီး သူတို့ခွေးအမည်တွေ အော်ခေါ်သော်လည်း ဒီမှာ အခဲအကိုက်ကမရပ်။ ငြိမ်ပြီး ကိုယ်ခဲခွင့်ရထားသော နေရာကို အသေအကြေခဲထားကြလေသည်။

'ရေနဲ့ပက်... ရေနဲ့ပက်'

'ဟာ... ရေနဲ့တော့ မပက်ပါနဲ့... မပက်ပါနဲ့'

'ရေနဲ့ပက် ရေနဲ့ပက်၊ မပက်ရင် အသေခဲထားကြမှာပေါ့၊ ဟဲ့... ဟိုကောင်တွေ နင်တို့က ရပ်ပြီး ဘာလုပ်နေတာလဲ ပက်ကြပါလား'

'မပက်ပါနဲ့... မပက်ပါနဲ့ သူတို့ဘာသာ ပြီးသွားကြပါလိမ့်မယ်'

သို့သော် သူတား၍မရတော့ ဒွန်ကြီးကို ရေတွေနှင့် ကျုံးပက်သဖြင့် သံကြိုးကိုင်သူ့ကိုပါ ရေတွေ စိုကုန်လေသည်။





ဒွန်ကြီးကိုပြန်ရပြီး မေတို့အိမ်ရှေ့ကို ကြည့်လိုက်တော့ မုန့်လုံးရေပေါ်ချိုင့်ကလေးကိုသာ တွေ့ရသည်။ မေ့ကိုမူ မတွေ့ရတော့ သူ့တစ်ကိုယ်လုံးလည်း ရေတွေ စိုရွှဲနေပြီ ဖြစ်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# အကြွတ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့သည် သင်္ကြန်အကြတ်နေ့ ဖြစ်သည်။

သူ့ရင်ထဲရော၊ နှလုံးသားထဲရော၊ ဦးနှောက်တွေထဲအထိ ကြပ်နေသော အကြတ်နေ့ဖြစ်ပါသည်။ သူ မေ့ကိုချစ်သည်။ ချစ်သည်မှ တုန်နေအောင်ကို ချစ်ပါသည်။ သို့သော် သူချစ်သလို မေကရော သူ့ကိုချစ်ရဲ့လား၊ သူသာ မေ့နေရာမှာဆိုလျှင် မေ့ကို ဒီလောက်ဒုက္ခကြီးသော စမ်းသပ်မှုများ လုပ်ခိုင်းရက်လိမ့်မည် မထင်ပါ။

အခု မေက သူ့ကို လုပ်ခိုင်းရက်သည်ဆိုတော့ မေသည် သူ့ကို မချစ်၊ သူဒုက္ခရောက်တာကို အရသာခံချင်သည်။ မေသည် ကျွန်ပိုင်ရှင် စနစ်မှာတုန်းက မိဖုရားတစ်ပါးပါး ဖြစ်ခဲ့ဟန်တူသည်။ ကျွန်တွေကို ဝယ်၊ ဓားလှံ လက်နက်မျိုးစုံ လေ့ကျင့်ပေး၊ ပြီးတော့ ကျားနှင့် ခြင်္သေ့တို့နှင့် သတ်ခိုင်းပြီး ထိုလူသတ်ပွဲကို အရသာခံကြည့်ခဲ့ဖူးဟန်တူသည်၊ လူလူချင်း သတ်တာကို ကျောက်သားစင်မြင့်ပေါ်က မာကြောသောအသည်းနှင့် ကြည့်ရခဲ့ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကညနေက မေ့သူငယ်ချင်း နွေးဆိုသော ကောင်မလေးနှင့် လမ်းမှာတွေ့၍ မေးကြည့်တော့ မေ့အကြောင်းကို တော်တော်လေး ထပ်သိလိုက်ရသည်။

မေ့မိဘတွေရော ညီမလေးပါ မဟာစည်သာသနာ့ရိပ်သာတွင် သင်္ကြန်အတွင်း တရားသင်တန်း တက်ကြပြီး မေကတော့ သူ့အော်ပရေးရှင်းကို ကြည့်ရန် တမင်နေခဲ့ပြီး အဖော်အဖြစ် သူ့ကိုခေါ်ထားခြင်းဖြစ်သည်။ နွေးသည် ကားကြုံလိုက်ပို့ပေးရတာ ဆယ်ရက်ခန့်လောက်ပဲ ရှိသေးသော်လည်း သူ့ကို ခင်မင်နေပုံရသည်။

'ကျွန်တော်တို့ လုပ်တာတွေကို နွေးတို့က ဘယ်လိုလုပ် ကြိုကြိုသိနေတာလဲ'

'မေ့အိပ်ခန်းကနေ ကြည့်လိုက်ရင် ကိုဇင်တို့မဏ္ဍပ်က အထင်းသားကြီးလေ၊ အဲဒါကို မေက သိပ်အားကောင်းတဲ့ မှန်ပြောင်းနဲ့ ကြည့်လိုက်တော့ ကိုဇင်လုံးတဲ့ မုန့်လုံးရေပေါ် ရှည်ထွက်သွားတာတို့ ပြားသွားတာတို့ကအစ မြင်နေရတာပေါ့'

'ဟာကွာ... နွေးတို့ အဲဒီလို မလုပ်သင့်ဘူးလို့ ထင်တာပဲ'

'အင်း... ကျွန်မတို့က ကြည့်ရုံပဲကြည့်တာနော်၊ ကိုဇင်ရေစိုအောင် ဘာတစ်ခုမှ ဒုက္ခပေးတာမရှိဘူး၊ ကိုဇင့်ကံကိုက မကောင်းတာ၊ နွေးတို့က ဘာမှမလုပ်ဘူး'

'ကျွန်တော် အင်္ကျီရေမစိုပဲ မုန့်လုံးရေပေါ် လာပို့နိုင်ရင် မေက ကျွန်တော့်ကို တစ်ကယ်ချစ်မှာလား'

'မေက... ကတိတည်တဲ့ မိန်းကလေးပါ။ သူ ရှင့်အပေါ် သံယောဇဉ်ရှိပါတယ်။ မနက်ဖြန် အကြွတ်နေ့ ရအောင်ကြိုးစားလိုက်ပေါ့'





'ကျွန်တော် ဘယ်လိုလုပ်ရင်ကောင်းမလဲဟင်'

'မုန့်လုံးရေပေါ်ကို အင်္ကျီရေမစိုအောင် ယူလာခဲ့လေ၊ ပြီးတော့ ကျွန်မတို့က ကတိတစ်ခုပေးပါတယ်ရှင်၊ ရှင့်ကို မှန်ဘီလူးနဲ့ မကြည့်တော့ဘူး'

ကိုဇင် နွေးနဲ့ တွေ့ခဲ့တာကို ပြန်တွေးရင်း သက်ပြင်းကို ချမိသည်။

သူ... သူ့သူငယ်ချင်းတွေနှင့်လည်း မတွေ့ချင်တော့ပါ။ သူတို့တတ်အားသမျှ ကူညီကြရှာတာကိုလည်း မျက်နှာပူသည်။ ဘာလုပ်ရင်ကောင်းမလဲ တိုင်ပင်တိုင်း ပြီးလျှင် တလွဲတချော်တွေ ဖြစ်ကုန်တတ်တာကိုလည်း မျက်နှာပူသည်။ ထို့ကြောင့် မဏ္ဍပ်ကို မသွားတော့ဘဲ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း အော်ဟစ်ပျော်ရွှင်နေသော၊ လှုပတက်ကြွနေသော ရေပက်ခံသူများနှင့် ရေပက်နေသူများကို ငေးနေမိသည်။

ကားလမ်းမပေါ်မှာ၊ ကားလမ်းမန်ဘေးမှာ ဆောင်းဘောက်(စ)ကို ရှေ့ထုတ်ပြီး တဒုံးဒုံးတဒိုင်းဒိုင်း ကြောက်မက်ဖွယ်ရာ မြည်ဟီးနေသော တီးလုံးသံများထဲမှာ ပျော်ဝင်ပြီး ကချင်သလိုကနေကြသူများ၊ ဆယ့်ငါးနှစ်အရွယ် ကောင်မလေးကို ရေပုံးကြီးနှင့် ရေနည်းနည်းစီလောင်းရင်း စကားကပ်ပြောနေသော ၅၀ ကျော် ဦးလေးကြီးတစ်ယောက်၊ တစ်ခေါင်းလုံးကို အရောင်လေးမျိုး ဆေးဆိုးထားပြီး ဆောင်းဘောက်(စ)၏ တေးသွားအလိုက်မှာ တွန့်လိမ့်ကွေးကောက်နေသည့် ကောင်လေး သုံးလေးယောက်နှင့် ကောင်မလေးနှစ်ယောက်၊ ရေပြွတ်နှင့် တအားလိုက်ထိုးနေသော ကလေးတွေ၊ တစ်ကိုယ်လုံး ရေတွေ စိုရွှဲနေပြီး ကြာဇံသုတ်တစ်ပွဲကို သဲသဲမဲမဲစားနေသော ကောင်မလေးတစ်ယောက်။

ပျော်ရွှင်မှုနတ်သားသည် သူမှလွဲ၍ ကျန်သူတွေအားလုံး၏ ကိုယ်ခန္ဓာထဲတွင် နစ်မြုပ်ဝင်ရောက်နေသည်ဟု သူထင်သည်။ သူ မြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



ရေလောင်းခြင်းမှာ နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောတာလား၊ နှစ်သစ်ကစပြီး အေးမြဖို့ လောင်းပေးတာလားဆိုတာ သူလည်း မကွဲပြား။ သူသိတာ တစ်ခုပဲရှိသည်။ သူ မေ့ကိုချစ်သည်။ သို့သော်... သူ့အင်္ကျီကိုတော့ ရေမစိုစေရ။

'သား...'

'ဟာ... ဖေဖေ... လာထိုင်လေ ဖေဖေ'

'သား... ဒီနေ့ ဘာဖြစ်လို့ မဏ္ဍပ်ကို မသွားတာလဲ'

ဖေဖေက သူ့နံဘေးက ခုံတွင် ဝင်ထိုင်သည်။ သူ ဒီအသက်အရွယ်အထိ သူ့ဖခင်နှင့်သူ လက်ဖက်ရည်ဆိုင် မထိုင်ခဲ့ဘူးပါ။ မွေးနေ့ပွဲ၊ ပါတီပွဲ၊ ညစာစားပွဲတွေမှာတော့ ထိုင်ဖူးပါသည်။ သို့သော် ဒီလို လက်ဖက်ရည်ဆိုင်မှာတော့ တစ်ကြိမ်မှ မထိုင်ခဲ့ဘူးပါ။

'သားလည်း ပျင်းလာတာနဲ့ ခဏဆိုပြီး ထွက်လာတာပါ ဖေဖေ၊ ဟိုကောင်တွေ သားကို မှာနေလို့လား'

'မမှာပါဘူး၊ မမှာဘူး၊ ဒါပေမယ့် သားနဲ့ မုန့်လုံးရေပေါ်ဇာတ်လမ်းကိုတော့ ဖေဖေ သိခဲ့ရတယ်၊ ကြားခဲ့ရတယ်ပေါ့ကွာ'

'ဟာ... ဒီကောင်တွေကွာ'

'သူတို့ကို သွားအပြစ်မတင်နဲ့သား၊ သူတို့ပြောတာမဟုတ်ဘူး၊ သားရဲ့ သတင်းက တစ်လမ်းလုံး တော်တော်လေးပြန့်နေတာ'

'ဖေဖေ့ကို ပြောပြတာ ကောင်မလေးတစ်ယောက်ပါ'

'လေးငယ်... ခွေးမလေး'

'ဟုတ်တယ် သူပဲ၊ သူတို့အားလုံးနီးပါးက သားဘက်က ရှိပါတယ် သားရဲ့၊ သားက ဘာဖြစ်လို့ လက်လျှော့ချင်ရတာလဲ၊ ယောကျ်ားပဲကွာ





ကြိုးစမ်းပါ ဟုတ်လား၊ ကဲ... ဖေဖေသွားမယ်၊ ကော်ဖီလာရင် မင်းပဲသောက်လိုက်တော့'

ဖေဖေပြန်သွားတော့ သူ ငေါင်တောင်တောင်ကြီး ကျန်ခဲ့သည်။

သူ့အကြောင်းကို အဖေဖြစ်သူ သိသွားတာက တော်တော်ဆိုးသည်။ ဒါကိုသိလို့ ဆွဲထိုးရိုက်နှက်သွားလျှင် တော်သေးသည်။ အခုတော့ အဖေကိုယ်တိုင်က လက်မလျှော့နဲ့တဲ့။ ဘယ်လောက် ရှက်ဖို့ကောင်းလိုက်သနည်း။

သူ ဘီယာသုံးလေးခွက် သွားသောက်လိုက်ရင် ကောင်းမလားဟု တွေးလိုက်မိသေးသော်လည်း သူ့ရဲဘောကြောင်ရာများ ကျသွားမလားဟု တွေးကာ မသောက်ဖြစ်တော့။ ထိုအချိန်တွင် သူ့အနားသို့ ယုနီဖောင်းကိုယ်စီနှင့် မိန်းကလေးသုံးလေးယောက် လာရပ်သည်။

'ဟော့ကောင် မင်းမှာ ယူနီဖောင်းအပိုပါတယ်နော်'

'ပါတာပေါ့ကွာ၊ သဇင်ရော...'

'ပါတာပေါ့၊ အဲဒါမပါရင် ဘယ်ရေကစားမလဲ၊ တို့ယူနီဖောင်းအစိုတွေက ဘယ်လိုလုပ်မလဲ'

'ဒီဆိုင်က အန်တီကြီးဆီမှာပဲ ခဏအပ်ထားခဲ့မယ်ကွာ'

'အေး... ဒါဆို တို့ရေကစားတာ ဘယ်သူမှ မသိတော့ဘူးပေါ့'

'ဒါပေါ့ကွာ... ဟားဟား...'

ကောင်မလေးတွေ အားရပါးရ ပျော်ရွှင်စွာရယ်မောလိုက်ကြ၏။ သူ ကော်ဖီတစ်ခွက်ကို တစ်ရှိန်ထိုး မော့ချပစ်လိုက်ပြီး မဏ္ဍပ်ရှိရာသို့ အပြေး သွားနေမိသည်။ ကောင်မလေးတွေ ပြောသည့်စကားက သူ့ကို စာဆိုရိ ပေါက်သွားသလို ဖြစ်သွား၏။

ဘာခက်သနည်း။ အင်္ကျီရေမစိုဖို့သည် ဘာခက်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် လင်းဇော်မှာ ဘာရယ်မဟုတ် စတန့်ထွင်တာလည်း မဟုတ်ရပါပဲ အင်္ကျီဆင်တူဝယ်ထားတာရှိသည်။ လင်းဇော်က ဂျမ်းရှင်းအိပ်က ဝယ်တာဖြစ်ပြီး သူက စတိုးဆိုင်တစ်ခုက ဝယ်ခြင်းဖြစ်သည်။ ပြီးတော့ သူနှင့် လင်းဇော်တို့ ထိုအင်္ကျီကို တစ်ရက်တည်း ဆင်တူဝတ်မိသဖြင့် သူငယ်ချင်းတွေကလှောင်တာ ခံခဲ့ရဖူးသည်။ လင်းဇော်ရော သူပါ အဲဒီနေ့ကစပြီး ထိုအင်္ကျီကို မဝတ်ဖြစ်တော့တာချင်းလည်း တူသည်။

မဏ္ဍပ်ကိုရောက်တော့ လင်းဇော်ကို မတွေ့၊ လင်းငယ်ကိုသာ တွေ့ရသည်။

'ကိုလေး အိမ်မှာ ဘာတွေလုပ်နေလဲမသိဘူး၊ လာတာတော့လာမှာပါ'

'လင်းငယ် နင် ဖေဖေ့ကိုသွားပြောတာ တော်တော်ဆိုးတယ်နော်'

'လင်းငယ် မပြောချင်ပါဘူး၊ အန်ကယ်ကြီးက အတင်းမေးလို့ပါ။ ပြီးတော့ အန်ကယ်ကြီးက ဘယ်ကစုံစမ်းလာလဲမသိဘူး အကုန်နီးပါးသိပြီးနေပါပြီ'

'အေး... ငါဖြစ်တာတွေကို VDO လေးရိုက်ပြီး အိမ်မှာ သွားပြလိုက်ပါလား၊ ငါ ထုထည့်လိုက်ရင် ပြားသွားမယ်'

လင်းငယ် ဇက်ကလေးပုသွား၏။ သူ လင်းဇော်တို့အိမ်ဘက်သို့ ထွက်ခဲ့သည်။ လင်းဇော်တို့ အိမ်ကိုရောက်တော့ အခန့်သင့်ပင် လင်းဇော်က နှစ်သစ်အတွက် ဗီရိုရှင်းတာနှင့် ကြုံနေသဖြင့် သူလိုချင်သော အင်္ကျီကို ရှာပင်မရှာရဘဲ အလွယ်တကူ တွေ့လေသည်။

'ငါက... ငါ့အင်္ကျီကိုပဲ ဝတ်သွားမယ်လေကွာ... ပြီးတော့ ရှေ့လမ်းက မသွားဘဲ နောက်ဖေးလမ်းကြားက သွားမယ်၊ ဒါဆိုရင် သုံးလမ်းထိပ်က





အဖွဲ့နဲ့ပဲတိုးမယ်၊ အဲဒီမှာ ငါ ရေအပက်မခံရရင် မေ့ဆီကို ရောက်ပြီကွာ'

'အေး... ငါတို့တွက်လိုက်ရင်တော့ ကွက်တိတွေချည်းပဲ၊ ပြီးတော့မှ တလွဲဖြစ်တာ၊ အို... ဖြစ်ကာဖြစ်ကွာ ချသာချ ရော့အင်္ကျီ'

သူ လင်းဇော်အင်္ကျီကို ကောက်ဝတ်လိုက်သည်။

အောက်ဘက်ကတော့ ဖေဖေ့ဗီရိုထဲမှတွေ့ လွန်ခဲ့သည့် နှစ် ၂၀ လောက်က ခေတ်စားခဲ့သော လုံချည်ကြီးတစ်ထည်ကို ကောက်ဝတ်လိုက်သည်။ သူ့ဂျင်းပန်(န်)နှင့် လင်းဇော်နှင့် တထေရာတည်း ဆိုဒ်တူ အရောင်တူ သူ့အင်္ကျီကို ကြွပ်ကြွပ်အိတ် ၃ ထပ်နှင့် ထည့်သည်။

သူ့အစီအစဉ်က ဘာမှလွဲချော်စရာမရှိ။ သူသည် လင်းဇော်အင်္ကျီကို ဝတ်ပြီး ၂-၃-၄ လမ်းတို့ကို ဒီအတိုင်းပင် ဖြတ်သန်းမည်။ မေတို့အိမ်ရှေ့ ရောက်တော့မှ အုတ်နံရံမှာကပ်ပြီး ဂျင်းဘောင်းဘီကို အရင်လဲမည်။ (ဘောင်းဘီမြန်မြန်လဲလို့ရအောင် တမင် ပုဆိုးကို ရွေးချယ်ခြင်းဖြစ်၏။) ပြီးတော့မှ လင်းဇော်အင်္ကျီကိုချွတ်၍ လုံးဝရေမစိုသေးသော သူ့အင်္ကျီကို ဝတ်မည်။ ပြီးတော့ လုံချည်ထဲသို့ အဝတ်အစားတွေထည့်ပြီး ပန်းခြုံကလေးမှာ ခဏဝှက်ထားမည်ဖြစ်သည်။

ဤသို့ဖြင့် ရေမစိုသောအင်္ကျီနှင့် မုန့်လုံးရေပေါ်တစ်ချိုင့်ကို မေ့လက်ထဲသို့ ပေးနိုင်မည်ဖြစ်ပါသည်။

၃ လမ်းထိပ်မှာ သူ အပက်ခံရဆုံးဖြစ်ပါသည်။

သို့သော် သူ နည်းနည်းကလေးမှ ဂရုမစိုက်၊ ကြွပ်ကြွပ်အိတ်ဖွင့်သော မြှောက်ထားရင်း ပုံမှန်ပင် ချီတက်လာခဲ့ရာ လေးလမ်းထိပ်က သူရွေးချယ်ထားသော နေရာသို့ရောက်တော့မှ ကြွပ်ကြွပ်အိတ်ထဲက ဘောင်းဘီကို ထုတ်လဲ၊ အင်္ကျီကိုထုတ်ဝတ်၊ မြန်သလားမမေးနှင့် ၅ မိနစ်အတွင်း ရေမစို



www.burmeseclassic.com

www.burmeseclassic.com



သော အင်္ကျီ၊ ဘောင်းဘီ၊ မုန့်လုံးရေပေါ် တစ်ချိုင့်နှင့် ရင်ခုန်နေသော လူသားတစ်ယောက်သည် မေတို့အိမ်ရှေ့ဘဲ(လ်)ကို ရဲရဲကြီး နှိပ်ချလိုက်လေသည်။

ခဏကြာတော့ သူ့နှလုံးသား တံခါးတစ်ချပ် လှစ်ခနဲ ပွင့်သွားသည်။ ထွက်လာတာ မေနှင့်နွေး၊ သူ အားရပါးရပြုံးပြီး လက်ထဲကချိုင့်ကို မြှောက်၍ပြလိုက်သည်။ သူ ရင်တွေခုန်လိုက်တာ တဝုန်းဝုန်း တဒိုင်းဒိုင်း။ မေကလည်း ဘာမှမပြောဘဲ သူ့ထံသို့ လျှောက်လာနေပြီဖြစ်သည်။ မေက သံတံခါးနားသို့ရောက်တော့ 'ဟိုဘက်လှည့်ပြ' ဟု ဆိုလေသည်။ သူ လှည့်ပြလိုက်၏။ မေက 'အင်း' ဟု မောလျှစွာဆိုလေသည်။ 'နွေး ပန်းကန်သွားယူလိုက်ဦးမယ်'ဟုဆိုပြီး နွေးပြေးသွား၏။

အချစ်သစ်သီးသည် သူ့နှုတ်ခမ်းဝမှာ ချိုမြမြရာခိုင်နှုန်းပြည့်ဖြင့် ရောက်ရှိနေပြီဖြစ်သည်။ ထိုအချိန်မှာ သူတို့နှစ်ဦး၏ ကမ္ဘာနှစ်ခုသည် တိတ်ဆိတ်နေကြသည်။ ရင်ခုန်သံမှတစ်ပါး အခြားနောက်ခံ တီးလုံးမရှိ၊ ပကတိတိတ်ဆိတ်၍နေ၏။ မေ ဖွင့်ပေးသော ခြံတံခါးလေးကို သူ ရင်ခုန်စွာဖြင့် ဝင်လိုက်၏။ သို့သော်...

'မမ... မမကို သမီးတို့ရဲ့ လစ်company ကထုတ်တဲ့ ပစ္စည်းကလေးတွေ ပြချင်လို့ပါ။ လစ်ဆိုတာက List လစ်ပါ မမ၊ အလစ်သုတ်တဲ့ လစ် မဟုတ်ပါဘူး'

သူရော မေပါ တော်တော်ကလေး ကြောင်သွားသည်။

'ဟောဒါလေးက စံပယ်ဆီရေမွှေးလေးပါ မမ၊ ရေတစ်ဖလားကို တစ်စက်လောက်ထည့်ရုံနဲ့ အပက်ခံရတဲ့သူအဖို့ တစ်နေ့လုံး မွှေးပျံ့စေပါတယ် မမ၊ အဲဒီရေမွှေးက ရနံ့လေးမျိုးပါ,ပါတယ် မမ၊ စံပယ်ဆီရယ်၊ နှင်းဆီ၊





ဝိတောက်နဲ့ ခရေ ရနံ့ဆီတွေပါ မမလေး'

ထိုကောင်မလေးက မေ့လက်ခုံကလေးကိုယူ၍ ရေမွှေးကို စွတ်ပေးသည်။ မေက သူ့ကိုလှည့်မကြည့်ဘဲ ရေမွှေးရနံ့ကိုသာ စိတ်ဝင်စားနေသလို လုပ်နေသည်။

'မိတ်ကပ်လည်းပါတယ် မမ၊ မိတ်ကပ်ကလေ အသားအရောင်ပါပဲ၊ သူ့ထူးခြားချက်က ဒီမိတ်ကပ်ကိုလိမ်းပြီး သင်္ကြန်ရေပက်ခံထွက် မမမျက်နှာပေါ်ကမိတ်ကပ် ပျက်မသွားစေရဘူး ပြီးတော့...'

'ကဲ... ဒီမှာဗျာ... ခင်ဗျားတို့ အရောင်းအဝယ်ကိစ္စ ပြီးတော့မှ လုပ်ကြပါ။ ကျွန်တော့်ကိစ္စက အရေးကြီးနေလို့ပါ။ ရော့ မေ မုန့်လုံးရေပေါ်'

သူ အတင်းကြားဖြတ်၍ မေ့လက်ထဲသို့ မုန့်လုံးရေပေါ်ချိုင့်ကို ထည့်ရသည်။

'ဩော်... ရှင်ကိုး ဟော့ကောင် သဇင် ငါတို့ကို ကော်ဖီလက်စင်ပေးသွားတာ ဒီငတိ မဟုတ်လား'

'ဟုတ်တယ် ဟုတ်တယ်ရတနာ၊ နေစမ်းပါဦး ကျွန်မတို့က ရှင့်ခုံနားမှာ ရပ်မိတာလေးကို အခွင့်ကောင်းယူပြီး ကော်ဖီခွက်ကို တစ်ချက်တည်းမော့ပြီး ထွက်သွားတာ ဘာသဘောလဲ'

'ရုပ်ကလေးကြည့်တော့ သနားကမားနဲ့၊ ကော်ဖီဖိုးမပါလည်း တောင်းပေါ့'

'မဟုတ်ရပါဘူးဗျာ၊ ကျွန်တော် ရှင်းပြပါ့မယ်၊ အာ... အခုလည်း ရှင်းလို့က မရသေးဘူး၊ ဒီ... ဒီလိုလုပ်ပါဗျာ၊ လက်ဖက်ရည်ဆိုင်ကိုသာ ပြန်လာခဲ့ပါ၊ ကျွန်တော် အဲဒီမှာ ရှင်းပြပြီးတော့ ကျွန်တော့်ကော်ဖီဖိုးလည်း ပေးပါ့မယ်၊ ကျွန်တော်က ကော်ဖီလည်း တိုက်ပါ့မယ်၊ အခုတော့ ခဏ



www.burmeseclassic.com

www.burmeseclassic.com



လေးပါ'

'သရဖီတို့က ကော်ဖီခွက်ဖိုး ပြန်လိုချင်လို့ ပြောနေတာမဟုတ်ပါဘူး၊ အံ့ဩလို့ ပြောနေတာပါ။ ရပါတယ်'

သရဖီဆိုသော ကောင်မလေးက ဘာမပြောညာမပြောနှင့် သူ့လက်ထဲမှ ရေပြွတ်ကလေးနှင့် လှမ်းပက်လိုက်သည်။

'ဟာ... ဟာ... ခင်... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာဖြစ်လို့ ပက်ရတာလဲ... ခင်ဗျား ရိုင်းလှချည်လားဗျ'

'ဟာ... သင်္ကြန်တွင်းရေပက်တာ ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးရတာလဲ၊ ရိုင်းတာကရှင်ရှင့် သိရဲ့လား။ ကော်ဖီကျတော့လည်း အလကား သောက်သွားသေးတယ်၊ အခု ရေလေးပက်တော့လည်း ယောက်ျားကြီးတန်မဲ့နဲ့ ရန်တွေ့သေးတယ်'

ကျော်ဇင် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။

'ရှင့်ကိုပက်တဲ့ရေက နမူနာပြဖို့စပ်ထားတဲ့ ရေမွှေး သင်္ကြန်ရေရှင့် သိရဲ့လား၊ ဆိုင်ပိုင်ရှင်မိန်းမကြီးက ပြောပါတယ်၊ ရှင်က ဒီလမ်းထဲမှာပဲ နေတာ တဲ့၊ အရင်တုန်းက အဲဒီလိုအကျင့် မရှိဘူးတဲ့'

'တော်ကြပါတော့ဗျာ၊ တော်ပါတော့ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်ပဲ မှားတာပါ၊ ကျွန်တော် မှားတာပါ'

'List Company က သမီးပျိုကလေးတွေကို ကော်ဖီတစ်ခွက် လစ်ပြီး ရန်ပြန်တွေ့တဲ့အတွက် ရှင့်ကို ဟောဒီလို အပြစ်ပေးလိုက်မယ်... ကဲ'

ဘယ်အချိန်တုန်းကတည်းက သွားခပ်ထားလိုက်မှန်းမသိသော ရေပုံးဖြင့် သဇင်ဆိုသော ကောင်မလေးက သူ့ကို ခေါင်းမှလောင်းချလိုက်သည်။ သူ ခေါင်းကိုငုံ့၍ အံကိုကြိတ်ထားမိသည်။ ဘာမှလည်း မပြောချင်တော့ပါ။





မျက်နှာပေါ်ကရေတွေကို သပ်ချလိုက်ရင်း မေ့ကို ကြည့်လိုက်တော့ မေကပြုံးနေသည်။ ဘာမှတော့ မပြောပါ။ ထိုအချိန်တွင် နွေးက ပန်းကန်ကလေးဖြင့် ထွက်လာပြီး သူ့အဖြစ်ကိုမြင်ရတော့ တော်တော်လေး အံ့ဩသွားပုံရသည်။

'ဟောတော့ ဘယ်လိုတွေဖြစ်ကုန်တာလဲ'

'နွေး... မုန့်လုံးရေပေါ်တွေ ယူထားလိုက်၊ လာညီမလေး မမတို့ ပစ္စည်းတွေ အိမ်ထဲမှာ ကြည့်ကြတာပေါ့။ ပြီးတော့ သူ ခုနက ပြောတာတွေ ဟာ ရိုင်းစိုင်းတဲ့စိတ်နဲ့ ပြောတာမဟုတ်ဘူးဆိုတာ မမ ရှင်းပြပါ့မယ်'

'ဘယ်လိုဖြစ်တာလဲ ရှင်ရယ်၊ ခုနက လုံးဝ OK နေတဲ့ ကိစ္စကြီးဟာ'

သူ နွေးကို အကျဉ်းချုံး ပြောပြလိုက်သည်။

'ရှင့်အဖေကိုပဲ အပြစ်တင်ရမလို ဖြစ်နေပြီ ရှင်ဖြစ်တဲ့ပုံစံက'

'ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ တော်တော့်ကို တိကျတဲ့ တိုက်ဆိုင်မှုထဲမှာ ကျွန်တော် ခံလိုက်ရတာပါ။ သူတို့ဆီကရခဲ့တဲ့အကြွေက သူတို့ကြောင့်ပဲ ပျက်သွားတာလေ၊ တစ်ခုပဲနှမြောမိတာပါ'

'ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ အားတော့ မလျှော့ပါနဲ့နော် မနက်ဖြန် အတက်နေ့တစ်ရက်ရှိသေးတာပဲ၊ မေက ရှင် ဘယ်လိုရောက်လာပြီး ဘာတွေ ဖြစ်ဦးမလဲဆိုတာကို စိတ်ဝင်စားပါတယ်၊ ကျွန်မ ဒီလောက်ပဲပြောခွင့်ရှိလို့ ဒီလောက်ပဲ ပြောပါရစေ၊ ရှင် ကြိုးစားသိလား'

သူ မေတို့ခြံထဲက ထွက်လာခဲ့သည်။ သံဝန်းတံခါးပိတ်သံသည် နောက်ဘက်မှာ ကျန်ရစ်ခဲ့၏။ သူ ပုဆိုးနှင့် အင်္ကျီထုပ်ထားခဲ့သည့် နေရာကို ရောက်တော့ ဘာမှမရှိတော့။ လစ်သွားပြီထင်သည်။ List မဟုတ်တဲ့ တကယ့်အလစ်သမားနှင့် တွေ့သွားခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝကို သေနတ်မှန်ထားတဲ့လူ ပေါင်ရင်းကို သေနတ်မှန်တာလောက်တော့ မဖြုံတော့ပါ။ သူ မဏ္ဍပ်ဆီသို့ ခေါင်းငိုက်စိုက်ကျ၍ ပြန်လာခဲ့သည်။

သူ ဖေဖေ့ကို အပြစ်မတင်ပါ။ List တွေကိုလည်း အပြစ်မတင်ပါ။ စနစ်တကျရက်စက်သော သူ့ကံကြမ္မာကိုသာ ဝမ်းနည်းစွာ မိတ်ဖွဲ့ချင်ပါသည်။ နောက်တစ်ကြိမ်သာ ကြိုးစားခွင့်ရှိတော့သော သူ့ကို ခင်မင်သည်ဆိုလျှင် မကျီစားရန် တောင်းပန်ချင်ပါသည်။

မဏ္ဍပ်ကိုရောက်တော့ သူ့ကို လူတွေအားလုံးက ဝိုင်းကြည့်နေကြသည်။ လင်းဇော်ပြောထားသဖြင့် သူ့ကိစ္စကို အားလုံး သိပြီးဟန်တူသည်။ သူ အဆင်ပြေမလာဆိုတာကိုလည်း ထင်ရှားနေသဖြင့် သူ့ကို ဘယ်သူကမှ ဘာမှမမေးဘဲနေသည်။

'လောင်းလောင်းလောင်းလိုက်ပါ... ရွှဲအောင်လောင်းလိုက်ပါ××× ပက် ×× ပက် ပက်လိုက်ပါ ညီမလေးတွေလည်းပါ××× နှောင်နှစ်ခါလည်း ဒီနှစ်လိုပဲ ဆုံ×××'

သူ ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။

'ကိုဇင်... ဘယ်လိုဖြစ်လာရပြန်တာလဲကွာ'

'ငါ့မှာ အခု စကားပြောဖို့ အားမရှိသေးဘူး၊ ပြောရမှာက ရှည်တယ် ပြီးတော့မှ ပြောပြမယ်'

'ကိုဇင်... မနက်ဖြန်တစ်ရက်ပဲ ကျန်တော့တာနော်၊ မနက်ဖြန် သင်္ကြန် နောက်ဆုံး အတက်နေ့'

ကွပ်ပျစ်ပေါ်သို့ သူ အရုပ်ကြိုးပြတ် လှဲချလိုက်ပြီး မျက်ဝန်းများကို မှိတ်ထားလိုက်သည်။ မှိတ်ထားသော မျက်ဝန်းတွေထဲမှာ အကြီးစိုးဆုံးမှာ မေပင် ဖြစ်လေသည်။

●



# အတက်နေ့

www.burmeseclassic.com

www.burmeseclassic.com



တန်ခူးလေသည် သူသာ ကြီးစိုးကြောင်းကို ပြရန်အတွက် သူ့ တစ်ကိုယ်လုံးမှ ဟုန်းဟုန်းတောက်နေသော အရှိန်အဟုန်ကို ကမ္ဘာမြေကြီးပေါ်ရှိ သက်ရှိ သက်မဲ့တို့အပေါ် လွှမ်းခြုံ၍ထားသည်။

ပန်းပွင့်ကလေးများသည် သူတို့ညှာတံနှင့် ပန်းပင်ကြီးကို မခွဲရစတမ်း အတင်းတွယ် တွယ်ကပ်ထားရသည့်အတွက် ပင်ပန်း၍ နွမ်းနယ်လျက်ရှိကြကုန်၏။ ကောင်းကင်တွင်လည်း ရှင်းလင်းနေပြီး ငှက်ကလေး တစ်ကောင် နှစ်ကောင်တောင်မှ ပျံသန်းခြင်းမရှိ၊ ကောင်းကင်ကြီးသည် အပြာရောင် သက်သက် အထီးကျန်လျက်ရှိသည်။

ပိတောက်ပန်းတွေ တစ်ပွေ့ကြီးနှင့် ကောင်မလေးတစ်ယောက် ဖြတ်လျှောက်သွားသည်။ ဝယ်လာသည့်ပုံစံ မရှိ၊ သူတို့အမျိုးအဆွေ အိမ်တစ်အိမ်အိမ်မှ တောင်းလာဟန်ရှိသည်။ အသံသေး အသံညှောင်မျိုးစုံနှင့် အော်ဟစ်သွားကြသော ရေပက်ခံဂျစ်ကားတစ်စင်း ဆူညံစွာ ဖြတ်သန်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေတွေနှင့် ထိုကားပေါ်ကလူတွေ ထိတွေ့ကြတော့ ရေတွေဖွေးနေအောင် လွင့်စင်ထွက်သွားကြသည်။

ကျော်ဇင်ကတော့ နွေလေနွေမှ ကော့ကော့ကလေး ခုန်ထခွင့်ရသော လမ်းဘေးသစ်ပင်လေး တစ်ပင်လို အထီးကျန်၍ နေသည်။ 'ချစ်ခြင်း' သည် သူ့ကို တန်ခူး၏ နေရောင်အောက်က နှစ်သစ်ဦးရေနှင့် ရွှင်မြူးခွင့်ကို စုတ်ဖြဲပစ်ခဲ့သည်။ ပြီးတော့ တန်ခူးလေရူးနှင့်အတူ ပွင့်နေသော ဘောင်းဘီရေစို ချစ်သက်ပိုတို့အားလည်း နှစ်ဆန်းဆုတောင်းရေဖျန်းခွင့်ကို အခွင့်အရေးမဲ့စေသည်။ 'အချစ်' သည် ညိုဖြူညက်သော၊ သောက ကင်းကင်းရင်တွင်းပျော်ရွှင် ဒေါ်ရွှေမော်ဒယ် တင်ပါးတို့နှင့် ယည်ပါးခွင့်ကို ခြိမ်းခြောက်ထားသည်။ 'အချစ်' သည် သူ့ကိုသာမဟုတ် သူ့အဖော်များကိုပါ ပျော်ရွှင်မှုများနှင့် ကင်းဝေးစေသည်။ သူ 'အချစ်' ဆိုတာကို ပြန်မုန်းချင်လာ၏။ ထိုသို့စဉ်းစားလိုက်တိုင်း မေ့မျက်နှာကို ပြန်ပြန်မြင်ပြီး အမုန်းသည် အချစ်နားသို့ မရောက်ခင် ခပ်ဝေးဝေးမှာပင် ကိလေသာမုန်တိုင်း၏ ဖြိုဖျက်ခြင်းကို ခံရစမြဲဖြစ်၏။

'အခု... ဘော်တကာ... လော်တကုတ်ရမှာလဲ'

'ကိုကိုမောင်... မင်းကို ငါ ရိုးရိုးစကားနဲ့ပဲ ပြောဖို့ ပြောထားတာ ဘယ်နှခါရှိပြီလဲ'

'မရော်တကေ ထားမိပါဘူး'

'ဟွန်း... မိဘက နာမည်ပေးထားတာတော့ ကိုကိုမောင်တဲ့ တစ်ခုမှ မ,မပါပါဘူး စုံတွေချည်းပဲ၊ လူကျတော့ မပြောလိုက်ချင်ဘူး'

'မပျော်တကောနဲ့ပေါ့၊ ကဲ... ဘောတကာ လောတကုတ်ရမှာလဲလို့ မေးနေတယ်နော်၊ မိန်းမသားတစ်ယောက်တည်းကို ခေါ်တကော်ပြီး မဟုတ်





က ဟုတ်ကတော့ လော်တကုတ်မယ်မကြဲနဲ့ အသော်တကကန်နဲ့ လော်တကဲ သွားမယ်'

'နှင့်ဘာသာ အသက်နဲ့ပဲလဲလဲ ဖက်နဲ့ပဲကျဲကျဲ နင့်ကို အလုပ်ပေါ် တကေးမှာက ဟယ် ငါတောင်မှ သူ့သောက်ကျင့်တွေ ပါကုန်ပြီ၊ ဒီမှာ ကိုကိုမောင်'

'ဟာ... အဲဒီနာမည်မဟုတ်ဘူး၊ နင်းသဘ္ဘာဖြိုးအိန္ဒယ်ပါဆိုနေမှ။ နင်းလို့ ပဲခေါ်ခေါ်၊ သဘ္ဘာလည်းရတယ်၊ အိန္ဒယ်လို့ ခေါ်တကော်ရင်လည်း ရော်တကော်တယ်'

'ကဲ... ကျော်ဇင် ဒီကိစ္စကို မင်း လောတကုတ်မှာလား၊ ဟယ်... ဒုက္ခပါပဲ ကြာရင် သူကကောင်းသွားပြီး ငါတို့က ပြဿနာ တော်ရကက် ကုန်တော့မှာပဲ'

ဒီအစီအစဉ်ကိုချသူက အေးလွင်ဖြစ်သည်။

အိမ်ကို ညဘက်ပြန်ရောက်သည်နှင့် ခုတင်ပေါ်တွင် အဆန့်သားကြီး ဖြစ်နေသော သူ့ကို မိခင်ဖြစ်သူ ဒေါ်မြသင်က သကြ်န်အတွင်းတွင် ထွက်မလည်ဘဲ လူမှုရေးအလုပ်တွေ (မဏ္ဍပ်အလုပ်တွေ) လုပ်ကာ ပင်ပန်းနေသည်ဟု ထင်နေသည်။ သူ အိပ်ရာထဲမှာ လှဲနေတုန်း မေမေ ရောက်လာသည်။

'အင်း... ငါ့သားလေး ပင်ပန်းနေပြီထင်တယ်... ဟုတ်လား'

'ဟာ... မပင်ပန်းပါဘူး မေမေ ခဏနားတာပါ'

'သားရယ်၊ သားလည်း လူငယ်ပဲ ဒီအလုပ်တွေကို ရပ်ကွက်လူကြီးတွေနဲ့ ခဏလွှဲထားပြီး ကိုစိုးဝင်းတို့ကားနဲ့ တစ်ရက်လောက် လည်ချင်လည်လေ သားရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သား ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ လူကြီးတွေနဲ့လည်း လွဲလို့မရဘူး မေမေရဲ့၊ သား ဒီအလုပ်ကိုလုပ်တာ လူငယ်တွေချည်းပဲ စုလုပ်ကြတာ။ သား ဒီလိုလုပ်ရတာကို ပျော်ပါတယ်၊ အတွေ့အကြုံလည်း ရတာပေါ့'

'သာဓုပါတော်... သာဓုပါ'

ထိုစဉ်မှာပင် ကျော်ဇင့်ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။ ထိုအကြံမှာ သင်္ကြန်အတွင်း ရေပက်ခွင့်မရသော လူတွေရှိသည်။ ဘာတွေလည်းဆိုတာ သူ ကောင်းကောင်းမမှတ်မိတော့။ ဒီတော့ မေမေ့ကိုမေးဖို့လိုလာသဖြင့် လေ့ကားမှဆင်းကာစ မေမေ့ကို အတင်းပြန်ခေါ်ရသည်။

'ဘာလဲ... သားရဲ့'

'မေမေ... သင်္ကြန်အတွင်းမှာ ရေမပက်ရတဲ့လူတွေ ရှိတယ်မဟုတ်လား'

'ရှိတာပေါ့သားရဲ့ ဘာဖြစ်လို့လဲ'

'အာ... သားတို့မဏ္ဍပ်က ကောင်မလေးတွေက လူလာတာနဲ့ ရေပက်တာ၊ ပက်ရတဲ့လူမှန်းမသိ မပက်ရတဲ့လူမှန်းမသိနဲ့ တော်ကြာ အကုသိုလ်တွေ ရကုန်မှာစိုးလို့ မေမေ'

'ဩော်... သားတို့က ဒီလူတွေကို မသိဘူးလား၊ သင်္ကြန်ကဖြင့် မနက်ဖြန်တစ်ရက်ပဲ ကျန်တော့တာကို။ ရဟန်းရှင်သူမြတ်တွေရယ်၊ ဥပုသ်သီတင်း တည်ဆောက်ထားတဲ့ ယောဂီတွေရယ်၊ သင်္ကြန်ရက်အတွင်းမှာ တာဝန်ကျတဲ့ အစိုးရဝန်ထမ်းတွေရယ်၊ ကိုယ်ဝန်ရင့်မာနေတဲ့ အမျိုးသမီးတွေရယ်ကို မပက်ရဘူးသား၊ ဒါ မေမေတို့မတိုင်ခင် ဟိုးပဝေသဏီကတည်းက ထားခဲ့ကြတဲ့ စည်းကမ်းပဲ၊ သူတို့ကို ပြောပြထားပေါ့၊ ကိုယ်ဝန်ဆောင်ကို ရေပက်မိရင် ဆန်၊ ရေ၊ စပါး ရှားပါးတတ်တယ်တဲ့'

'ဟုတ်ကဲ့... မေမေ'





ထိုကိစ္စတွေကို သူက ပြန်ပြောပြတော့ အေးဆွေက အကြံတစ်ခုပေးသည်။ ထိုရေမပက်ရသည့် အမျိုးအစားလေးမျိုးထဲက ကိုယ်ဝန်သည်ကို ရွေးသည်။

'ကိုယ်ဝန်သည်က လုပ်ပါ့မလားကွ၊ သူတို့အိမ်ကရော ခွင့်ပြုမှာလား၊ ဘာလဲ မင်းအမျိုးတွေထဲမှာ ကိုယ်ဝန်သည် ရှိလို့လား'

'အဲဒါကြောင့် မင်းကို တုံးတယ်လို့ပြောရင်လည်း မကြိုက်ဘူး၊ တကယ့်ကိုယ်ဝန်သည်က လိုက်မလားကွ၊ သွားပြောတာနဲ့တောင် ရုံးခန်းမရောက်ရင်ကံကောင်း၊ အတုလုပ်ရမှာပေါ့ကွ၊ ငါ့ညီနေတဲ့ တောင်ဥက္ကလာက ရှုတင်ပစ္စည်းတွေငှားတဲ့ ဦးမြညွန့်ဆိုတာ ရှိတယ်၊ ဂျပန်ခေတ်က စစ်သားအင်္ကျီတို့၊ သေနတ်အတုတို့၊ ဆံပင်အတုတို့၊ ဗိုက်ဖုံးအင်္ကျီအတုတို့ငှားတယ်၊ ပြီးတော့ အဲဒီ ဦးမြညွန့်က သူကိုယ်တိုင် ဝင် ဝင် သရုပ်ဆောင်တတ်တော့ အခြောက်တွေ ဘာတွေနဲ့လည်း သိတယ်၊ အခြောက်တစ်ယောက်ငှား ဗိုက်ကြီးသည်လုပ်ခိုင်း၊ မင်းက မေသန္တာစင်တို့ အိမ်ရှေ့ရောက်ရင် ဆင်းနေခဲ့ကွဲ... ဘာခက်လို့လဲ'

ဒီလိုနှင့်ပင် အေးဆွေက အခြောက်မလေးတစ်ယောက်ကိုခေါ်ပြီး အခုဗိုက်အတုအင်္ကျီအတွက် ဆိုက်ကားဖြင့် တောင်ဥက္ကလာဘက်သို့ သွားငှားနေခြင်းဖြစ်သည်။

'အေးဆွေ ပြန်လာပြီ...'

သူတို့အားလုံးလှမ်းကြည့်တော့ အေးဆွေက လက်မကို ထောင်ပြသည်။

အေးဆွေက မဏ္ဍပ်ထဲရောက်တော့ အခြောက်မလေးကို ဟောက်သည်။

'မိတ်ကပ်လိမ်းထားပါဆို ဘာဖြစ်လို့ မလိမ်းထားတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘော်တကာလော်တကုတ်ရမှန်းမှ မသိတာ၊ နင်တို့က ဒီအတိုင်း တစ်ယောက်တည်းထားခဲ့ပြီးတော့ ကိုဆွေ သိပ်ရက်စက်တယ်'

'ကဲ... ကဲ အဲဒါတွေ ပြောမနေနဲ့တော့ သွားပြင်... ဆိုက်ကားဆရာကြီး ခဏစောင့်ရင်းနဲ့ မုန့်လုံးရေပေါ် လာစားဗျာ... ဟော့ကောင် ကျော်ဇင် မင်း ဘာဖြစ်နေတာလဲ'

'ငါရှက်နေတယ်ကွာ... အဲဒီလိုကြီး မလုပ်ချင်ဘူးဖြစ်နေတယ်၊ မေ သိသွားရင် ငါ တစ်သက်လုံး ရှက်ဆုံးတော့မှာ မဟုတ်ဘူး'

'မလုပ်ချင်ရင်လည်းနေလေ၊ မေကတော့ ဒါဟာ မင်း ဉာဏ်နီဉာဏ်နက်နဲ့ ကြိုးစားမှုတစ်ခုလို့ မြင်ရုံကလွဲပြီး တခြားထင်စရာမရှိပါဘူး၊ မလုပ်ချင်ရင် ငါ အခုပြန်ပို့လိုက်မယ် အချိန်က ဒီနေ့တစ်ရက်ပဲ ရှိတော့တာ'

'အာ... အဲဒီလိုတော့ မလုပ်ပါနဲ့၊ ဒီနေ့ဟာ နောက်ဆုံးနေ့ဆိုတာ တကယ်ဟုတ်တယ်ကွာ၊ ငါ့ရင်ထဲမှာ အကြွတ်နေ့တုန်းကလိုပဲ ကြပ်နေတယ်၊ လုပ်မယ်ကွာ... မေက မင်းပြောသလို ထင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ'

အခြောက်လေးက မိတ်ကပ်တွေဘာတွေလိမ်းလိုက်တော့ တကယ့်မိန်းကလေးနှင့် တူသွားသည်။ ဆံပင်အတုစွပ်ပြီး ဗိုက်ဖုံးအင်္ကျီနှင့် ဗိုက်အတု တပ်လိုက်ပြီးမှ ထွက်လာတော့ ကျော်ဇင်ကိုယ်တိုင်ပင် အံ့သြယူရသည်။

'အမလေး... အဲဒီလောက် မကျော်တကိပါနဲ့ တို့ရှက်လိုက်တာ'

သောက်ကျိုးနဲ့ သူကပဲ ရှက်ရတယ်လို့ဟု ကျော်ဇင် တွေးမိပြီး ထိုယောကျ်ားမဟုတ် မိန်းမ မဟုတ်ကြီးနှင့် အတူတွဲပြီး ဆိုက်ကားစီးရမှာကို ရှက်နေမိသည်။ သူတို့ အစီအစဉ်ကို မှန်ပြောင်းနှင့်ကြည့်ပြီး မေတို့ ကြိုသိသွားမှာစိုး၍ ၁ လမ်းထိပ်က မဏ္ဍပ်တွင်မလုပ်ဘဲ လင်းဇော်တို့ အိမ်ထဲ





မှာ လုပ်ကြခြင်းဖြစ်၏။ နောက်ဆုံးနေ့၏ နောက်ဆုံးအားကို အကောင်းဆုံး ပြင်ဆင်၍ထားသည်။

ကိုကိုမောင်ဆိုသည့် အခြောက်မလေးကို ဆိုက်ကားအရှေ့ကတင်၊ သူက နောက်ကနေ သိုင်းဖက်ပြီးလိုက်ရမှာဖြစ်ပြီး အခြောက်မလေးက ဗိုက်နာပုံဟန်ဆောင်ရမည် ဖြစ်သည်။

'အမလေး အိန္ဒယ်တို့က ဒီလို အိုင်တင်လုပ်ရမယ့်နေ့ကို စောင့်နေတာ၊ ကိုမီးပွားကားမှာတုန်းက အခုလို scene မျိုးပဲ တစ်ခါပါဖူးတာလေ၊ ကိုပွား သဘောကျလွန်းလို့ အိန္ဒယ်ရဲ့ ပခုံးကို ပုတ်လိုက်တာ အကြိမ်တစ်သန်း လောက်ရှိမယ်'

'ဟယ်... စကားအပိုတွေ ပြောမနေနဲ့ ဆိုက်ကားပေါ် တက်မှာတက်၊ ဆိုက်ကားဆရာကြီးက ဆိုက်ကားကို မနင်းနဲ့နော် တွန်းပဲတွန်းသွားမယ်'

'ဟုတ်ကဲ့ ခင်ဗျ၊ ရပါတယ်'

'လူမမာက ဆိုက်ကားနင်းတဲ့ဒဏ်ကိုတောင် မခံနိုင်ဘူးပေါ့ဗျာ၊ သဘာဝကျအောင်ပေါ့၊ ဟော့ကောင် ဖက်တော့လေကွာ၊ မုန့်ချိုင့်ရော အဲဒါမေ့နေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ အောင်ဘ မင်းက ဘယ်ဘက်ကလိုက် ကလေးတွေကို ကိုယ်ဝန်သည်မို့ ရေမပက်ဖို့ပြော၊ လင်းဇော်ကလည်း ရေမပက်ဖို့တောင်းပန် ငါက ရှေ့က လမ်းရှင်းပေးမယ်... ကဲ စတော့'

အေးဆွေက စတော့ဆိုသဖြင့် အခြောက်မလေးက သူဖက်ထားသော လက်ကို ဆုပ်ကိုင်၍ အော်တော့သည်။ လမ်းပေါ်မှာ နောက်ဆုံးနေ့ဆိုသည့် အသိကြောင့် ရေပက်အားက သိသိသာသာကြီးကို ကောင်းနေသည်။

'အမလေး နာလှချည်ရဲ့၊ မောင်ရယ် ကယ်ပါဦး အမလေးမောင်ရဲ့ နာတယ်... နာတယ်... ဖြည်းဖြည်း... ဖြည်းဖြည်းလုပ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရေမပက်ကြပါနဲ့ဗျာ... မွေးလူနာကို ဆေးခန်းပို့မလို့ပါ၊ ရေမပက်ကြပါနဲ့ ခင်ဗျာ'

'အမလေး... အမေရေ... လုပ်ပါဦး ကယ်ပါဦး မေမေရဲ့ အား နာလှချည်ရဲ့ မောင်... မောင်မရှိဘူးလား... အား... နာတယ်... နာတယ်'

'နင့်ယောက်ျား ဆေးရုံမှာ ခုတင်နံပါတ်သွားယူတယ်၊ နည်းနည်းတော့ နာမှာပေါ့ စွတ်အော်မနေနဲ့...'

အခြောက်မကလေးက သဏ္ဍာန်တူအောင် ကော့ပြန်လန်ပြနေသဖြင့် သူ မနည်းကြီး ထိန်း၍ပေးထားရသည်။ သူ ရှက်လွန်း၍ မျက်နှာကို မပြဘဲ ခေါင်းကို ငုံ့ထားမိ၏။

ဒီလိုနှင့်ပင် သူတို့ ၂ လမ်းကိုလည်း သူတို့ အဆင်ပြေစွာ ကျော်ဖြတ်လာခဲ့သည်။

■





'ဟော့ကောင် မေ... မင်းတော့ခံရပြီ၊ ကိုယ်ဝန်သည်နဲ့လာနေတာ တွေ့လား'

'အေး... ကိုယ်ဝန်သည်က အစစ်မဟုတ်ဘူး ထင်တယ်ကွ'

'ဘာပဲဖြစ်ဖြစ်လေ နောက်ဆုံးနေ့မှာ သူ ရေမစိုအောင် ကြိုးစားတာပဲ၊ မင်း သူ့ရေမစိုရင် လက်ခံရမှာပေါ့၊ အစစ်ဆိုရင်တော့ သူ မင်းဆီဝင်မှာ မဟုတ်ဘူးမေ'

'ဟုတ်ကဲ့ပါ... ဟုတ်ကဲ့ပါ၊ ကျုပ်ကတော့ ကျုပ်ဘက်ကများ ပါမလားဆိုပြီး ခေါ်မိတာ၊ အခုတော့ သူက ဟိုဘက်ကချည်းပဲ မပြောချင်တော့ဘူး... ဟုတ်တယ်'

'နေ့းက တစ်နေ့တစ်နေ့ သူ ဘာတွေကြံဖန်ပြီး လုပ်လာဦးမလဲဆိုတာကို သိချင်လို့ပါကွာ... မင်းလည်း သူ ဘယ်လိုလုပ်မလဲဆိုတာကို စိတ်ကူးတော့ ကြည့်မိတယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ ကြည့်မိတာပေါ့၊ နွေးလိုပဲပေါ့'

'အမလေး မတူပါဘူးနော်၊ နွေးက ရယ်ချင် ပျော်ချင်စိတ်နဲ့ စိတ်ကူးတာ၊ မေက ရင်ခုန်သံနဲ့ စိတ်ကူးတာပါ၊ မတူပါဘူး'

'ဟာ… ဟော့ကောင် ၃ လမ်းထိပ်ကိုလည်း အောင်မြင်သွားပြီကွ'

၃ လမ်းထိပ်ကို ကျော်လာတော့ ကျော်ဇင် သူ့လက်ထဲက မုန့်လုံးရေပေါ်ချိုင့်ကို တင်းတင်းဆုပ်ကိုင်ထားရင်း ဗိုက်ကြီးသည်နှင့်တူအောင် ကော့ပုံလန်ပြီး လုပ်ပြနေသော အခြောက်မလေးကိုလည်း ထိမ်းထားရသေးသည်။ 'ကိုဇင် ရောက်တော့မယ်နော်' ဟု သတိလာပေးသော အေးဆွေကို ခေါင်းတစ်ချက်ညိတ်ပြရင်း ရင်တွေခုန်လာသည်။

ထိုအချိန်တွင် သူတို့နှင့် ဆန့်ကျင်ဘက်မှ တော်တော်ကြီးကို မူးနေပာန်တူသော အသက် ၅၀ ခန့်ရှိ လူကြီးတစ်ဦးက ကြွက်သေကို အမြီးမှကိုင်ပြီး လိုက်တို့နေရာ မျက်စေ့စုံမှိတ်၍အော်နေသော ဒေါ်ရွှေအခြောက်က မျက်လုံးကိုဖွင့်အကြည့် ကြွက်က သူ့မျက်နှာတည့်တည့်မှာ ရောက်နေသည်ကိုသာ နောက်ဆုံး သေသေချာချာ အသိအနေနှင့် သူသိလိုက်…

'အမလေး ကြွက်တော့… ကြွက်… ကယ်ကြပါဦးရှင်… ကြွက်ကြီးတော့'

'တောက်… ဟော့လူ သွားစမ်း… သွားလို့ပြောနေတာ မရဘူးလား'

'ဟ… ဟ… လုပ်ကြပါဦး ဒီမှာ တက်ကုန်ပြီ'

'ဟယ်… ဗိုက်ကြီးသည်မဟုတ်ဘူးဟေ့၊ ဗိုက်ကအတုကြီးကွ၊ ရေနဲ့ပက်'

'ဟဲ့… ခြေမကိုချိုးကြပါလားဟဲ့… ခြေမကိုချိုး'

ဆိုက်ကားမှောက်ပြီးနောက် သူ့အသိဉာဏ်တွေ ဘယ်ကိုရောက်ကုန်





ပြီးဆိုတာကို သူမသိတော့၊ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။ အခြောက်မကလေးသည် ခြေတွေလက်တွေ ကွေးတွန့်၍ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး ပါးစပ်မှလည်း အမြှုပ်တစီစီထွက်၍ မျက်ဖြူလန်နေသည်မှာ တစ်ကယ့်ကို ကြောက်စရာကြီးကို ဖြစ်နေသည်။ အနီးနားဝန်းကျင်မှ အတွေ့အကြုံရှိသူ မိန်းမကြီးများကပါ ဝင်ရောက်ကုသပေးသဖြင့် သုံးလေးမိနစ်ခန့်တက်ပြီးမှ မောပြီး ငြိမ်ကျသွားသည်။ အေးဆွေကို အောင်ဘနှင့် လင်းဇော်တို့က ဝိုင်းကောနေကြ၏။

'ငါလည်း သူတက်တတ်မှန်း ကြွက်ကြောက်တတ်မှန်း ဘယ်သိမလဲကွာ၊ ရှိတဲ့လူကို ခေါ်လာရတာ၊ တောက်… အောင်မြင်ခါနီးမှကွာ'

သူ့တစ်ကိုယ်လုံးလည်း စိုရွှဲကုန်ပြီ၊ ဘယ်သူတွေ ဘယ်အချိန်က ပက်လိုက်ကြမှန်းပင် မသိ။ သူရှုံးသွားပြီဆိုသည့် အသိစိတ်ကလေးနှင့် မေတို့ရှိရာတံခါးကလေးကို လှမ်းကြည့်တော့ မေ့ကိုရော နွေးနှင့် ပရိမိုးရှင်းလုပ်သည့် ကောင်မလေးတွေရော သူ့ကို ဝိုင်းငေးနေကြသည်ကို တွေ့လိုက်ရသည့်အချိန်တွင် သူ့နှလုံးသားသည် 'ဖောက်' ခနဲ ပေါက်ကွဲသွားသည်။ ထိုပေါက်ကွဲသံသည် သူ့နှလုံးသား၏ ပထမဦးဆုံး အပြောင်းအလဲပင်ဖြစ်သည်။

သူသည် ဘာဆုံးဖြတ်ချက်နှင့်မှ မဟုတ်ဘဲ တည်ငြိမ်သော နှလုံးသားနှင့်ပင် မေရှိရာသို့ ရဲရဲကြီးလျှောက်လာမိခဲ့သည်။ မေကလည်း အိမ်ထဲဝင်ပြေးတာ ဘာညာ မရှိပါ။ မေက သူ့ကို စိုက်ကြည့်နေသည်။ သူကလည်း မေ့ကို စိုက်ကြည့်ထား၏။

သူတို့ မျက်ဝန်းနှစ်စုံသည် မျက်လွှာမချကြေး ပြိုင်နေကြသလိုလို တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်၍ နေကြသည်။ မေ့နားသို့ သူရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မှ သူကအရင် မျက်ဝန်းကို ချပစ်လိုက်သည်။

'မေ... ကျွန်တော့်အရှုံးကို ကျွန်တော် ကျေကျေနပ်နပ်ပဲ လက်ခံပါတယ်၊ မုန့်လုံးရေပေါ်ကိုတော့ ယူထားလိုက်ပါ'

'မေ... မယူဘူး ကိုဇင်...'

'ကျွန်တော် ရှုံးသွားပေမယ့် ကျွန်တော့်ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့တော့ ယူထားလိုက်ပါမေရယ်'

'ကိုဇင့် ကြိုးစားမှုကို အသိအမှတ်လည်းပြုတယ်၊ ဒုက္ခရောက်တာတွေ တွေ့တော့ စိတ်မကောင်းလည်း ဖြစ်မိတယ်၊ အဲဒါကြောင့် ဒီမုန့်လုံးရေပေါ်ကို မစားရက်တာပါ ကိုဇင်'

သူ မျက်လွှာကိုချပြီး ခေါင်းကို ငုံ့ထားမိသည်။

မေလည်း မျက်လွှာကိုချကာ ခေါင်းကိုငုံ့ထားရင်း ကိုယ့်အတတ်နှင့်ကိုယ် ဒုက္ခရောက်နေသော အဖြစ်ကို ဝမ်းနည်းသွားသည်။ နောက်တစ်ခါဆို ထိုအပေးအယူကိစ္စကို မလုပ်တော့ဟု လုံးဝဆုံးဖြတ်လိုက်သည်။

'ကျွန်တော့်ဆုံးရှုံးမှုကို လက်ခံတဲ့အနေနဲ့ ဒီ မုန့်လုံးရေပေါ်ကိုတော့ စားပေးပါ၊ မမေသန့်စင်ရယ်...'

'ကိုဇင် မရှုံးသေးပါဘူး၊ အခု အတက်နေ့ မနက်ပိုင်းပဲရှိသေးတာ၊ အတက်နေ့ ညနေပိုင်းအထိ ကိုဇင့်ကို ကြိုးစားခွင့်ပေးတယ်၊ မင်းတို့ရော သဘောတူလား'

'တူတယ်... တူတယ်ဟေ့... နွေးရော Listတွေပါ သဘောတူတယ်'

နွေးတို့ပါဝင်ပြီး အော်ဟစ်ကြ၏။ မေပြုံး၍နေသည်။ တကယ်တော့ မေကိုယ်တိုင်လည်း ကိုဇင့်အပေါ် သံယောဇဉ်ရှိနေပြီဆိုတာကို သိရှိဝန်ခံရတော့မည်ဖြစ်သည်။





'မေ... တစ်ကယ်ပြောတာနော်'

'ဒီလိုကိစ္စမျိုးက လိမ်လို့ရတာမျိုးမှ မဟုတ်တာ'

'ဝမ်းသာလိုက်တာ မေရယ်'

'အေး... ဝမ်းသာရင် နောက်မှဝမ်းသာ၊ အတက်နေ့မှာ တကယ်တက်သွားတဲ့ပုဂ္ဂိုလ်ကို ဆေးခန်းပို့ရဦးမယ်၊ မင်းမှာပိုက်ဆံပါရင် ပါသလောက်ပေး၊ ပြီးရင် မဏ္ဍပ်ကိုပြန်ပြီး သွားထိန်းထားလိုက်ဦး'

'အေးလွင်... မေက ညနေ ငါ့ကို ထပ်ကြိုးစားခွင့်ပေးတယ်တဲ့'

'ဩော်... ဟုတ်လား ကောင်းတာပေါ့၊ နောက်ဆုံးအကြိမ် တစ်ယောက်ယောက်တော့ ဒုက္ခရောက်ရဦးမှာပေါ့'

အေးလွင်က ကိုဇင်လှမ်းပေးသော ငွေတွေကို ယူပြီး ပြောပြောဆိုဆို ထွက်သွားသည်။

'စိတ်မဆိုးပါနဲ့ မေရယ်၊ သူတို့ ကျွန်တော့်ကြောင့် တကယ်ဒုက္ခရောက်နေကြတာပါ'

'မေ နားလည်ပါတယ်၊ သူတို့ပြောတာ မှန်ပါတယ်'

'မေက အခွင့်အရေးပေးပေမယ့် ကျွန်တော့်ကို ကူညီမယ့်သူက တော်တော့်ကို ရှားသွားပြီ မေ...'

'အို... ကိုဇင်ကလည်း ကြိုးစားစမ်းပါ၊ နေ့လည် ၂ နာရီကနေ ညနေ ရေပက်သိမ်းချိန်အထိ ကိုဇင့်ကို ကြိုးစားခွင့်ပေးမယ်၊ သဘောတူတယ် မဟုတ်လား မေ'

နွေး၏ အမေးကို မေက အပြုံးဖြင့် ခေါင်းကိုညိတ်ပြသည်။

'ကျွန်မတို့ Listတွေကလည်း သင်္ကြန်နောက်ဆုံးနေ့မှာ မင်္ဂလာရှိတဲ့ မုန့်လုံးရေပေါ်ကိုစားဖို့ စောင့်နေမယ် ကိုဇင်ကြီး ဟုတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းငိုက်စိုက်ချပြီး မဏ္ဍပ်သို့ ပြန်လာသည်။

သူ့ကိုမြင်သည်နှင့် လင်းငယ်က မြန္မာ့သီချင်းကို ပိတ်ပစ်လိုက်ပြီး တီးလုံးချည်းသာပါသောအခွေကို ထည့်သည်။ သူ အဆင်မပြေလာဘူး ဆိုတာကို မဏ္ဍပ်တစ်ခုလုံး သိပြီးနေပုံရသည်။

'၂ လမ်းထိပ် ဒေါ်ပွားတို့ဆိုင်က ညနေကို ဘဲသားဆန်ပြုတ်တိုက်မယ်တဲ့၊ ဦးဇင်… ဆက်ဆက်လာခဲ့ပါတဲ့'

'နင်တို့ပဲ သွားလိုက်ကြပါဟာ'

သူ့ပုံစံကြည့်ပြီး လင်းငယ်လည်း သဘောပေါက်သွားပြီး ဆက်မပြောတော့ဘဲ ရေပြန်ပက်နေသည်။

မေက တစ်ညနေခင်း အိပ်စတန်းရှင်းလုပ်ပေးတာတော့ ဟုတ်ပါသည်။ သို့သော် သူ့ကို ဘယ်သူက ကူညီမှာလဲ၊ ဘယ်သူကရော ယုံကြည်ဦးမှာလဲ၊ ကဲ… သူတို့မပါဘဲ ငါတစ်ယောက်တည်းနဲ့ရော ဘာလုပ်နိုင်မလဲ၊ သူ့ခေါင်းထဲမှာ အတွေးတွေ ပွစိတက်ပြီ အရင်လိုနေသောစိတ်မှာ ဘယ်အတွေးပေါ်တွင်မှ အငြိမ်နေသည် မရှိတော့ချေ။

မေနှင့် သူ မျက်ဝန်းချင်းဆုံကြသည့် ခဏတာတွင် မေ သူ့ကို ချစ်နေသည်ဆိုတာကို သူသိပါသည်။ ဒီ မျက်ဝန်းတွေ၊ အပြုံးတွေကို သူ ဆုံးရှုံးလိုက်ရတော့မှာတဲ့လား၊ ငါ အကောင်းဆုံးဖြစ်အောင် ဘာလုပ်ရရင် ကောင်းမလဲ။

တွေးရင်း တွေးရင်းနှင့် စိတ်ထောင်း၍ ကိုယ်ကြေနေသော ကိုဇင်မှာ နွေနေ့လည် အိပ်စက်ခြင်းထဲသို့ ကျွံကျသွားလေသည်။

စူးရှသော အော်ဂင်သံကြောင့် သူ အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ သူ အထိတ်တလန့် ပြင်ပအခြေအနေကို ကြည့်တော့ ရေပက်ကောင်းကြတုန်း





ပင် ဖြစ်သည်။ နာရီကိုငုံ့ကြည့်တော့ လေးနာရီ ဆယ့်တစ်မိနစ်။ သူ လန့်ပြီးနိုးလာသည့်အသံက ဖိုးဝရုပ်ကို လှူဝင်ပြီးကနေသည့် အလှူခံအဖွဲ့မှ အော်ဂင်သံဖြစ်၏။ ထိုဖိုးဝရုပ်က သူတို့မဏ္ဍပ်တွင် ကပြပြီး အလှူခံနေခြင်းဖြစ်သည်။ ဖိုးဝရုပ်သည် မြန္မာ့သီချင်းနှင့် လိုက်ဖက်အောင် ကနေသည်။

'ဆေးရုံတင်ခဲ့ရတယ်၊ ဆရာဝန်က စိတ်ငြိမ်ဆေးထိုးပေးထားတယ်။ မနက်ဖြန်ဆို ဆင်းရမှာပါ။ အောင်ဘနဲ့ အေးဆွေတို့ အဲဒီ အခြောက်မလေးအိမ်ကို ၁၂၁ားအကြောင်းကြားနေတယ်။ ငါလည်း နှစ်ဆန်းတစ်ရက်နေ့အတွက် အိမ်မှာ ဆေးစရာ ကြောစရာ၊ ရွှေ့စရာတွေရှိလို့ မအားဘူး။ ၆ နာရီကျရင် မင်းပဲ ဒီမဏ္ဍပ်ကို ဦးစီးပြီး ဖျက်လိုက်ပေတော့'

လင်းဇော်လည်း မေက ညနေခင်း ထပ်တိုးပေးတာကို သိဟန်တူသည်။ ထို့ကြောင့် ရှောင်ပြီး ထွက်သွားခြင်းဖြစ်၏။ သူ ဘာမှမပြောတော့ပါ။ ဘယ်သူ့အကူအညီကိုမှလည်း ယူချင်စိတ်မရှိတော့ပါ။ နောက်ဆုံးနေ့ဟူသည့် အသိနှင့် သဲသဲမဲမဲပက်သူကပက်၊ ရဲရဲရင့်ရင့် အပက်ခံသူကခံနှင့် အတက်နေ့ ညနေခင်းသည် မျက်စေ့ကျရာမလွဲ ပျော်ပွဲကြီးကိုဖြစ်နေသည်။

ဖိုးဝရုပ်ပြီးသွားတော့ တိုးနယားရုပ်နှင့် အကအဖွဲ့က ဝင်လာပြန်သည်။ တိုးနယားက သူတို့မဏ္ဍပ်ကလေးကို သုံးကြိမ်ဦးတိုက်၍ ကကွက်ကိုဖော်ကာ မြေမှာလူးလိုက်၊ မတ်တတ်ရပ်ပြလိုက်၊ သူ့လျှာကြီးကို တဖတ်ဖတ်လုပ်ပြလိုက်နှင့် ကပြသွားသည်။ လင်းဇော်က အလှူငွေထည့်တော့မှ ပြန်ထွက်သွား၏။

တော်တော်ကြီး စိတ်ညစ်သွားသော သူပင် ရယ်မိပြုံးမိသလို ဖြစ်သွားသည်။ နောက် ဝင်လာသည့်အဖွဲ့က လူဝံနှင့် တောတွင်းသားတို့ အခုတ်အထစ် အရှောင်အတိမ်း ပြကွက်ဖြစ်သည်။ ဒီအဖွဲ့က အော်ဂင်ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပေါ်သီချင်းကို မြိုင်မြိုင်ကြီး တီးနေသည်။ လူဝံက ဂျွမ်းပစ်လိုက် ငွေမှင်တွေသုတ်ထားသော ဓားကြီးကို ရှောင်လိုက်နှင့် ကပြသည်။ ကလေးတွေ တဝုန်းဝုန်းနှင့် ပွဲကျသော တင်ဆက်မှုတစ်ခုဖြစ်သည်။



BURMESE CLASSIC .com



'သူမလာတော့ဘူးထင်တယ် နွေးရယ်...'

'ဘာလဲ မင်းစိတ်ပူနေပြီ မဟုတ်လား မေ...'

'အေး... ကိုယ်ဝန်ခံပါတယ် နွေးရာ...'

'လာမှာပါ မမရဲ့၊ သူက ရေမစိုအောင် ကြံရဖန်ရဦးမှာလေ...'

'နေ့ကလည်း နောက်ဆုံးနေ့ဆိုတော့... လူတွေက အရမ်းကို ပက်နေကြတာ သူ့အတွက် အခွင့်အရေးနည်းတယ်ဟ'

ထိုစဉ်မှာပင် မေတို့အိမ်ရှေ့တံခါးဝမှ ဖိုးဝရုပ်ဝင်လာကာ သကြံန်သီချင်းတစ်ပုဒ်နှင့် ကသည်။ မေတို့လည်း စိတ်ညစ်စရာတွေ ခဏတော့ မေ့ပျောက်၍သွား၏။

'ကျွန်တော်တို့ လေးလမ်းထိပ်က ဆိုက်ကားဂိတ်က အလှူခံအဖွဲ့ပါ၊ အကောက်ခံလို့ရတဲ့ငွေနဲ့ မဲနှိုက်ပြီး ဒုလ္လဘဝတ်ကြမှာပါ၊ အလှူငွေကြိုက်သလောက် ထည့်နိုင်ပါတယ်၊ ကဲ... ဖိုးဝကြီးလို သန္ဓတွေ ပြည့်ဝကြပါစေ'



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဝရုပ်ကြီးက ဘယ်ညာ ၁၀ မိနစ်လောက် လှည့်ပတ်ကပြပြီး မေက တစ်သောင်းအလှူငွေထည့်သည့်အတွက် ကြာကြာကပြခြင်းလည်း ဖြစ်သည်။

'ပျော်စရာကြီးနော် Company က မဏ္ဍပ်တောင် ဒီလောက်ပျော်ရမှာ မဟုတ်ဘူး'

'ပိုက်နဲ့ ရေပက်ရတာကလည်း ခဏတော့ဟုတ်ပါတယ်၊ ကြာတော့ ရိုးလာပြီး မကစားချင်တော့ဘူး'

List အဖွဲ့က ဒီအိမ်မှာနေရတာပျော်ကြောင်း ပြောနေကြခြင်းဖြစ်၏။ ထိုစဉ်မှာပင် တိုးနယားရုပ်က အော်ဂင်သံတစ်ညံညံဖြင့် ခြံထဲသို့ ဝင်လာပြန်သည်။

'ကျွန်တော်တို့ ဈေးရှေ့ကားဂိတ်ဒရိုင်ဘာ စပါယ်ယာ မ.ထ.သ မိသားစုပါ၊ အလှူငွေကလေး အလှူခံတာပါ ခင်ဗျာ'

မေက ထုံးစံအတိုင်း ငွေတစ်သောင်းလှူသည်။ မေ့အလှူဒါနကို လော်နှင့်အော်ကြသည်။ တိုးနယားက မေတို့နောက်ကိုလိုက်သည့်အခါ မေတို့ အသည်းယားပြီး ထွက်ပြေးကြရတာ ပျော်စရာကောင်းသည်။ တစ်ယောက် ကိုယ်ကို တစ်ယောက်ပုန်းရင်း ပြေးရတာ အသည်းလည်းယားသည်။ ရင် လည်း ခုန်လေသည်။ တော်တော်ကပြပြီးမှ တိုးနယားအဖွဲ့ပြန်သွားသည်။ မေတို့အားလုံး မောဲကျန်ခဲ့၏။

'မောလိုက်တာကွာ... သူက လျှာကြီးကို ဗလပ်ဗလပ်လုပ်ပြတော့ ပိုအသည်းယားတာပေါ့'

'သူတို့ အလှူငွေ တော်တော်ရမယ်နော်'

'ရတာပေါ့ သူတို့က ဈေးဆိုင်တို့ ဘာတို့ကို အကုန်ဝင်တာ...'





နွေး၏စကားမဆုံးခင်မှာပင် 'နွေမ' သီချင်းနှင့် လှူဝံဝင်လာပြန်၏။ လှူဝံရှေ့မှ ငွေမှင်သုတ်ထားသော ဓားကြီးကိုကိုင်ပြီး ဆော့ပန်(န်)နှင့် အင်းတွေ နှုတ်ခမ်းမွေးတွေ ဆွဲထားသူက လှူဝံကိုဓားကြီးနဲ့ခုတ် လှူဝံကရှောင်၊ လှူဝံ က ကျွမ်းထိုးနှင့် ပျော်စရာကောင်းသည်။ လှူဝံက မေတို့အဖွဲ့ကိုလိုက်သည်။ ဓားကြီးနှင့် ဇာတ်လိုက်က ဝင်ကာကွယ်ရသည်။

'ကျွန်တော်တို့က ဓမ္မာရုံအဖွဲ့ကပါ၊ နှစ်ဆန်းတစ်ရက်နေ့မှာ ဘဲသား ဆန်ပြုတ်တိုက်ဖို့ အလှူခံတာပါ'

မေက ထုံးစံအတိုင်း တစ်သောင်းလှူသည်။

လှူဝံ ကလိုက်ပြန်၏။ ဇာတ်လိုက်က လိုက်ကာကွယ်ရင်းနှင့် လှူဝံ က မေ့တစ်ယောက်ကို ချောင်ပိတ်ဖမ်းလိုက်သည်။ မေ အသည်းယားလွန်း ၍ အော်နေတုန်းမှာပင် လှူဝံက သူ့အင်္ကျီဇစ်ကို ဆွဲဖွင့်လိုက်သည်။

'ဟင်... ကိုဇင်!.!...'

'ဟောဒီမှာ တစ်ကိုယ်လုံး ရေမစိုဘူး၊ ဟောဒီမှာ မုန့်လုံးရေပေါ်ချိုင့် ကဲ... မေ ဘာပြောချင်သေးလဲ'

'ဟေး... ကိုဇင်ကွ... ကိုဇင်... မေ အဖြေပေးလိုက်၊ အဖြေပေးလိုက်'

မေ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အော်ဂင်သမားက မြနန္ဒာသီချင်း ကို စတီးသည်။ လှူဝံက မေ့လက်ကိုဆွဲကာ ကသည်။ နွေးနှင့် အဖွဲ့က လက်ခုပ်လက်ဝါးတီးပေးရင်း လှူဝံနှင့်အတူ ဝင်ကကြသည်။

ပျော်စရာသည် ကွက်လပ်ကလေးကျန်နေသော နွေးကို ဖြည့်ဖွက် လိုက်သဖြင့် တစ်ကမ္ဘာလုံး ပျော်ရွှင်စရာ ဖြစ်သွားလေသည်။

လှူဝံက မေ့အနားကိုကပ်ပြီး စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်တယ် မေရယ်၊ မေကရော ချစ်ရဲ့လား'

'အင်း... လှုဝံကို ချစ်တာနော်'

နီကိုရဲ



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com